# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ - ၇၈)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ (၆၂)၊ အမှတ် (၁၁၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေး လုပ်ငန်း များကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေနိုင်မည်

နေပြည်တော် အောက်တိုဘာ ၁၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူး ကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာ ကံဇော်၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဦးအောင်နိုင်ဦးနှင့်


စာမျက်နှာ ၃ ကော်လံ ၁ ❖


**ဆန်မှ အခြားစားသောက်ကုန်များစွာကိုလည်း ထုတ်လုပ်၍ရသဖြင့် နည်းပညာရယူ၍ ဆန်နှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက များစွာ အကျိုးဖြစ်ထွန်းနိုင်မည်**


ယနေ့ ဖတ်စရာ

ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာသို့ ပို့ကုန်များ တိုးတက်တင်ပို့လျက်ရှိ
ပြည်တွင်းသတင်း စာ - ၉



ဖန်မီးအိမ် နန်းချည်မကျွမ်းတော့ပြီ
ဆောင်းပါး
စာ - ၁၀

မြစ်ကြီးရေဝတီ၌ သန္ဓေတည်သော ရေဝတီလင်းပိုင် ကာကွယ်စောင့်ရှောက်ရေး



ဇီဝစုံလင် သဘာဝဝန်းကျင် စာ - ၁၆

# ဒေသထွက် ကုန်ကြမ်းများကို ကုန်ချောအဖြစ် ထုတ်လုပ်တင်ပို့

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် "ပြည်ပပို့ကုန်တိုးမြှင့်ရေး" သည် အရေးပါသည့် အချက်တစ်ရပ်ဖြစ်သည်။ စီးပွားရေးမြှင့်တင်ရာတွင် 3Ms ဟု ဆိုကြသည့် ပြည်တွင်းရှိ ရုပ်ဝတ္ထု (Material)၊ ငွေကြေး(Money)၊ လူ (Man) အင်အား အရင်းအမြစ်များကို အထိရောက်ဆုံး အသုံးချနိုင်မည့်နည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သကဲ့သို့ လိုအပ်သည့်အရင်းအနှီးများ စုဆောင်းရရှိနိုင်စေရန် ပြည်ပပို့ကုန်တိုးမြှင့်ရန်လည်း လိုအပ်သည်။ မိမိတို့နိုင်ငံတွင် အစဉ်အလာအားဖြင့် ပြည်တွင်းမှ စိုက်ပျိုးမွေးမြူထုတ်ကုန်ကုန်ကြမ်းများနှင့် သယံဇာတကုန်ကြမ်းများကိုသာ ပို့ကုန်အဖြစ် ပြည်ပသို့တင်ပို့ခဲ့ရာမှ အဆင့်မြင့်ကုန်ချောနှင့် ကုန်ချောတို့အဖြစ် ထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် နိုင်ငံအတွက် အကျိုးကျေးဇူးကြီးမားစွာ ဖြစ်ထွန်းလာနိုင်မည်ဖြစ်သည်။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုနှင့် တစ်ဆက်တစ်စပ်တည်း ဖြစ်သည့်အလျောက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတို့မှ ကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်က တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အောက်တိုဘာ ၁၇ ရက်နေ့တွင် ကရင်ပြည်နယ်ရှိ MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားရာတွင် "စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူ၍ ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာမှသာလျှင် စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့်ဝယ်လိုအား မျှတမှုမရှိပါက ကုန်ဈေးနှုန်းများ ကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းထွက်ရှိမှုကို ခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်ကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များတွင် ကုန်ကြမ်းနှင့် ကုန်ချောတို့၏ တန်ဖိုးမှာ အဆပေါင်းရာနှင့်ချီ၍ ကွာခြားသည်။ ထို့အပြင် ကုန်ကြမ်းတို့၏သဘာဝအရ ရေရှည်အထားမခံသည့်အလျောက် ဝယ်သူ့ဈေးကွက်တွင် မျက်နှာငယ်ရသည်။ အနှိမ်ခံရသည်။ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများ ထူထောင်နိုင်သည်နှင့်အမျှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများအကြား အပြန်အလှန် အမှီသဟဲပြုကာ အတူတကွ ဖွံ့ဖြိုးတိုးတက်လာကြမည်ဖြစ်သည်။ ပြည်ပပို့ကုန် တိုးမြှင့်ရာတွင် အဆင့်မြင့် ကုန်ချောများနှင့် ကုန်ချောများကို တင်ပို့ခြင်းက ကုန်ကြမ်းတင်ပို့ခြင်းထက် အဆပေါင်းများစွာ တန်ဖိုးမြင့်မားလာမည်ဖြစ်သကဲ့သို့ ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများလည်း တိုးတက်လာမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကုန်ထုတ်လုပ်ငန်းများ မြင့်မားတိုးတက်လာရေးအတွက် နိုင်ငံတော်အကြီးအကဲနှင့်တကွ ပြည်ထောင်စုဝန်ကြီးများပါ ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာ ဒေသတွင်းရှိ ကုန်ထုတ်လုပ်ငန်းရှင်များအနေဖြင့်လည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ဖွံ့ဖြိုးတိုးတက်ရေး စိတ်ဓာတ်ထက်သန်ခြင်း၊ နည်းလမ်းကိုလည်း သိရှိခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်ချက်ရှိခြင်း၊ လက်တွေ့ကျကျ ဆောင်ရွက်လိုခြင်း စသည့်ဖြည့်ဆည်းမှုများဖြင့် မိမိနှင့်တကွ ဒေသအကျိုးစီးပွား၊ နိုင်ငံ့အကျိုးစီးပွားအတွက် အားထုတ်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။



## တရားမအထူးအယူခံမှု (၄) မှု စီရင်ချက်ချမှတ် ရာဇဝတ်အထူးအယူခံမှု (၄) မှု ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးအောင်ဇော်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးတင်ဟုန်၊ ဦးသိန်းကိုကို တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးခန်းအမှတ် (၁) ၌ ရုံးထိုင်၍ တရားမအထူးအယူခံမှု အမှတ် ၃/၂၀၂၁ (မကွေး)၊ ၁၅ / ၂၀၂၁ ( ရန်ကုန် )၊ ၄၁ / ၂၀၂၀(မွန်)၊ ၂၁/၂၀၂၂ (ရန်ကုန်) စုစုပေါင်း တရားမအထူးအယူခံမှု လေးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှု အမှတ် ၃/၂၀၂၂ (ဧရာဝတီ)၊ ၄/၂၀၂၂ (ရန်ကုန်)၊ ၅/၂၀၂၂(ရန်ကုန်)၊ ၆/၂၀၂၂ (ရန်ကုန်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၄) မှုတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှု အထူးသင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

မီးသတ်ဦးစီးဌာန၏ မီးဘေးလုံခြုံရေးဆိုင်ရာစီမံခန့်ခွဲမှု သင်တန်း (အထူး)(Course On Fire Safety Management for Government Officials) အမှတ်စဉ်(၃)ကို အောက်တိုဘာ ၁၇ ရက်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ် (ရန်ကုန်) လေ့ကျင့်ရေးဌာနစု၌ ဖွင့်လှစ်သည်။




သင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(ယာအပေါ်ပုံ)** အဆိုပါ သင်တန်းအား တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် ( ၇/ ၂၀၂၂ ) ဆုံးဖြတ်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနရုံးများနှင့် ဌာနဆိုင်ရာရုံး/အဆောက်အအုံများ မီးဘေးလုံခြုံမှုရှိစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ကြီးမားသည့် အနှောင့်အယှက် အဟန့်အတားဖြစ်သော မီးဘေးအန္တရာယ်နှင့် သဘာဝ ဘေးအန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာ တုံ့ပြန်နိုင်ရန်နှင့် ပြည်သူလူထုအတွက် မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး အသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သင်တန်းကို အောက်တိုဘာ ၁၇ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သုံးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက် ညွှန်ကြားရေးမှူးအဆင့် သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ခဲ့ကြသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

## ပဲခူးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံအရေအတွက်များ လျာထားသတ်မှတ်ခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ လာမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်ပြည်သူများ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးအတွင်း မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းနှင့် မဲရုံတည်နေရာများ အတည်ပြုသတ်မှတ်ခြင်းများ ဆောင်ရွက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီက သာယာဝတီခရိုင် ဆရာစံခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးနှင့် ဦးတင်မောင်ဆွေ၊ ပဲခူးတိုင်းဒေသကြီးနှင့် သာယာဝတီခရိုင် ရွေးကောက်ပွဲအရာရှိများ၊ သာယာဝတီခရိုင်နှင့် နတ်တလင်းခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း၊ မိုးညို၊ မင်းလှ၊ လက်ပံတန်း၊ သာယာဝတီ၊ အုတ်ဖိုမြို့နယ်တို့မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရွေးကောက်ပွဲအရာရှိများ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ သာယာဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၆၉ အုပ်စုမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ကော်မရှင်အဖွဲ့ဝင်များက အမှာစကားပြောကြားသည်။




ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသူများက မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး၊ မဲရုံတည်နေရာ သတ်မှတ်အတည်ပြုနိုင်ရေးနှင့် မဲရုံသုံးပစ္စည်းများ လိုအပ်ချက်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားစဉ်။

❖ *ရှေ့ဖုံးမှ*

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဘားအံမြို့ရှိအသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပြည်နယ်အတွင်းရှိ စက်မှုဇုန်များနှင့် စက်မှုဇုန်အတွင်းရှိ စက်မှုလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေနှင့် နည်းပညာထောက်ပံ့ပေးထားမှု၊ ဒေသတွင်း အောင်မြင်ပြီး အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ်ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဇော်ဌေး၊ ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစောစေးထူး၊ ပြည်နယ်မွေးမြူရေးလုပ်ငန်း၊ ဆန်စက်လုပ်ငန်း၊ ဆီစက်လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းတို့မှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသူများက MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ကူညီပေးနေမှုများအပေါ် ကျေးဇူးတင်ရှိမှု၊ ဒေသတွင်းရှိ တောင်သူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များနှင့် လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရန်လိုအပ်မှု၊ မျိုးကောင်းမျိုးသန့်များ လိုအပ်မှုနှင့် လုပ်ငန်းများတိုးချဲ့နိုင်ရန်အတွက် မြေလိုအပ်ချက်ရှိမှု၊ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာများသက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိလိုမှု၊ စိုက်ပျိုးရေးချေးငွေများ ရရှိလိုမှုနှင့် ရော်ဘာနှင့်ပတ်သက်၍ အဆင့်မြင့်နည်းပညာသုံးစက်ရုံများလိုအပ်မှု၊ ဒေသမှထွက်ရှိသည့် ပြောင်းများကို ပြည်ပသို့ လွယ်ကူစွာ တင်ပို့နိုင်ရေး သတ်မှတ်ချက်များအား ဖြေလျှော့ပေးစေလိုမှု၊ ကုန်စည်စီးဆင်းမှုများ ပိုမိုလွယ်ကူအဆင်ပြေစေရေးအတွက် ဘားအံမြို့တွင် ကုန်စည်ဒိုင်၊ ပွဲရုံ၊ ကားကြီးကွင်းတို့ကို ဆောင်ရွက်ပေးစေလိုမှု၊ ရေကြီးရေလျှံမှုများမရှိစေရေးအတွက် သံလွင်မြစ်ကမ်းနံဘေးရှိ ပိတ်ဆို့နေသည့် တူးမြောင်းများကို ပြန်လည်တူးဖော်ပေးစေလိုမှု စသည်တို့နှင့် ပတ်သက်၍ တင်ပြဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး**

ထို့နောက် လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြပြီး ဝန်ကြီးဌာနအလိုက် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးထိခိုက်ခဲ့မှု ဖြစ်စဉ်များအပေါ် လုပ်ငန်းရှင်များအနေဖြင့် သင်ခန်းစာယူဆောင်ရွက်ကြရန်လိုအပ်မှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများအပေါ် ကန့်သတ်ချက်များ များစွာ ဖြေလျှော့ပေးထားမှု၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ဖြစ်သော်လည်း တရားမဝင်ကုန်သွယ်မှုများ ရှိနေသေးသည်ဖြစ်၍ လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်ကုန်သွယ်မှုကို ဝိုင်းဝန်းတိုက်ဖျက်ကြရန် လိုအပ်မှု၊ ကရင်ပြည်နယ်သည် ကော်ဖီသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးပြီး ပြည်ပသို့ တင်ပို့နိုင်မည့် အခြေအနေကောင်းကို ပိုင်ဆိုင်ထားရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လိုအပ်သည့် နည်းပညာနှင့် အခြားအခက်အခဲများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ဒေသထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ပြည်ပသို့ တင်ပို့ခြင်းထက် ဝင်ငွေပိုမိုရရှိနိုင်မည့် တန်ဖိုးမြင့်ကုန်ချောအဖြစ် ထုတ်လုပ်နိုင်ရေး စက်ကိရိယာများနှင့် နည်းပညာများကို ဖြည့်ဆည်းပေးလျက်ရှိမှု၊ ကျေးရွာနေပြည်သူလူထု ဝင်ငွေတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမအသင်းများ အစုအဖွဲ့များဖွဲ့၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးလျက်ရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သည့် သွင်းအားစုများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိမှု စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည် ဆွေးနွေးပြောကြားကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ပြည်နယ်မှ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

**နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်စပ်ပြီး ပြည်နယ်၏ စီးပွားရေးလုပ်ငန်းများ မြင့်တင်ဆောင်ရွက်နိုင်ရေး ဆွေးနွေးပြောကြားရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးပြောကြားရန်နှင့် ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးမူဝါဒသည် ဈေးကွက်စီးပွားရေးစနစ် ဖြစ်ပြီး နိုင်ငံတော်မှ စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ဗဟိုမှ ချုပ်ကိုင်သောစနစ်မဟုတ်သကဲ့သို့ စီမံကိန်းစီးပွားရေးစနစ်မဟုတ်သောကြောင့် အစိုးရအနေဖြင့် မူဝါဒပိုင်းကို ကြပ်မတ်ထိန်းကြောင်းပေးခြင်းဖြစ်သဖြင့် လုပ်ငန်းများအောင်မြင်စေရေးအတွက်ကိုမူ လုပ်ငန်းရှင်များက ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့သော် နိုင်ငံ့စီးပွားရေးမပြိုလဲရန်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွား မထိခိုက်စေရန် ဝင်ရောက်ထိန်းကြောင်းမှုများကို လုပ်ဆောင်ပေးရကြောင်း။

**ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်**

စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်မှုဟူ၍ ရှိပြီး ကုန်ထုတ်လုပ်မှု လုပ်ငန်းများအားကောင်းလာမှသာလျှင် စီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိပါက ကုန်ဈေးနှုန်းများ ကြီးမြင့်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းထွက်ရှိမှုကို ခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချော ထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များနှင့် မြေပေါ်မြေအောက် သယံဇာတ ကုန်ကြမ်းပစ္စည်းများ ကြွယ်ဝပြီးဖြစ်ကြောင်း၊ တွင်းထွက်ပစ္စည်းများမှ ထုတ်ကုန်များ ထုတ်လုပ်၍ရပြီး ကရင်ပြည်နယ်အတွင်း ထုံးကျောက်ပေါ်များစွာ ထွက်ရှိသဖြင့် *စာမျက်နှာ ၄ သို့*

❖ **ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားကောင်းလာမှသာလျှင် စီးပွားရေးဖွံ့ဖြိုးလာမည်ဖြစ်၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အားပေးဆောင်ရွက်နေခြင်းဖြစ်၊ ရောင်းဝယ်မှုတွင် ရောင်းလိုအားနှင့် ဝယ်လိုအား မျှတမှုမရှိပါက ကုန်ဈေးနှုန်းများ ကြီးမြင့်လာမည်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒေသတွင်းမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်၊ ကုန်ကြမ်းထွက်ရှိမှုကို ခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်**

❖ **မွေးမြူရေးငါးများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချ၍ရ၊ အသားစားနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေလွတ်မြေရိုင်းများစွာရှိပြီး စနစ်တကျ မွေးမြူမည်ဆိုပါက ကရင်ပြည်နယ်၏ မွေးမြူရေးထုတ်ကုန်တစ်ခုကို ထုတ်လုပ်နိုင်မည်ဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်**

*စာမျက်နှာ ၃ မှ*

ဘိလပ်မြေထုတ်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။

ဆန်ဖူလုံမှုနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် ဆန်ဖူလုံမှု ၈၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ စပါးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကိုလည်း မဖြစ်မနေဆောင်ရွက်သင့်ပြီး ဒေသတွင်းဆန်ဖူလုံမှုရှိစေရေးအတွက် တစ်ကေချင်းအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် ၄ ချက်ကို လိုအပ်ကြောင်း၊ စိုက်ပျိုးမြေများကို စက်ယန္တရားများဖြင့် ထွန်ယက်စိုက်ပျိုးနိုင်သည့် ခေတ်မီစိုက်ပျိုးမြေကေကွက်၊ ဟက်တာကွက်များအဖြစ် ပြုပြင်ဖော်ဆောင်ရန်လိုကြောင်း၊ မျိုးအရေအတွက် မျိုးစုံကိုအများအပြားစိုက်ပျိုးခြင်းထက် ဒေသတွင်းမျိုးကောင်းစပါးမျိုးများကို များများစိုက်ပျိုးနိုင်ရန်လိုကြောင်း၊ အထွက်နှုန်းများတိုးတက်ရေးအတွက် စိုက်နည်းစနစ်များကောင်းမွန်ရန်လိုအပ်သကဲ့သို့ စိုက်ပျိုးရေနှင့် အောင်ရေများလည်း လုံလောက်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးတောင်သူများလိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများရရှိစေရေး နိုင်ငံတော်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ဒေသတွင်းရှိ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကိုလည်း ဇီဝမြေဩဇာများအဖြစ် အသုံးပြု၍ရကြောင်း၊ သစ်စိမ်းမြေဩဇာနှင့် အီးအမ်ဘိုကာရှီများကိုလည်း သဘာဝမြေဩဇာများအဖြစ် အသုံးပြု၍ရကြောင်း၊ စပါးကြိတ်ခွဲ ထုတ်လုပ်ရာမှ ထွက်ရှိလာသည့် ဆန်ကွဲ၊ ဖွဲ များကိုအသုံးပြု၍လည်း တိရစ္ဆာန် အစာများထုတ်လုပ်၍ ရနိုင်ကြောင်း၊ ကရင်ပြည်နယ်အတွင်း အရည်အသွေး ကောင်းမွန်သည့် ဆန်စက်ရှိရန်လိုအပ်နေသည်ကို တွေ့ရှိရပြီး တန်ဖိုးမြင့်ဆန်ထုတ်ကုန်များ ရရှိစေရေးအတွက် ဒေသတွင်း အရည်အသွေးကောင်းမွန်သည့် ဆန်စက်များရှိရန်လိုကြောင်း၊ ဆန်မှ အခြားစားသောက်ကုန်များစွာကိုလည်း ထုတ်လုပ်၍ရသဖြင့် နည်းပညာရယူ၍ ဆန်နှင့်ပတ်သက်သည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းနိုင်မည် ဖြစ်ကြောင်း၊ အလားတူ ဒေသတွင်းမှ ထွက်ရှိလာသည့် ပြောင်းထွက်ကုန်များကိုလည်း ကုန်ကြမ်းအဖြစ် ပြည်ပသို့တင်ပို့ခြင်းထက် ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ပြီး တင်ပို့မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်သည် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စက်မှုလုပ်ငန်းများအတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် ဒေသတစ်ခုဖြစ်ပြီး ဒေသတွင်း အုန်းစိုက်ပျိုးမှုများကို အောင်မြင်ဖြစ်ထွန်းအောင်ဆောင်ရွက်၍လည်း အုန်းထွက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်၍ရနိုင်မည်ဖြစ်ကြောင်း။

ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍ ကရင်ပြည်နယ်အတွင်း စိုက်ပျိုးကေနှစ်သိန်းကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ ရော်ဘာကိုအခြေခံသည့် ကုန်ချောပစ္စည်းများကို ဒေသတွင်းထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် တိရစ္ဆာန်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံစက်မှုဇုန်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ Precision Auto Engineering Co.,Ltd အတွင်း မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှု လေ့လာကြည့်ရှုစဉ်။

သားရေများကိုလည်း အကျိုးရှိစွာအသုံးချရန်လိုကြောင်း၊ ကရင်ပြည်နယ်အတွင်း ရော်ဘာနှင့် တိရစ္ဆာန်သားရေများကို အသုံးပြု၍ လူသုံးဖိနပ်အပါအဝင် အခြားတန်ဖိုးမြင့် ကုန်ချောပစ္စည်းများထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ပြင် ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာထွက်ရှိသည့်အတွက် ဝါးကိုအသုံးပြု၍ ပျော့ဖတ်၊ စက္ကူများအပါအဝင် အခြားလူသုံးကုန်ပစ္စည်းများစွာကို ထုတ်လုပ်၍ရနိုင်မည်ဖြစ်ပြီး ဝါးကိုအခြေခံသည့် ထုတ်ကုန်များကို ဆောင်ရွက်နိုင်မည်ဆိုပါကလည်း ဒေသအတွက် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ဘဲမွေးမြူခြင်းလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ်ဆောင်ရွက်ကြကြောင်း၊ ဘဲကို စနစ်တကျမွေးမြူမည်ဆိုပါက ဘဲကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း၊ အလားတူ ငါးမွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျမွေးမြူကြစေလိုကြောင်း၊ မွေးမြူရေးငါးများကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချ၍ရကြောင်း၊ အသားစား နွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် မြေလွတ်မြေရိုင်းများစွာရှိပြီး စနစ်တကျမွေးမြူမည်ဆိုပါက ကရင်ပြည်နယ်၏ မွေးမြူရေးထုတ်ကုန်တစ်ခုကို ထုတ်လုပ်နိုင်မည်ဖြစ်ကာ ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစီးပွားရေးလုပ်ငန်းများ များစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

သွင်းအားစုနှင့်ပတ်သက်၍ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စက်မောင်းဆီနှင့် လျှပ်စစ်ဓာတ်အားများ လိုအပ်ကြောင်း၊ စက်မောင်းဆီများ လုံလောက်စွာရရှိရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက် ရှိကြောင်း၊ စက်မောင်းဆီများ ချွေတာနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားကို အသုံးပြု၍ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုနိုင်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာထုတ်လုပ်နိုင်ပါက သယ်ယူပို့ဆောင်ရေးတွင်သာမက စက်မှုလုပ်ငန်းများလည်း များစွာတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးရေများရရှိရေး ဆောင်ရွက်ရာတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများဖြင့်ဆောင်ရွက်၍ရကြောင်း၊ အလားတူ ဒေသတွင်းရှိပြီးဖြစ်သည့် ရေအရင်းအမြစ်များကို အသုံးချ၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ရင်းနှီးမြှုပ်နှံငွေနှင့် ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံတော်မှ ချေးငွေများထုတ်ပေးခဲ့ပြီး အချို့သောလုပ်ငန်းရှင်များမှာ ပြန်လည်ပေးဆပ်ခြင်း မရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးချေးငွေများနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများကို ထုတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ချေးယူထားသည့် ငွေများကို သတ်မှတ်ကာလများအတွင်း နိုင်ငံတော်သို့ ပြန်လည်ပေးသွင်းရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာ ဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် MSME လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း။

**လူသားအရင်းအမြစ်ပေါကြွယ်ဝရေး အလေးပေးဆောင်ရွက်**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် အရည်အချင်း ပြည့်ဝသည့် လူသားအရင်းအမြစ်များလိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ပညာရေး အားနည်းမှုများရှိသဖြင့် ကျွမ်းကျင်လုပ်သားများ နည်းပါးသည်ကို တွေ့ရှိရနိုင်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာဆိုင်ရာများနှင့်ပတ်သက်၍အထက်တန်းကျောင်းများတွင် သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဘားအံမြို့၌ စိုက်ပျိုးရေးသိပ္ပံနှင့် မွေးမြူရေးသိပ္ပံတို့ကိုလည်း ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပညာတတ်များ ပေါကြွယ်ဝမှသာလျှင် လူသားအရင်းအမြစ်များ ပေါများလာမည်ဖြစ်သဖြင့် ကရင်ပြည်နယ်အတွင်း၌လည်း ပညာတတ်များ ပေါများစေရေး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားစေရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပြီး မိမိတို့ဒေသအတွင်း လူသားအရင်းအမြစ်များ ပေါများလာစေရေးအတွက်လည်း ဒေသခံများက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

**အိမ်သာလျှင် ညော့လာမည်**

ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်၍ ကရင်ပြည်နယ်သည် သဘာဝအလှအပများ များစွာရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး အဆိုပါအခြေခံကောင်းများကို အသုံးချ၍ ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းများတိုးတက်အောင် ဆောင်ရွက်၍ရကြောင်း၊ အိမ်သာလျှင် ညော့လာမည်ဖြစ်သဖြင့် ဒေသအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့် သာယာလှပသော ပတ်ဝန်းကျင်ကောင်းများရှိစေရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ လုံခြုံစိတ်ချရသည့် ပြည်နယ်တစ်ခုဖြစ်စေရေးကို ဒေသခံများ၊ ဒေသတွင် လာရောက်အမှုထမ်းနေကြသည့် နိုင်ငံ့ဝန်ထမ်းများအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအစာများကိုလည်း သန့်ရှင်းသပ်ရပ်စွာဖြင့် ဖွယ်ဖွယ်ရာရာပြုလုပ်၍ ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ခရီးသွားကဏ္ဍတိုးတက်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်လျက်ရှိပြီး အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

လုပ်ငန်းများအားလုံး မိမိတို့၏လုပ်ငန်းတစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျဖြင့် အားထည့်၍ ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို အသုံးချ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်မည်ဆိုပါက ကရင်ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်းများတိုးတက်လာပြီး ဒေသခံများ၏ လူမှုစီးပွားဘဝသည်လည်း ပြောင်းလဲလာမည်ဖြစ်ကာ ဒေသသည်လည်း အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် ဘားအံမြို့ရှိအသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ဒေသရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ၊ တိုင်းရင်းဆေးများ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားလေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံစက်မှုဇုန်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတစ်ခုဖြစ်သည့် Precision Auto Engineering Co.,Ltd သို့ ရောက်ရှိကြရာ ကုမ္ပဏီမှ စီမံရေးရာမန်နေဂျာဖြစ်သူ ဦးမျိုးသီဟနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရှင်းလင်းဆောင်တွင် Precision Auto Engineering Co.,Ltd အနေဖြင့် မြန်မာနိုင်ငံရှိ ဒေသအားလုံးသို့ Bajaj အမှတ်တံဆိပ်သုံးဘီးမော်တော်ယာဉ်များအား ရောင်းချပေးလျက်ရှိမှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုနှင့် ပရဟိတလူထုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကုမ္ပဏီအတွင်း သုံးဘီးမော်တော်ယာဉ်များ၊ မော်တော်ယာဉ်များ တပ်ဆင်ထုတ်လုပ်နေမှုအခြေအနေများကို လိုက်လံလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုနှင့် ဘားအံမြို့နှင့် မော်လမြိုင်မြို့တို့ရှိ တပ်မတော်ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၇

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့တွင် ခရီးစဉ်၌ လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ကရင်ပြည်နယ် ဘားအံမြို့ရှိ ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**





### ဇွဲကပင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်မှုရှင်းလင်း

ဦးစွာ အားကစားကွင်း ရှင်းလင်းဆောင်၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးစိုးလွင်တို့က ဇွဲကပင်အားကစားကွင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### နောင်တွင် တိုးတက်လာမည့် လူဦးရေတို့ကိုပါ ထည့်သွင်းတွက်ချက်

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့် လျော်ညီရမည်ဖြစ်ပြီး နောင်တွင် တိုးတက်လာမည့် လူဦးရေတို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မျှော်တွေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့် လျော်ညီသည့် မိုးလုံလေလုံ အားကစားရုံအသစ်တစ်ခု ဆောက်လုပ်နိုင်ရေး၊ ဒိုင်ဗင်စင်ပါအဆင့်မီရေကူးကန် တည်ဆောက်ရေး လျာထားတင်ပြရန်နှင့် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အားကစားနည်းမျိုးစုံကို အဆင့်မီစွာ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေး ပြည်နယ် Sport Complex တစ်ခုကို ဖော်ဆောင်ပေးရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

### အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားကွင်း အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။ *စာမျက်နှာ ၆ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား အားပေးစကားပြောကြားစဉ်။

- ❒ **အားကစားကွင်းသည် ပြည်နယ်အဆင့်နှင့် လျော်ညီရမည်ဖြစ်ပြီး နောင်တွင် တိုးတက်လာမည့် လူဦးရေ တို့ကိုပါ ထည့်သွင်းတွက်ချက်၍ ဝင်ဆံ့မှုကို ရေရှည်မျှော်တွေးဆောင်ရွက်ရမည်**
- ❒ **အားကစားကွင်းအနီး၌ ပြည်နယ်အဆင့်နှင့် လျော်ညီသည့် မိုးလုံလေလုံ အားကစားရုံအသစ်တစ်ခုဆောက်လုပ်နိုင်ရေး၊ ဒိုင်ဗင်စင်ပါ အဆင့်မီရေကူးကန်တည်ဆောက်ရေး လျာထား**

*စာမျက်နှာ ၅ မှ*

**ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကားပြောကြား**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ တပ်မတော်ဆေးရုံသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**စားသောက်ဖွယ်ရာ ပစ္စည်းများပေးအပ်**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အားပေးစကားပြောကြားစဉ်။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသား / အမျိုးသမီး ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ဘားအံ အောက်တိုဘာ ၁၇**

အခြေခံပညာကျောင်းများမှ၍ ထူးချွန်ထက်မြက်သည့် အမျိုးသား/အမျိုးသမီး မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေး ရည်ရွယ်ကျင်းပသော ၂၀၂၂ ခုနှစ် ကရင်ပြည်နယ် ဝန်ကြီးချုပ်ဖလား အခြေခံပညာ ကျောင်းပေါင်းစုံ




အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းနှင့် မြဝတီမြို့နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြဝတီမြို့နယ် ဘောလုံးအသင်းက လှိုင်းဘွဲ့မြို့နယ် ဘောလုံးအသင်းကို နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်နန့်စယ်လီလှိုင်၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများက ကြက်ခြေနီတပ်ဖွဲ့နှင့် ဒိုင်အဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ၊ အမျိုးသား/ အမျိုးသမီး နေရာအလိုက် အကောင်းဆုံး အားကစားသမားဆုများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကိုလည်းကောင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယဆု ရရှိကြသော အမျိုးသား/အမျိုးသမီး ဘောလုံးအသင်းများကို ငွေသားဆုများနှင့် ဆုဖလားများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက ပထမဆုရရှိသည့် ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းအား ငွေသားဆု ငွေကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး က ပထမဆုရရှိသော မြဝတီမြို့နယ် အမျိုးသားဘောလုံး အသင်းအား ငွေသားဆု ငွေကျပ် ၁၀ သိန်းနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# ထားဝယ် ရေနက်ဆိပ်ကမ်းလုပ်ငန်း မကြာမီကာလအတွင်း ပြန်လည်လုပ်ကိုင်လာမည်ဟု ယုံကြည်

**ထားဝယ် အောက်တိုဘာ ၁၇**

တိုင်းဒေသကြီးအတွင်း အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများ အားနည်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ တိုင်းဒေသကြီးအတွက် ထားဝယ်အထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းလုပ်ငန်း အောင်မြင်ဖြစ်ထွန်းအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လုပ်ကိုင်ကြိုးစား ဆောင်ရွက်လျက်ရှိရာ မကြာမီကာလအတွင်း ပြန်လည်လုပ်ကိုင်လာမည်ဟု ယုံကြည်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ပြောကြားသည်။

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ထားဝယ်မြို့၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (ယာပုံ) တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း MSMEs များစွာရှိပါက အလုပ်အကိုင် အခွင့်အလမ်းများ၊ စားဝတ်နေရေးများ အဆင်ပြေလာမည်ဖြစ်ကြောင်း၊ ထားဝယ်ဒေသအနေဖြင့် စက်မှုလက်မှုလုပ်ငန်းနှင့် ပတ်သက်ပြီး အားနည်းလျက်ရှိသည်ကို တွေ့ရပြီး အားနည်းချက်များတွင် လျှပ်စစ်ဓာတ်အားခ ဈေးနှုန်းကြီးမြင့်မှုမှာ အဓိကဖြစ်သည်ကို



တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထားဝယ်ဒေသအတွက် ဖောင်းတောရေအားလျှပ်စစ်ကို ဆောင်ရွက်လျက်ရှိပြီး ရေအားလျှပ်စစ်မှ ဓာတ်အားအနည်းဆုံး ၂၅ မဂ္ဂါဝပ်ထွက်ရှိအောင် လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ဒေသအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးတွင် ခရီးသွားလုပ်ငန်းများ အောင်မြင်အောင် တက်ရောက်လာသူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်း လုပ်ကိုင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးမှူး ဦးညွန့်နွယ်က တိုင်းဒေသကြီး စက်မှုဇုန်များ ဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းထားမှု အခြေအနေ၊ MSMEs များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသော MSMEs လုပ်ငန်းရှင်များ၊ စီးပွားရေး အသင်းအဖွဲ့များမှ လုပ်ငန်းရှင်များက ဆောင်ရွက်နေမှုနှင့် တွေ့ကြုံနေရသော အခက်အခဲများအား ဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ်တွင် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# YBS ယာဉ်မောင်း ၁၈၄ ဦးအား ကိုဗစ်- ၁၉ ထပ်ဆောင်း ကာကွယ်ဆေးထိုးနှံ

**တာမွေ အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများမှ ယာဉ်မောင်းများအား ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ရုံး၌ ထိုးနှံပေးလျက်ရှိရာ အောက်တိုဘာ ၁၄ ရက်အထိ ၁၈၄ ဦးအား ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

YBS ခရီးသည်တင် ယာဉ်မောင်းများအနေဖြင့် နေ့စဉ်ခရီးသွား ပြည်သူများနှင့် ပြောဆိုဆက်ဆံနေကြရပြီး ကိုဗစ် -၁၉ ရောဂါ ကူးစက် ခံရရန် လွယ်ကူနေသဖြင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံပေးခြင်းဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ဆက်လက်ထိန်းချုပ်နိုင်စေရန် ရည်ရွယ်ပြီး YBS ယာဉ်လိုင်းများတွင် ကိုဗစ်- ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း YRTC တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

# လမ်းပေါ်နေကလေးများ ပပျောက်ရေးကို အလေးထားဆောင်ရွက်ကြစေလို

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် (၁၀) နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့်လုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ကြိုးစားဆောင်ရွက်ပေးကြစေလိုကြောင်း၊ အန္တရာယ်ရှိသော လုပ်ငန်းခွင်များတွင် လုပ်ကိုင်နေသည့် ကလေးလုပ်သားများ မရှိစေရေး၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေး၊ အသက်မွေးပညာကျောင်းများ တက်ရောက်နိုင်ရန် စီမံဆောင်ရွက်ပေးရေးနှင့် လမ်းပေါ်နေကလေးများ ပပျောက်ရေးကို အလေးထား ဆောင်ရွက်ကြစေလိုကြောင်း နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာကော်မတီ နာယက၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်က ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် နေပြည်တော်ကောင်စီ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်က ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ



ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ရောက်ရှိနေသည့် ကလေးငယ်ကို စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ အောင်မြင်စွာခွဲစိတ်ကုသ

**နေပြည်တော် အောက်တိုဘာ ၁၇**

မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် (Gastroschisis with preterm low birth weight) အသက် လေးရက်သား မွေးကင်းစ မိန်းကလေး Baby နန်းမွေဖောင်ကို စက်တင်ဘာ ၃၀ ရက်တွင် စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၌ ပါမောက္ခ (ခွဲစိတ်) ဒေါက်တာ အောင်ခိုင်ဇံ၊ လက်ထောက်ဆရာဝန် ဒေါက်တာ ထက်အောင်ကျော်နှင့် ပါမောက္ခ (မေ့ဆေး) ဒေါက်တာဖုန်းမြင့်တို့ ဦးဆောင်သောအဖွဲ့ကအူများကို ဝမ်းဗိုက်အတွင်း ပြန်လည်ထည့်သွင်းပေးသည့် ခွဲစိတ်ကုသမှု (Primary Closure) ကို အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိနေသည့် အသက်လေးရက်သား မွေးကင်းစကလေး မိန်းကလေး Baby နန်းမွေဖောင်ကို မခွဲစိတ်မီ တွေ့မြင်ရပုံ။



မွေးရာပါအူများ ဝမ်းဗိုက်အပြင်သို့ ရောက်ရှိခဲ့သည့် အသက် လေးရက်သား မွေးကင်းစကလေး မိန်းကလေး Baby နန်းမွေဖောင် ကို ခွဲစိတ်ကုသမှု ခံယူအပြီးတွင် တွေ့မြင်ရပုံ။

### အရေးပေါ်ယာယီကုသပေး

ကိုယ်ဝန် လမစေ့သေးသော်လည်း ရေမြွှာပေါက်ခြင်းကြောင့် အဆိုပါကလေးငယ်ကို စက်တင်ဘာ ၂၆ ရက် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ရှမ်းပြည်နယ် ခိုလမ်ပြည်သူ့ဆေးရုံ (ခုတင်-၁၀၀) ၌ အရေးပေါ် ရိုးရိုးမွေးဖွားပေးခဲ့ခြင်းဖြစ်ပြီး မွေးဖွားချိန်တွင် ကလေးငယ်မှာ ကိုယ်အလေးချိန် (၂ ဒသမ ၂ kg) ရှိခဲ့ကြောင်း၊ ယင်းနေ့ည ၈ နာရီတွင် ခိုလမ်ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ် ဒေါက်တာလင်းထင်ကျော်နှင့်အဖွဲ့က ဝမ်းဗိုက်အပြင်ဘက်ရောက်ရှိနေသည့်အူများကို အရေးပေါ်ယာယီကုသမှု ဆောင်ရွက်ပေးခဲ့ကာ စက်တင်ဘာ ၂၇ ရက်တွင် တောင်ကြီးမြို့ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ကျန်းမာရေးကောင်းမွန်

အဆိုပါ ကလေးငယ်၏ ကျန်းမာရေးအခြေအနေ ကောင်းမွန်ခြင်းကြောင့် အောက်တိုဘာ ၃ ရက်တွင် ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီး အောက်တိုဘာ ၁၁ ရက်တွင် ရက်ချိန်းပြန်လည်ပြသစေခဲ့ရာ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သာပေါင်းမြို့နယ်၌ သန့်ရှင်းလတ်ဆတ်သော ရေချိုငါးများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**သာပေါင်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ပြည်သူများအား သန့်ရှင်းလတ်ဆတ်သော ရေချိုငါးများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ အင်းဂရန်ကိုင်များက ရောင်းချပေးခြင်းကို အောက်တိုဘာ ၁၄ ရက်က (သီရိရွှေသာဈေး)မြို့မဈေးရှေ့၌ ဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းဇေရာထိုက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးသိမ်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများက လာရောက် ပူးပေါင်းကာ ဈေးရောင်း/ ဈေးဝယ်နေမှုအား အားပေးကူညီခဲ့ကြပြီး လာရောက်ဝယ်ယူသူ အိမ်ထောင်စု ၆၀ အား ငါးမြစ်ချင်း တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ နှုန်း၊ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ပိဿာချိန် ၃၀ ကို ဖြန့်ဖြူးရောင်းချခဲ့သည်။ ထို့ပြင် အခြေခံလူတန်းစားများကို သက်သာသောဈေးနှုန်းဖြင့် ငါးစားသုံးနိုင်ရေး ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး စက္ကန့်(၂၀) ကြာ ဆေးကြောပါ။**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေနှင့် ရွှေ၊ ငွေ၊ ကြေး ဆုတံဆိပ်ရရှိမှု အခြေပြဇယား

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပြိုင်ပွဲဝင် လူဦးရေ | | | ရွှေ | ငွေ | ကြေး | နှစ်သိမ့်ဆု | အထူးဆု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | | | | | | |
| ၁ | ရန်ကုန် | ၁၃၇ | ၁၀၅ | ၂၄၂ | ၇၈ | ၃၂ | ၁၅ | ၃ | | ၁၂၈ |
| ၂ | မန္တလေး | ၁၂၅ | ၉၅ | ၂၂၀ | ၃၂ | ၂၉ | ၂၀ | ၇ | | ၈၈ |
| ၃ | ဧရာဝတီ | ၉၈ | ၉၅ | ၁၉၃ | ၁၄ | ၁၉ | ၁၆ | ၉ | | ၅၈ |
| ၄ | ပဲခူး | ၉၉ | ၇၈ | ၁၇၇ | ၁၁ | ၁၁ | ၅ | ၅ | ၁ | ၃၃ |
| ၅ | ကရင် | ၄၂ | ၅၇ | ၉၉ | ၁၀ | ၄ | ၅ | ၁ | | ၂၀ |
| ၆ | စစ်ကိုင်း | ၇၄ | ၅၅ | ၁၂၉ | ၈ | ၁၀ | ၁၁ | ၇ | | ၃၆ |
| ၇ | မကွေး | ၉၂ | ၇၄ | ၁၆၆ | ၆ | ၇ | ၄ | ၅ | | ၂၂ |
| ၈ | ချင်း | ၃၂ | ၃၆ | ၆၈ | ၅ | ၆ | ၇ | ၃ | | ၂၁ |
| ၉ | ရခိုင် | ၁၇ | ၄၉ | ၆၆ | ၃ | ၇ | ၈ | ၂ | | ၂၀ |
| ၁၀ | တနင်္သာရီ | ၄၈ | ၆၂ | ၁၁၀ | ၃ | ၈ | ၇ | ၅ | | ၂၃ |
| ၁၁ | ကယား | ၂၅ | ၅၇ | ၈၂ | ၃ | ၁ | ၅ | ၁ | | ၁၀ |
| ၁၂ | မွန် | ၂၈ | ၆၃ | ၉၁ | ၂ | ၄ | ၇ | ၁ | ၁ | ၁၅ |
| ၁၃ | ကချင် | ၃၁ | ၆၃ | ၉၄ | ၂ | ၂ | ၅ | ၂ | | ၁၁ |
| ၁၄ | ရှမ်း | ၃၉ | ၆၂ | ၁၀၁ | ၁ | ၈ | ၅ | ၅ | | ၁၉ |
| | စုစုပေါင်း | ၈၈၇ | ၉၅၁ | ၁၈၃၈ | ၁၇၈ | ၁၄၈ | ၁၂၀ | ၅၆ | ၂ | ၅၀၄ |

မှတ်ချက်။ တိုင်းရင်းသား/ ကျေးလက်ရိုးရာအက ဖျော်ဖြေခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုအား အထူးဆု (ဒိုင်း) ၁၄ ခု ချီးမြှင့်ပေးအပ်ခဲ့မှုကို အခြေပြဇယားတွင် ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

## နတ်တလင်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**နတ်တလင်း အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာအုပ်စု ကျွန်းကတုတ်ရွာ ဘုန်းတော်ကြီးကျောင်းတွင် အောက်တိုဘာ ၁၄ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူး ဦးဌေးလွင်စိုးက ဆီထွက်သီးနှံစိုက်ပျိုးကြသည့် တောင်သူများနှင့် ဆောင်းရာသီ အခြားစိုက်ပျိုးသီးနှံများ စိုက်ပျိုးကြသည့် တောင်သူများအား အရင်းအနှီးအတွက် ငွေကျပ်သိန်း ၁၀၀ ကို ကူညီပေးခြင်းဖြစ်ကြောင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက စိုက်ပျိုးသည့်သီးနှံများ အထွက်တိုးကောင်းမွန်ရေးအတွက် ကြိုးစားလုပ်ဆောင်ကြရန် တိုက်တွန်းပြောကြားကာ တာဝန်ရှိသူများက တောင်သူများကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ပေးအပ်သည်။

ရန်ပုံငွေပေးအပ်ပွဲတွင် ဆီထွက်သီးနှံ (နေကြာ) စိုက်တောင်သူ ၁၄ ဦး (၃၇ ဧက)၊ အခြားသီးနှံစိုက်တောင်သူ ၁၇ ဦး (၅၆ ဧက)၊ စုစုပေါင်း တောင်သူ ၃၁ ဦး (စိုက်ဧက ၉၃ ဧက) အတွက် ပေးအပ်ကြောင်းသိရသည်။

**တင်မြင့် (နတ်တလင်း)**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**



## ဒုတိယဝန်ကြီး ဦးမြင့်စိုး လယ်ဝေးမြို့နယ် အောင်စေတနာကျေးရွာ ဖွံ့ဖြိုးရေးအတွက် ကျေးရွာလူထုနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သော်မှော်ကုန်းကျေးရွာအုပ်စု၊ အိမ်ခြေ ၆၇ အိမ်၊ အိမ်ထောင်စု ၆၇ စု၊ လူဦးရေ ၁၀၅ ဦးရှိ အောင်စေတနာ ကျေးရွာဓမ္မာရုံတွင် ရွာသူရွာသားများနှင့် တွေ့ဆုံကာ မိသားစုဝင်ငွေတိုးပွားရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ ကျေးရွာ၏ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုကိစ္စ၊ ဆောင်ရွက်ပေးရမည့် ရပ်ရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးပြီး ရာသီသီးနှံများ စိုက်ပျိုးရန်အတွက် စမ်းဝတီသဘာဝမြေဩဇာများထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးရွာတွင်းလမ်း အရှည်ပေ ၄၉၀ ရိစာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာ၊ လမ်းမီးတိုင်စိုက်ထူခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာ၊ သပြေတန်းကျေးရွာနှင့် အောင်စေတနာကျေးရွာအကြား ရိစာခင်းရန် လိုအပ်သော အရှည်ပေ ၁၁၈၀ လမ်းပိုင်းနေရာကို လိုက်လံကြည့်ရှု စစ်ဆေးကြောင်းသိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ခေတ်မီတိုးတက်သော Smart City များ အကောင်အထည်ဖော် မြို့ပြဒေသသုံး ဆိုလာစနစ်များ တပ်ဆင်အသုံးပြု

**နေပြည်တော် အောက်တိုဘာ ၁၇**

နိုင်ငံတော်အတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော Smart City များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့ပြဒေသသုံး ဆိုလာစနစ်များ တပ်ဆင်အသုံးပြုမှုသည် အခရာကျလှကြောင်း၊ Smart City ၏ အင်္ဂါရပ်များတွင် Energy Efficient Smart Building များ၊ Smart Home များ၊ Electric Vehicle များ၊ Data Centre များ စသည်တို့ပါဝင်ကြောင်း၊ ခေါင်မိုးများပေါ်တွင် တပ်ဆင်အသုံးပြုသည့် စနစ်နှင့် မြေပေါ်တွင် တပ်ဆင်အသုံးပြုသည့် Ground-mounted Solar PV စနစ်များရှိကြောင်း၊ ပြည်သူများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်ကောင်းများကို ပိုင်ဆိုင်နိုင်စေရန်အတွက် မြို့ပြဒေသသုံး ဆိုလာစနစ်များ တိုးမြှင့်သုံးစွဲနိုင်စေရေး အလေးပေးကာ ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက ပြောကြားသည်။

ယမန်နေ့ နံနက်ပိုင်း၌ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် Horizon Lake View ဟိုတယ်ရှိ Ground-mounted ဆိုလာစနစ်များကို စစ်ဆေးစဉ် တာဝန်ရှိသူများကို ဒုတိယဝန်ကြီးက ထိုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ ဆိုလာစနစ်တာဝန်ခံက ၄၄၅ ဝပ်အား Mono-crystalline Silicon ဆိုလာမော်ကျူး အခု ၁၅၆၀၊ ၁၁၀ ကီလိုဝပ် အင်ဗာတာ ငါးခုတို့ဖြင့် တပ်ဆင်စွမ်းအား ၆၉၄ ကီလိုဝပ်ရှိသည့် Ground-mounted Solar PV System ကို တပ်ဆင်လျက်ရှိကြောင်း၊ ဟိုတယ်အတွင်း မြေနေရာရရှိမှုအပေါ် အခြေခံလျက် ထပ်မံတပ်ဆင်ရန်လည်း စီမံလျာထားကြောင်း တင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး Ground-mounted Solar PV System တပ်ဆင်ထားမှုကို လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာသို့ ပို့ကုန်များတိုးတက်တင်ပို့လျက်ရှိ

**ရန်ကုန်　အောက်တိုဘာ　၁၇**

ယခုလမှစ၍ မုတ်သုံရာသီကုန်ဆုံးပြီး ပွင့်လင်းရာသီသို့ စတင်ဝင်ရောက်ပြီဖြစ်သဖြင့် ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် ပင်လယ်ရေကြောင်းဖြင့် နိုင်ငံတကာကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ ပုံမှန်အနေအထားသို့ ရောက်ရှိနေပြီး ပို့ကုန်များ တိုးတက်တင်ပို့လျက်ရှိနေကြောင်း သိရသည်။

**ကုန်သေတ္တာတင် သင်္ဘောများ ဝင်ရောက်**

ရန်ကုန်ဆိပ်ကမ်း၌ ယမန်နေ့ ဆိုက်ကပ်ထားသည့် သင်္ဘောများမှာ ကုန်သေတ္တာတင် သင်္ဘော နှစ်စင်း၊ အထွေထွေကုန်စည်တင် သင်္ဘော ၁၅ စင်း၊ စက်သုံးဆီသင်္ဘော ငါးစင်းနှင့် စားသုံးဆီ သင်္ဘော တစ်စင်းတို့ ပါဝင်ပြီး စုစုပေါင်းသင်္ဘော ၂၃ စင်း ဆိုက်ကပ်၍ ကုန်တင်ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ကုန်သေတ္တာတင်သင်္ဘောများဖြင့် ဓာတ်မြေဩဇာအမျိုးမျိုး၊ အထည်အလိပ်၊ ဆေးနှင့်ဆေးပစ္စည်း၊ စားသောက်ကုန်၊ လျှပ်စစ်ပစ္စည်း၊ စက်နှင့် ဆက်စပ်ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်း သုံးပစ္စည်း၊ ကော်စေ့ စသည်တို့ တင်သွင်းပြီး ရေထွက်ကုန်၊ ချုပ်ပြီး အဝတ်အထည်၊ ကောက်ပဲသီးနှံထွက်ကုန်၊ သစ်တောထွက်ကုန်နှင့် ရော်ဘာတို့ကို တင်ပို့လျက်ရှိရာ အောက်တိုဘာလတွင် ဝင်ရောက်ရန် လျာထားသည့် ကုန်သေတ္တာတင် သင်္ဘောများအနက် ယနေ့အထိ သင်္ဘောစင်းရေ ၅၅ ရာခိုင်နှုန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

**ဆန်နှင့် ကောက်ပဲသီးနှံများ ပြည်ပသို့ တင်ပို့**

မြန်မာ့ပို့ကုန် ဆန်နှင့် လယ်ယာထွက်ကုန် ကောက်ပဲသီးနှံများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာတွင် ပမာဏများသော ပို့ကုန်များကို ကုန်သေတ္တာတင်သင်္ဘောများဖြင့်သာမက အထွေထွေကုန်စည်တင် သင်္ဘောများဖြင့် သင်္ဘောစင်းလိုက် ငှားရမ်းပို့ဆောင်လျက်ရှိရာ ယနေ့တွင် အရှေ့တောင်အာရှနှင့် ဥရောပသို့ ဆန်တင်သင်္ဘောသုံးစင်း၊ ပြောင်းဆန်တင်သင်္ဘော လေးစင်း အပါအဝင် အထွေထွေကုန်တင်သင်္ဘော ၁၅ စင်းဖြင့် ကုန်ပစ္စည်းများ တင်ဆောင်လျက်ရှိသည်။



ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာတင်မော်တော်ယာဉ်ကို တွေ့ရစဉ်။

**စက်သုံးဆီနှင့် စားသုံးဆီ သင်္ဘောများဆိုက်ကပ်**

ယင်းအပြင် ပြည်သူများ သုံးစွဲရန် ဓာတ်မြေဩဇာများ၊ ဘိလပ်မြေများ၊ စက်ယန္တရားကြီးများ၊ စက်သုံးဆီနှင့် စားသုံးဆီများ တင်ဆောင်လာသော သင်္ဘောများမှာလည်း သီလဝါနှင့် ရန်ကုန်ဆိပ်ကမ်းများတွင် ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**မြန်မာ့ထွက်ကုန်များ နိုင်ငံတကာသို့ တိုးတက်ပို့ဆောင်**

ပင်လယ်ရေကြောင်း ကုန်သွယ်မှုအနေဖြင့် ပွင့်လင်းရာသီရောက်သည်နှင့် ရေကြောင်းသယ်ယူပို့ဆောင်မှု ကောင်းမွန်လာကာ သင်္ဘောကြီးများ ပိုမိုဝင်ရောက်လာပြီး မြန်မာ့ထွက်ကုန်များကို နိုင်ငံတကာသို့ တိုးတက်ပို့ဆောင်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**


ရန်ကုန်ဆိပ်ကမ်း၌ ကုန်သေတ္တာများတွင် တင်ဆောင်လာသော ကုန်စည်နှင့် ကုန်စည်များ တင်ချနေမှုကို တွေ့ရစဉ်။



သီလဝါဆိပ်ကမ်း၌ ဆိုက်ကပ်လာသော သင်္ဘောများကို တွေ့ရစဉ်။



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော်　အောက်တိုဘာ　၁၇**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်းအရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဦးဝင်း ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ မြစကြာကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ သံဃတက္ကသိုလ်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ရေလယ်ကျောင်းတိုက်နှင့် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ စိန်မြမ္မသာလာ ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ နိဂြောဓာရုံ (ညောင်ပင်သာ) ပရိယတ္တိစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ခွယ်ကဘောင်ပညာဥယျာဉ်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနဗ္ဗဟိတကာရီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ မစိုးရိမ်ပရဟိတ ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဆေးတန်းတောင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာဗောဓိ ပရဟိတကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သာသနာ့ ၂၅၀၀ ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော်　အောက်တိုဘာ　၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၃၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ ဒေသခံပြည်သူ ၃၈၀၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ် အတွင်းရှိမြို့နယ် လေးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၈၄ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ကျောက်ဆည်ခရိုင်နှင့် ရမည်းသင်းခရိုင်တို့မှ ဒေသခံပြည်သူ ၆၆၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် ဖျာပုံမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံ တပ်မတော်သားများက ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖန်မီးအိမ် နန်းချည် မကျွမ်းတော့ပြီ

**ဝ ထ က လ သ (နတလ)**

**ဆနင်းဒေသ၏ အတိတ်**

ကြယ်ရောင်များကို အမှီပြု၍ ဤရွာကလေးများ ပတ်ဝန်းကျင်မှ ကျွန်တော် ဖြတ်လျှောက်ခဲ့ဖူးပါသည်။ ထိုစဉ်အချိန်က အမှောင်ထုတွေကြားမှာ မီးရောင်မှိတ်တုတ်မှိတ်တုတ်နှင့် ဟိုတစ်စု ဒီတစ်စု တည်ရှိနေကြသော ရွာအစုစုတို့၏ ခပ်ရေးရေး မြင်ကွင်းကို မြင်ယောင်နေမိပါသေးသည်။ တစ်ခါတစ်ရံတွင် မီးရောင်များ လုံးဝမရှိသော ညမှောင်မိုက်မည်းမည်း၌လည်း ရွာလယ်လမ်းကို ဖြတ်သန်းခဲ့ရ၏။ ရွာလေးများသည် တောင်ပေါ်ဒေသဖြစ်သဖြင့် အနိမ့်အမြင့် မညီသောမြေတွင် တည်ရှိနေကြ၏။ ညအချိန် တချို့သော ကျေးရွာများ၏ ရွာလယ်လမ်း၊ တချို့ကျေးရွာများ၏ ရွာနံဘေးအတိုင်း ဖြတ်ကျော်ချီတက်ခဲ့ကြရသည်။ ထို့ကြောင့် မီးရောင်တို့သည် တချို့လမ်းအပေါ်ပိုင်းမှာ တလက်လက်၊ တချို့လမ်း၏ အောက်ဘက်ပိုင်းမှာ အလင်းရောင်မှုန်ပျပျဖြင့် အနိမ့်အမြင့် မညီမျှမှုကပင် ဆေးခြယ်မမီသော ပန်းချီကားတစ်ချပ်ပမာ။

ဤဆောင်းပါးကို ရေးသားရင်း လွန်ခဲ့သော ၃၉ နှစ်ကျော်ကာလ ၁၉၈၃ ခုနှစ်က တပ်မ ၅၅ စစ်ကြောင်းများနှင့်အတူ အရဏ်တက်တိုက်ပွဲ တိုက်ခိုက်ရန်အတွက် တစ်ညလုံး night move ဖြင့် ခရီးပြင်းနှင်ခဲ့ရသော လမိုက်ညတစ်ညကို ပြန်လည်ထိရှ ခံစားနေမိသည်။ ထိုစဉ်အခါ ကာလများသည် ပင်လုံဒေသ ဆနင်းတောင်ကြောတွင် ပြည်တွင်းသောင်းကျန်းမှု နှိမ်နင်းရေးနှင့် မူးယစ်ဆေးဝါးကင်းစင်ရေး စစ်ဆင်ရေးများ ဆင်နွှဲနေသော အချိန်ကာလ ဖြစ်ပါသည်။ ဆနင်းဒေသတွင် တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားခဲ့ပြီးနောက် တပ်မတော်သားများ၏ စွန့်လွှတ်အနစ်နာခံပေးဆပ်မှုများနှင့်အတူ မူးယစ်ဌာနချုပ်စခန်းအား အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့ကြပါသည်။

တပ်မတော်သည် ၁၉၇၆ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် မိုးဟိန်းစစ်ဆင်ရေးကို အဆင့် (၁) မှ (၁၄) အထိ ပြုလုပ်ခဲ့ပါသည်။ ထိုစစ်ဆင်ရေးများတွင် စစ်သည်တော် ၆၉ ဦး ကျဆုံးခဲ့ပြီး ၄၅၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းကို တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည်ကိုလည်း အမှတ်ရနေမိပြန်ပါသည်။

ထိုသို့ ဆနင်းစခန်းသိမ်းတိုက်ပွဲပြီး နောက်ပိုင်းတွင်လည်း နယ်မြေစိုးမိုးရေးအတွက် ဤကျေးရွာကလေးများကို နေ့၊ ည အကြိမ်ကြိမ် ဖြတ်သန်းခဲ့ရသည်။

ဤဒေသတွင် လေတို့သည် အေးစက်ရှတကြမ်းတမ်း၏။ ရေတို့သည် ကြည်လင်ပြတ်သား၏။ နှင်းပွင့်နှင်းစက်တို့သည် ဖြူဖွေးသန့်စင်လှပကြပြီး ဆောင်းဆိုလျှင် ရေခဲလုမတတ် အေးမြ၏။ ထင်းရှူးတောတန်းများနှင့်အတူ အရိုင်းဆန်ဆန် လှပသောဒေသတစ်ခုလည်း ဖြစ်ပေသည်။

သို့သော် ထိုအချိန်၊ ထိုကာလက ထိုဒေသသည် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခဲ့။ လျှပ်စစ်မီးရောင်တို့သည်လည်း ဒေသခံတို့၏ အိပ်မက်ပမာ မျှသာ။ နယ်မြေသည်လည်း တည်ငြိမ် အေးချမ်းမှုများ ဝေးကွာနေခဲ့သော အချိန်ကာလဖြစ်၏။ စားဝတ်နေရေးအတွက် တောင်ယာစပါး၊ လက်ဖက်၊ လိမ္မော်၊ ထောပတ်နှင့် ချဉ်စော်ကားသီး စိုက်ခင်းများအကြား ဆလတ်၊ မုန်ညင်းတို့ ယှဉ်တွဲလျက် ဘိန်းစိုက်ခင်းအချို့ကို မြင်တွေ့ရတတ်သောကာလလည်း ဖြစ်ပေသည်။

**ဆနင်းဒေသ၏ ပစ္စုပ္ပန်**

ဆယ်စုနှစ်များအတွင်း နိုင်ငံတော်၏ မူးယစ်ဆေးဝါးပပျောက်ရေး အစားထိုးဖွံ့ဖြိုးမှုစီမံကိန်းများနှင့်အတူ ယခုတော့ဖြင့် ဤကျေးရွာများသည် ယခင်အခြေအနေနှင့် များစွာကွာခြား ဖွံ့ဖြိုးတိုးတက်ခဲ့ပေပြီ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး များစွာကောင်းမွန်ခဲ့လေပြီ။ ကျေးရွာအတော်များများ လျှပ်စစ်မီးရောင်တို့ဖြင့် ထိန်ထိန်ညီးခဲ့ပေပြီ။ ဘိန်းစိုက်ခင်းများသည်လည်း မရှိတော့ပြီ။

ဆနင်းဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်းမှ မြို့နယ်အတော်များများနှင့် ဆက်စပ်နေပါသည်။ တောင်ကြီးမှ နှစ်နာရီခွဲ၊ သုံးနာရီဝန်းကျင်ခန့် ကားမောင်းလျှင် ရောက်နိုင်၏။ ဟိုပုံးမြို့နယ်နှင့်လည်း ထိစပ်နေ၏။ ရပ်စောက်မြို့နယ်၊ မိုင်းပျဉ်းဒေသသို့လည်း အလွယ်တကူ သွားလာနိုင်ပြီး လဲချားမြို့နယ်အတွင်းမှ ကျေးရွာများသို့လည်း လမ်းများဆက်သွယ်ထားပါသည်။ ပင်လုံမှ နှစ်နာရီဝန်းကျင်လောက်သွားလျှင်ရောက်နိုင်ပြီး မိုင်းကိုင်မြို့အထိရောက်သော တောတွင်းလမ်းများရှိသကဲ့သို့ မိုင်းပွန်ဒေသသို့လည်း သွားလာနိုင်ပါသည်။

❖ ဆနင်းဒေသသည် ရှမ်းပြည်နယ်တောင်ပိုင်းမှ မြို့နယ်အတော်များများနှင့် ဆက်စပ်နေပါသည်။ တောင်ကြီးမှ နှစ်နာရီခွဲ၊ သုံးနာရီဝန်းကျင်ခန့် ကားမောင်းလျှင် ရောက်နိုင်၏။ ဟိုပုံးမြို့နယ်နှင့်လည်း ထိစပ်နေ၏။ ရပ်စောက်မြို့နယ်၊ မိုင်းပျဉ်းဒေသသို့လည်း အလွယ်တကူ သွားလာနိုင်ပြီး လဲချားမြို့နယ်အတွင်းမှ ကျေးရွာများသို့လည်း လမ်းများဆက်သွယ်ထားပါသည်။ ပင်လုံမှ နှစ်နာရီဝန်းကျင်လောက်သွားလျှင် ရောက်နိုင်ပြီး မိုင်းကိုင် မြို့အထိရောက်သော တောတွင်းလမ်းများရှိသကဲ့သို့ မိုင်းပွန်ဒေသသို့လည်း သွားလာနိုင်ပါသည်။



ပင်လုံ-ဖက်နမ်-ကျောက်တန်းကားလမ်းမကြီး။



ပင်လုံမြို့ ကိုးနဝင်းစေတီတော်မြတ်ကြီးအား ညအချိန် လျှပ်စစ်မီးပူဇော်ထားရှိမှု။

နောင်ပန်ပိန်းကျေးရွာသည် လွိုင်လင်ခရိုင်၊ ပင်လုံမြို့ အနောက်ဘက် ငါးမိုင်အကွာရှိ အမြင့်ပေ ၅၀၀၀ ကျော်သော ဆနင်းတောင်ကြောပေါ်၌ တည်ရှိပါသည်။ နောင်ပိန်းရွာ (ခ) နောင်ပန်ပိန်းရွာ၊ ကာဖီရွာ၊ ကောင်းမဲ့ကလျာရွာ၊ ဟွေဆန်းရွာဦးအနီးရှိ ပန်းတင်ဖော်တောင်တော်ပေါ်၌ ကိုးနဝင်းစေတီတော်ကြီး တည်ရှိပါသည်။ ပအိုဝ်းတိုင်းရင်းသားခေါင်းဆောင် **ဦးအောင်ခမ်းထီ**၏ တိုက်တွန်းချက်အရ သာသနာ့နယ်မြေဟောင်းဖြစ်သော ဤပန်းတင်ဖော်တောင်တော်ကို ဘုရားဝတ္တကမြေအဖြစ် ရွေးချယ်သတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။

**ပင်လုံ- ကျောက်တန်း လမ်းမကြီး**

ထိုတောင်ကြောပေါ်မှ ကြည့်လျှင် ပင်လုံမြို့နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်ကို ဆက်သွယ်ထားသည့် ပင်လုံ - ဖက်နမ် - ကျောက်တန်းခရိုင်ချင်းဆက် ၁၄ ပေ အကျယ် ကတ္တရာလမ်းမကြီးကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်ရမည်ဖြစ်ပါသည်။ ယင်းလမ်းမကြီးသည် ၂၉/၅ မိုင် ရှည်လျားကာ ပင်လုံမြို့မှ ဖက်နမ်တံတားအထိ မိုင် ၂၀၊ ဖက်နမ်တံတားမှ ကျောက်တန်းကျေးရွာအထိ ၉/၅ မိုင် ကွာဝေးပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ပင်လုံမြို့မှ ကိုးနဝင်းစေတီတော်ကြီးအထိ ခြောက်မိုင်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် မြေသားလမ်းဖောက်လုပ်ပေးခဲ့ပါသည်။ ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဦးစီးဌာနက လုပ်ငန်းလွှဲပြောင်းရယူကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ပေးခဲ့ခြင်းဖြစ်ပါသည်။

လမ်းမကြီး၏ အနောက်ဘက်ရှိ ဟဲနန်းကျေးရွာအုပ်စုနှင့် ဆဟောင်းကျေးရွာအုပ်စုများ၌ ပအိုဝ်းတိုင်းရင်းသား ၇၀ ရာခိုင်နှုန်း၊ ရှမ်း၊ ပလောင်နှင့် လီဆူတိုင်းရင်းသား ၃၀ ရာခိုင်နှုန်းခန့် နေထိုင်ကြ၏။ လမ်းမကြီး၏ အရှေ့ဘက်ရှိ ဆနင်းတောင်ကြောတစ်လျှောက်၌မူ ဆနင်းကျေးရွာအုပ်စု၊ နားတစ်ကျေးရွာအုပ်စုနှင့် နောင်လိုင်ကျေးရွာအုပ်စုများ တည်ရှိပြီး ရှမ်းတိုင်းရင်းသား ၆၅ ရာခိုင်နှုန်း၊ ပအိုဝ်းနှင့် ပလောင်တိုင်းရင်းသား ၃၅ ရာခိုင်နှုန်း နေထိုင်ကြ၏။ ဒေသခံများသည် တောင်ယာလုပ်ငန်း၊ လက်ဖက်၊ လိမ္မော်၊ ထောပတ်နှင့် ချဉ်စော်ကားသီးတို့ကို ဥယျာဉ်ခြံများဖြင့် စိုက်ပျိုးကြပါသည်။

ထိုလမ်းမကြီးကို အသုံးပြုလျက် ဆနင်းကျေးရွာအုပ်စု၊ ဟဲနန်းကျေးရွာအုပ်စုနှင့် ဆဟောင်းကျေးရွာအုပ်စု သုံးခုရှိ ကျေးရွာများမှ ဒေသခံများသည် ဟိုပုံးမြို့နှင့် တောင်ကြီးမြို့များသို့ မော်တော်ကား / မော်တော်ဆိုင်ကယ်များဖြင့် နေ့ချင်းပြန် လွယ်ကူချောမွေ့စွာ သွားလာနိုင်ကြပြီ ဖြစ်ပါသည်။ ယခင်က တောင်ကြီး၊ မိုင်းပွန်၊ လွိုင်လင်နှင့် ပင်လုံ မူလလမ်းကြောင်းဟောင်း ၅၆ မိုင်အစား ယခုအခါ ခရီးတို၍ လမ်းကြောင်းပိုကောင်းသည့် ပင်လုံ - ဖက်နမ် - ကျောက်တန်း ခရိုင်ချင်းဆက် အရန်လမ်းမကြီး တစ်ခု ထပ်မံပေါ်ပေါက်လာခဲ့ခြင်းကြောင့် လွိုင်လင်ခရိုင်၊ ဟိုပုံးခရိုင်နှင့် တောင်ကြီးခရိုင်တို့၏ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုလုပ်ငန်းများသည်လည်း ပိုမိုတိုးတက်ခဲ့ပေပြီ။

**လျှပ်စစ်ဓာတ်အားပြည်ထွန်းကား**

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေဖြင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အစရှိသည့် လူမှုစီးပွားဘဝများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အထူးအရေးပါလျက်ရှိနေပါသည်။ ယနေ့ဖွံ့ဖြိုးမှု အမြင့်ဆုံးနိုင်ငံများမှာ လျှပ်စစ်ဓာတ်အား အလျှံပယ်သုံးနိုင်သော နိုင်ငံများပင် ဖြစ်ကြပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးသည် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုနှင့် တိုက်ရိုက်အချိုးကျမည်ထင်ပါသည်။

မြန်မာ့သမိုင်း၌ ကိုလိုနီအစိုးရသည် ၎င်းတို့အကျိုးစီးပွားအတွက် အဓိကကျသော သတ္တုတူးဖော်ရေး၊ ရတနာတူးဖော်ရေး လုပ်ငန်းခွင်များဖြစ်သော

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

မိုးကုတ်၊ ဟိန္နား၊ နမ္မတူ၊ မော်ချီး အစရှိသော ဒေသများတွင်သာ အသေးစားရေအားလျှပ်စစ် လုပ်ငန်းများ တည်ဆောက်ခဲ့ကြသည်။ ၎င်းတို့ နွေရာသီအပန်းဖြေအနားယူလေ့ရှိသည့် မြို့များနှင့် ရုံးစိုက်ရာမြို့ကြီးများအတွက်ကိုလည်း အသေးစားရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခဲ့ကြသည်။ သို့သော် ပြည်သူအများစုအတွက်မူ လျှပ်စစ်ဓာတ်အားရရှိရေး မစဉ်းစားခဲ့ကြ၊ ခံစားခွင့်မရခဲ့ကြပေ။

လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်လောက်က ပဲခူးယ်ကုန်း ကျောက်ကြီးချောင်းပေါ်၌ "ဘောပထရေအားလျှပ်စစ်စီမံကိန်း"၊ လွတ်လပ်ရေးရပြီးကာလ ပဲခူးအနောက် ပဲခူးချောင်းပေါ်က "ဇော်ဂင်းတူစီမံကိန်း" များ ဆောင်ရွက်ရန်စီစဉ်ခဲ့သော်လည်း တစ်နိုင်ငံလုံးမှာ ရောင်စုံသူပုန်များ ထကြွလာသဖြင့် စီမံကိန်းများ မအောင်မြင်ခဲ့၊ မလုပ်နိုင်ခဲ့။ ဗြိတိသျှတို့ မြန်မာကိုအုပ်ချုပ်ပြီး နိုင်ငံပိုင်သယံဇာတပေါင်းများစွာကို ကုပ်သွေးစုပ်ယူသွားခဲ့သည်မှာ နှစ်ပေါင်းရာဂဏန်းရှိခဲ့သော်လည်း ပြန်လည်ထူထောင်ရေးအတွက် သိသာထင်ရှားသည့် ထောက်ပံ့မှုမပေးခဲ့။

ဂျပန်ကတော့ မြန်မာနိုင်ငံကို စစ်လျော်ကြေးပေးခဲ့ပါသည်။ ထိုဂျပန်စစ်လျော်ကြေးဖြင့်ပင် ၁၉၅၄ ခုနှစ်တွင် ဘီလူးချောင်း အမှတ် (၂) စက်ရုံကို စတင်ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၆၀ ခုနှစ် ဧပြီလ ၁ ရက်မှာတော့ ရန်ကုန်ကို ဓာတ်အားစတင်ပေးနိုင်ခဲ့သည်။ သာစည်မှတစ်ဆင့် မန္တလေးကိုတော့ ၁၉၆၃ ခုနှစ်မှ စတင်ပေးနိုင်ခဲ့ပါသည်။

ထို့နောက် ခေတ်အဆက်ဆက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ စွမ်းဆောင်နိုင်မှုကြောင့် ယခုအခါ တစ်နိုင်ငံလုံး စုစုပေါင်း အိမ်ထောင်စုအရေအတွက်၏ ၆၃ ဒသမ ၆၁ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိနေပြီဖြစ်ကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများအားလုံးသို့ လျှပ်စစ်ဓာတ်အားကွန်ရက် ၁၀၀ ရာခိုင်နှုန်း ဖြန့်ကြက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရပါသည်။

**ဆနင်းဒေသ မီးလင်းရေး**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် နယ်စပ်ဒေသများ၏ အဓိကလိုအပ်ချက်များဖြစ်သော အခြေခံအဆောက်အဦများ၊ လမ်းများ၊ တံတားများ၊ စွမ်းအင်လုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေး၊ သာသနာရေးလုပ်ငန်းများကို ပြည်သူများ၏ လိုလားချက်များအပေါ်အခြေခံ၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ မီးလင်းရေးလုပ်ငန်းသည်လည်း ဒေသခံပြည်သူများ၏ လူနေမှုဘဝများအား များစွာ အကျိုးဖြစ်ထွန်းစေလျက်ရှိပါသည်။ မီးလင်းရေးလုပ်ငန်းများတွင် လျှပ်စစ်မီးလိုင်းများ သွယ်တန်းပေးခြင်း၊ ထရန်စဖော်မာများ တည်ဆောက်ပေးခြင်း၊ ဆိုလာပြားများ တပ်ဆင်ပေးခြင်း၊ မီးစက်များ ဖြန့်ဝေပေးခြင်းနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံငယ်များ တည်ဆောက်ပေးခြင်း စသည်တို့ပါဝင်ပါသည်။

ကိုးနဝင်းစေတီတော်အနီး ကျေးရွာအုပ်စု နှစ်ခုရှိ ကျေးရွာပေါင်း ၁၄ ရွာ၊ လူဦးရေ ၁၅၀၀၀၊ အိမ်ခြေ ၂၅၀၀ တို့၏ ပညာရေး၊ ကျန်းမာရေး၊ အသိပညာပွင့်လင်းတိုးတက်ရေး၊ ဘက်စုံဖွံ့ဖြိုးရေးနှင့် ဒေသခံများ လျှပ်စစ်မီးသုံးစွဲနိုင်ရေးတို့အတွက် သုံးနှစ်ခြောက်လ စီမံကိန်းရေးဆွဲကာ ကျပ်သန်းပေါင်း



ပင်လုံမြို့ ကိုးနဝင်းစေတီတော်မြတ်ကြီးမှ ဆနင်းကျေးရွာအထိ လျှပ်စစ်မီးသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းဓာတ်ပုံ။

> **" တောင်ယာလုပ်ငန်းသည် ပင်ပန်းသောလုပ်ငန်း ဖြစ်၏။ နေပူပြန်လျှင်လည်း ချွေးတလုံးလုံး၊ မိုးရွာပြန်လျှင်လည်း မိုးတရွှဲရွှဲနှင့် ဆောင်းဆိုလျှင်လည်း နှင်းတစိုစိုဖြင့် နေထွက်မှနေဝင်ဆိုသလို တောင်ယာ လုပ်ငန်းခွင် ဝင်ကြရသည်။ တောင်ယာမှအပြန်တွင် အလင်းရောင် ပျောက်လေပြီ။ အမှောင်ညများတွင် ရေနံဆီမီးခွက်၊ ဖန်မီးအိမ် အလင်းရောင်တို့ကို အားပြု၍ စားသောက်နေထိုင်မှုအား ဖြတ်ကျော်ကြရပါသည်။ ထိုရေနံဆီမီးခွက်နှင့် ဖန်မီးအိမ်တို့တွင် အသုံးပြုသော "မီးစာ" ကို "နန်းချည်" ဟုလည်း ခေါ်ပါသည်။ ယင်းမီးစာကို အချိန်ကြာကြာထွန်းလျှင် တမြည့်မြည့်ကျွမ်းသွားလေ့ရှိသဖြင့် မီးစာကိုချွေချွေ ပေးရပါသည် "**

၇၉၇ ဒသမ ၈၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေး နိုင်ခဲ့ပါသည်။

စီမံကိန်းစတင်သည့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် ၁၆၂ သန်းဖြင့် ပင်လုံမြို့မှ ကိုးနဝင်းစေတီသို့ ၁၁ ကေဗွီ၊ ၄၀၀ ဗို့လိုင်း ၅/၄ မိုင်သွယ်တန်းခြင်းနှင့် ၅၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး တည်ဆောက်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

စီမံကိန်း ဒုတိယနှစ်ဖြစ်သော ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၂၂၁ ဒသမ ၀၆၅ သန်းဖြင့် ဆဟောင်းကျေးရွာအုပ်စု၊ နောင်ပန်ပိန်းကျေးရွာ၊ ဟဲနန်းကျေးရွာအုပ်စု၊ ကာဖီနှင့် ကျူဖော်ကျေးရွာများတွင် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၁၈ မိုင်ကို SAC ကြိုးဖြင့် သွယ်တန်းခြင်း၊ ၄၀၀ ဗို့လိုင်း သုံးမိုင်ကို ABC ကြိုးဖြင့် သွယ်တန်းခြင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ လေးလုံးတပ်ဆင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။

ထို့နောက် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လထိ ခြောက်လ ဘဏ္ဍာရေးကာလတွင်လည်း ငွေကျပ် ၁၇၃ ဒသမ ၁၀၉ သန်းဖြင့် ဟွေဆန်ကျေးရွာအတွက် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၅ မိုင်ကို SAC ကြိုးဖြင့်၊ ၄၀၀ ဗို့လိုင်း ၁ ဒသမ ၆ မိုင်ကို ABC ကြိုးဖြင့် သွယ်တန်းခြင်း၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ယခု ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်တွင် ဟွေဟကျေးရွာနှင့် ဟွေမုန်ကျေးရွာ မီးလင်းရေးလုပ်ငန်းများအတွက် ၁၁ ကေဗွီလိုင်း ၁ ဒသမ ၈၉ မိုင်၊ ၄၀၀ ဗို့လိုင်း ၂ ဒသမ ၅ မိုင်၊ ၁၀၀ ကေဗွီအေ ထရန်စဖော်မာ သုံးလုံးအတွက် ခွင့်ပြုရန်ပုံငွေ ၂၄၁ ဒသမ ၆၄၆ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ဆက်လက်၍ ပင်လုံ – ဖက်နမ် – ကျောက်တန်းလမ်းမကြီး၏ ဝဲ / ယာ ရှိ ကျေးရွာများ လျှပ်စစ်မီးရရှိသုံးစွဲရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်စေရေးအတွက် **နတလ ဝန်ထမ်း**များသည် မြေပြင်ကွင်းဆင်း၍ စီမံကိန်းလုပ်ငန်းများ စနစ်တကျရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**ဖန်မီးအိမ် နန်းချည် မကျွမ်းတော့ပြီ**

ဤဒေသတွင် ဒေသခံတိုင်းရင်းသားအများစုသည် တောင်ယာလုပ်ငန်း လုပ်ကိုင်ကြပါသည်။ တောင်ယာလုပ်ငန်းသည် ပင်ပန်းသောလုပ်ငန်းဖြစ်၏။ နေပူပြန်လျှင်လည်း ချွေးတလုံးလုံး၊ မိုးရွာပြန်လျှင်လည်း မိုးတရွှဲရွှဲနှင့် ဆောင်းဆိုလျှင်လည်း နှင်းတစိုစိုဖြင့် နေထွက်မှနေဝင် ဆိုသလို တောင်ယာလုပ်ငန်းခွင် ဝင်ကြရသည်။ တောင်ယာမှအပြန်တွင် အလင်းရောင် ပျောက်လေပြီ။ အမှောင်ညများတွင် ရေနံဆီ မီးခွက်၊ ဖန်မီးအိမ် အလင်းရောင်တို့ကို အားပြု၍ စားသောက်နေထိုင်မှုအား ဖြတ်ကျော်ကြရပါသည်။ ထိုရေနံဆီမီးခွက်နှင့် ဖန်မီးအိမ်တို့တွင် အသုံးပြုသော **"မီးစာ"** ကို **"နန်းချည်"** ဟုလည်း ခေါ်ပါသည်။ ယင်းမီးစာကို အချိန်ကြာကြာထွန်းလျှင် တမြည့်မြည့်ကျွမ်းသွားလေ့ရှိသဖြင့် မီးစာကိုချွေချွေပေးရပါသည်။ မီးစာကို အပေါ်သို့ မြှင့်တင်ပေးရပါသည်။

စာရေးသူတို့ ငယ်စဉ်က သင်ကြားခဲ့ရသည့် – "ရွှေဘိုနယ်မှ ကောက်စိုက်သမများ ကျူးရင့်လေ့ရှိသော ကောက်စိုက်သမသီချင်း" တွင်ပါရှိသည့်

"မိုးကြီးချုပ်ရင် ကြိုလှည့်လို့
မှာခဲ့တယ်လေး၊
ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်
ထွန်းကြိုခဲ့လေး" ဟူသော စာပိုဒ်ကလေးမှာ အလင်းရောင်အတွက် ရေနံဆီ မီးခွက်နှင့် ဖန်မီးအိမ်ကိုဗဟိုပြုရသည့် တောင်သူဘဝ၊ လယ်သမားဘဝနှင့် ကျေးလက်ဘဝကို ပီပြင်စွာ ဖော်ပြနေပါသည်။

တကယ်တော့ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် တစ်မုဟုတ်ချင်း ဖန်တီးယူ၍ မရနိုင်ပါချေ။ ထို့အတူ "ခုရေတွင်းတူး၊ ခုရေကြည်သောက်ချင်" ၍လည်း မရနိုင်ပါ၊ "လက်ဖက်ကောင်းစားချင် ပလောင်တောင်တက် နေးရသည်" ဆိုသကဲ့သို့ပင် အခြေခံအုတ်မြစ် ခိုင်ခိုင်မာမာဖြင့် တစ်ဆင့်ချင်း တက်လှမ်းမှသာ ခိုင်မာသည့်ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်မည် ဖြစ်ပါသည်။

ယခုတော့ –

နိုင်ငံတော်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ဒေသအသီးသီးတွင် လမ်းတံတားများ ပေါ်ထွန်းလာပြီး ခရီးလမ်းပန်းဆက်သွယ်မှုများ ဖြောင့်ဖြူးကောင်းမွန်ခဲ့ပေပြီ။ ကျေးလက်ဒေသ၊ တောင်ပေါ်ဒေသများရှိ ဒေသခံတိုင်းရင်းသားများသည် လျှပ်စစ်မီးရရှိသုံးစွဲနိုင်ခဲ့ပေပြီ။ လျှပ်စစ်မီးရောင်၊ ဆိုလာမီးရောင်များဖြင့် ရွာလမ်းမြေမှာ ဝင်းဝင်းဝါလျက် ရှိနေကြလေပြီ။

မိုဘိုင်းဖုန်းဖြင့် အင်တာနက်များသုံးစွဲလာနိုင်ကြပြီဖြစ်သောကြောင့် အသိပညာများ သိသာစွာ ဖွံ့ဖြိုးပွင့်လင်းလာလေပြီ။ ရုပ်မြင်သံကြားမှ သတင်းအစီအစဉ်၊ ဇာတ်လမ်း၊ ပညာပေးအစီအစဉ်များကို ကောင်းမွန်စွာ ကြည့်ရှုနိုင်ကြပေပြီ။ ကျေးရွာနေကျောင်းသား ကျောင်းသူများသည်လည်း လျှပ်စစ်မီးအလင်းဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ စာပေဖတ်ရှုလေ့လာနိုင်ကြပေပြီ။ ထမင်းချက်၊ ဟင်းချက် အိမ်ထောင်မှုကိစ္စများ ဆောင်ရွက်ရာတွင် Digital Material Accessories များ တွင်ကျယ်စွာ အသုံးပြုလာနိုင်ပေပြီ။ လျှပ်စစ်ဓာတ်အားအသုံးပြု၍ တစ်ပိုင်တစ်နိုင် အသေးစားအိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ကြလေပြီ။ အသိပညာပွင့်လင်းမှုကြောင့် လူငယ်၊ လူရွယ် အများစုမှာ မူးယစ်ဆေးဝါးသုံးစွဲမှုလျော့နည်းခဲ့လေပြီ။

ဆိုရသော် အချိန်ကုန်သက်သာ၊ လူသက်သာခြင်း အကျိုးကျေးဇူးများကို ရရှိခံစားခဲ့ကြရလေပြီ။

ရေနံဆီမီးခွက်နှင့် ဖန်မီးအိမ်တို့နေရာတွင် ဆိုလာမီးများ၊ လျှပ်စစ်မီးများက အစားထိုးနေရာယူခဲ့လေပြီ။

**"ဖန်မီးအိမ် နန်းချည် မကျွမ်းတော့ပြီ"** ဟု ဆိုရပါမည်။

ရိုးသားမှုဝတ်စုံအပြည့်ဖြင့် ဤဒေသလေးသည် အမှောင်များကိုခွင်း၍ ထာဝရအလင်းဆောင်နိုင်သောဒေသဖြစ်ခဲ့ပြီဟု ယုံကြည်မိပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## မိုးနဲမြို့ ပြည်သူ့အားကစားကွင်း ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**မိုးနဲ အောက်တိုဘာ ၁၇** – ရှမ်းပြည်နယ်တောင်ပိုင်း မိုးနဲမြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း တောင်ကျချောင်းရေများ ဝင်ရောက်မှုမရှိစေရေးအတွက် ကွင်းပတ်ကျောက်စီ၊ အုတ်စီရေတား မြေတားမြောင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အရှည် ပေ ၅၅၀၊ အမြင့် ရှစ်ပေ ၊ အကျယ် ခြောက်ပေရှိ ကျောက်စီ၊ အုတ်စီ ရေတား မြေတားမြောင်းလုပ်ငန်းကို ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၅၉၄ သိန်းဖြင့် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ပြီး လုပ်ငန်းပြီးစီးမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

# ပြည်တွင်းစက်သုံးဆီ ဖူလုံစေရေး ပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်လျက်ရှိ




စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ အောက်တိုဘာ ၁၇ ရက် ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် MT ARDBEG သင်္ဘောသည် ဓာတ်ဆီ 92 Ron ၀ ဒသမ ၄၂ ဂါလန်သန်း၊ ဓာတ်ဆီ 95 Ron ၀ ဒသမ ၀၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၈၀ ဂါလန်သန်းကိုလည်းကောင်း၊ MT Glory Star သင်္ဘောသည် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ၂၂ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၁ ဒသမ ၅၀ ဂါလန်သန်းကိုလည်းကောင်း ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁၆ ရက်အထိ ရန်ကုန်သီလဝါ ဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီ အရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း အနည်းငယ်ကျဆင်းလာပြီး ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများမှာ တည်ငြိမ်လျက်ရှိကြောင်း သတင်းရရှိသည်။

## သီလဝါအထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း ၉၀ ကျော်အထိ တိုးတက်

နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်အတွက် အထူးစီးပွားရေးဇုန်များ ဆောင်ရွက်လျက်ရှိရာ သီလဝါအထူးစီးပွားရေးဇုန်ကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါစီမံကိန်း၏ ပထမအဆင့် စက်မှုဇုန် A (ဟက်တာ ၄၀၅ ဒသမ ၂၇၅)ကို ၃၀-၁၁-၂၀၁၃ ရက်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၉၉ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ဒုတိယအဆင့် အကောင်အထည်ဖော်မည့် စက်မှုဇုန် B (ဟက်တာ ၇၀၀)ကို ၂၁-၁၀-၂၀၁၆ ရက်နေ့တွင် ကွင်းဆင်းတိုင်းတာပြီး ဧရိယာ(၂-၁), (၂-၂), (၂-၃), (၂-၄) အပိုင်း (၄) ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည်။

သီလဝါအထူးစီးပွားရေးဇုန်ကို ရင်းနှီးတည်ဆောက်သူ အဖြစ် Myanmar Japan Thilawa Development Ltd. ကို တည်ထောင်ခဲ့ပြီး Myanmar Japan Thilawa Development Ltd. ၏ ခွင့်ပြုမတည်ငွေရင်း (Authorized Capital) နှင့် ရင်းနှီးမြှုပ်နှံမှု မတည်ငွေရင်း (Paid up Capital) တို့ဖြင့် ဆောင်ရွက်ခဲ့သည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ နိုင်ငံပေါင်း ၂၁ နိုင်ငံမှ ကုမ္ပဏီပေါင်း ၁၂၂ ခု ခွင့်ပြုခဲ့ပြီး လက်ရှိတွင်စီးပွားဖြစ်လည်ပတ်နေသည့် စက်ရုံပေါင်း ၁၀၄ ခုထိ ရှိပြီဖြစ်ကာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း အလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် လုပ်သားအင်အား ၂၀၀၀၀ ကျော်ကို ဖန်တီးပေးနိုင်ကြောင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်လုပ်ငန်းများ၏ နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှုပမာဏတွင် ဂျပန်က အများဆုံးဖြစ်ကာ စင်ကာပူက ဒုတိယနှင့် ထိုင်းနိုင်ငံက တတိယ အများဆုံးဖြစ်ကြောင်း သိရသည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်စက်တင်ဘာလအထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးမြှင့်ထည့်ဝင်ခဲ့သည့် ကုမ္ပဏီ ၁၄ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာသန်း ၉၀ ဒသမ ၇၆၃ တိုးတက်လာကြောင်းနှင့် ဇုန်အတွင်းရှိ စက်ရုံများမှ ပြည်တွင်းရှိ လိုအပ်သည့် ကုန်ပစ္စည်းများကို သွင်းကုန်အစားထိုးအဖြစ် ထုတ်လုပ်ပေးလျက်ရှိသကဲ့သို့ ပြည်ပဈေးကွက်များသို့လည်း ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ ထုတ်လုပ်တင်ပို့ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## အာဆီယံနိုင်ငံများ၏ တီထွင်မှုမူပိုင်ခွင့်စနစ်အပေါ် ပဏာမလေ့လာမှုနှင့် စပ်လျဉ်း၍ စိတ်ပါဝင်စားသူ မည်သူမဆို ဖြေကြားနိုင်

အာဆီယံနိုင်ငံများ၏ မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ASEAN IPR Action Plan) (၂၀၁၆-၂၀၂၅) ၏ အစီအစဉ် (၉.၅) အရ မူပိုင်ခွင့်ဆိုင်ရာ အကာအကွယ်ပေးမှုကို မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားသော အာဆီယံအဖြစ် ဒေသတွင်းချမှတ်ထားသောလမ်းစဉ်နှင့်အညီ အာဆီယံနိုင်ငံများ၏ တီထွင်မှုမူပိုင်ခွင့် စနစ်တစ်ရပ် တည်ထောင်နိုင်ရန်ရည်ရွယ်၍ တီထွင်မှု မူပိုင်ခွင့်စနစ်အပေါ် ပဏာမလေ့လာမှုကို အာဆီယံမူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ (ASEAN Working Group on IP Cooperation – AWGIPC) နှင့် Patent Task Force (Patent-TF) တို့ ပူးပေါင်း၍ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့၏ ထောက်ပံ့မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံရှိ မူပိုင်ခွင့်နှင့်သက်ဆိုင်သည့် အဖွဲ့အစည်းအသီးသီးမှ အဆိုပါလေ့လာမှုအတွက် သုံးစွဲသူများဘက်သို့ ဆန်းစစ်ချက်မေးခွန်းလွှာများ (Demand side survey) ကို ဖြေဆိုခြင်းအားဖြင့် အာဆီယံတီထွင်မှု မူပိုင်ခွင့်စနစ်တစ်ရပ်တည်ထောင်ရာတွင် လက်ရှိအခြေအနေများကို ပါဝင်ဖြေကြားနိုင်မည်ဖြစ်ပြီး အာဆီယံနိုင်ငံများအတွက် စီးပွားရေးနှင့်နည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်ရာတွင် အပြန်အလှန်အထောက်အပံ့ပေးနိုင်မည့် တီထွင်မှု မူပိုင်ခွင့်စနစ်တစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

သို့ပါ၍ အာဆီယံနိုင်ငံများ၏ တီထွင်မှု မူပိုင်ခွင့်စနစ်အပေါ် ပဏာမလေ့လာမှုနှင့် စပ်လျဉ်း၍ Demand Side Survey ကိုစိတ်ပါဝင်စားသူမည်သူမဆို (၂၃.၁၀.၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ဝင်ရောက်ဖြေကြားနိုင်ပါကြောင်း သတင်းရရှိသည်။

## လွယ်ဂျယ်နယ်စပ်ဂိတ်မှ တစ်သျှုးငှက်ပျော ပိုမိုတင်ပို့နိုင်

တစ်သျှုးငှက်ပျောကို ကချင် စစ်ကိုင်းတိုင်းဒေသကြီး ငါးအိုးပြည်နယ်တွင် မိုးမောက်မြို့နယ်၊ မြို့နယ်တို့၌ အများဆုံး စိုက်ပျိုးမန်စီမြို့နယ်၊ ရွှေကူမြို့နယ်နှင့် လုပ်ကိုင်ကြကြောင်း သိရှိရပြီး



စိုက်ပျိုးထွက်ရှိသည့် တစ်သျှုးငှက်ပျောကို လွယ်ဂျယ်နယ်စပ်မှ တစ်ဆင့် တရုတ်နိုင်ငံသို့ နှစ်စဉ်တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ စက်တင်ဘာလထိ) တွင် တန်ချိန် ၁၅၁၃၈တန် (တန်ဖိုး အမေရိကန်ဒေါ်လာ ၅ ဒသမ ၈၆၈ သန်း) တင်ပို့ရောင်းချနိုင်ခဲ့သောကြောင့် ယခင်နှစ် ကာလတူထက် တန်ချိန် ၃၃၉၄ တန် (တန်ဖိုးအမေရိကန် ဒေါ်လာ ၁ ဒသမ ၁၄၆ သန်း) ပိုမိုတင်ပို့ ရောင်းချနိုင်ခဲ့သည်။ ဒေသနေ တောင်သူများသည် တစ်သျှုးငှက်ပျောကို စိုက်ပျိုးပြီး နှစ်စဉ်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိရာ လူမှုစီးပွားရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

လွယ်ဂျယ် နယ်စပ်ဒေသငွေကြေးဈေးနှုန်း အနေဖြင့် ၁-၁၀-၂၀၂၂ ရက်က ၁ ယွမ်လျှင် ၃၇၀ ဒသမ ၃၇ ကျပ် ဖြစ်ခဲ့ရာမှ ၁၆-၁၀-၂၀၂၂ ရက် တွင် ၁ ယွမ်လျှင် ၄၀၃ ဒသမ၂၃ ကျပ်အထိ မြန်မာကျပ်ငွေဈေး ပြန်လည်ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။

## ပြည်တွင်း ရွှေဈေး ၂၆ သိန်းကျော်ဖြင့် အရောင်းအဝယ်ဖြစ်နေ

ယခုအချိန်ကာလသည် ပွင့်လင်းရာသီသို့ ရောက်ရှိလာ၍ စီးပွားရေးလုပ်ငန်းရှင်များသည် စီးပွားရေးလုပ်ငန်းများ စတင်ရင်းနှီးလုပ်ကိုင်ရန်အတွက် စုဆောင်းထားသော ရွှေထည်များကို ရွှေဆိုင်များတွင် ရောင်းချမှုများ ဆက်လက်များပြားလျက်ရှိသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်း ကမ္ဘာ့ရွှေဈေးနှုန်းမှာ တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၆၅၀ ဖြစ်၍ ယခင်အပတ် ရွှေဈေးနှုန်းထက် ၁၆ ဒေါ်လာ လျော့နည်းခဲ့သည်။ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း၏ ရည်ညွှန်း ဈေးနှုန်းမှာလည်း ယခုအပတ် ငွေကျပ် ၁၉၄၄၀၀၀ ဖြစ်ပြီး ယခင်အပတ်ထက် ငွေကျပ် ၁၆၀၀၀ လျော့နည်း သတ်မှတ်ခဲ့သော်လည်း ဈေးကွက်ပေါက်ဈေးနှုန်းမှာ ရည်ညွှန်းဈေးနှုန်းထက် ငွေကျပ် ခြောက်သိန်းခွဲကျော် ပိုမိုနေကာ လက်ရှိဈေးကွက်တွင် ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ၂၆၁၀၀၀၀ ခန့်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း တွေ့ရသည်။ ကမ္ဘာ့ရွှေဈေးနှုန်းလျော့နည်းလာသော်လည်း ပြည်တွင်း ရွှေဈေးနှုန်းမှာ မူအနည်းငယ်မြင့်တက်နေပြီး ယခင်အပတ် ဈေးကွက်ပေါက်ဈေးနှုန်းထက် ငွေကျပ် ၁၁၀၀၀၀ ခန့်ပိုမိုနေကာ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA ( ရန်ကုန်)၊Source – YGE

## မြန်မာ့အုန်းသီးခြောက် စစ်တွေမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုမြင့်တက်

မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နယ်စပ်ဒေသများ ဖွံ့ဖြိုး တိုးတက်မှုကို ကုန်သွယ်မှုဖြင့် အထောက်အကူပြုရေးအတွက် နှစ်နိုင်ငံနယ်စပ်ရှိ ရခိုင်ပြည်နယ်၌ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တော ကုန်သွယ်ရေးစခန်းများ ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်မှုဆိုင်ရာ အသိပညာပေးရေးနှင့် တရားမဝင် ကုန်သွယ်မှုများ ထိန်းချုပ်ပပျောက်စေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား နယ်စပ်မှတစ်ဆင့် ကုန်သွယ်မှုမြင့်မားလာသည်နှင့်အမျှ မြန်မာနိုင်ငံမှ ကုန်ပစ္စည်းအမယ်သစ်များ နှစ်စဉ်တိုးတက်တင်ပို့နိုင်လျက်ရှိပြီး မြန်မာ့ထွက်ကုန်ပစ္စည်းများအနက် အုန်းသီးခြောက်ကို စစ်တွေ ရွှေမင်းဂံဆိပ်ကမ်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဈေးကွက်သို့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ တင်ပို့နိုင်ခဲ့ကြောင်း၊ ၎င်းဘဏ္ဍာနှစ်တွင် တန်ချိန် စုစုပေါင်း ၁၆တန်သာ တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ( Mini Budget) ကာလဖြစ်သည့် ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၂ မတ်လအထိ ခြောက်လတာကာလအတွင်း တန်ချိန် ၇၉၈ တန်အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့သည်။ လက်ရှိ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လတာကာလ(၂၀၂၂ဧပြီလမှ စက်တင်ဘာလအထိ) အတွင်းတွင်လည်း တန်ချိန် စုစုပေါင်း ၈၈၈ တန်အထိ ထပ်မံတိုးမြှင့် တင်ပို့နိုင်ခဲ့ကြောင်းနှင့် မြန်မာ့အုန်းသီးခြောက် ဝယ်လိုအားဆက်တိုက်ရှိနေကြောင်း သတင်းရရှိသည်။

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် ရေကြီးပြီး လူ ၁၀ ဦး သေဆုံး

**ဟနွိုင်း အောက်တိုဘာ ၁၇**

မုတ်သုံမိုးရွာသွန်းခြင်းက အရှေ့တောင်အာရှ၏ ဒေသများကို အကြီးအကျယ် ရေလွှမ်းမိုးမှုဖြစ်စေကာ နိုင်ငံခြားခရီးသွား နေရာများကို ပျက်စီးစေခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဗီယက်နမ်နိုင်ငံ၏ နာမည်ကျော်ခရီးသွား ဆွဲဆောင်ရာနေရာ ဒေသတစ်ခုဖြစ်သည့် ဒါနန်ကို ရေများဖုံးလွှမ်းခဲ့သည်။

ကလေးငယ် လေးဦးအပါအဝင် လူ ၁၀ ဦး သေဆုံးခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက တိုင်ဖွန်းမုန်တိုင်းသည် ယခုသီတင်းပတ်နှောင်းပိုင်းတွင် ဝင်ရောက်နိုင်ခြေရှိကြောင်း သတိပေးထားသည်။

ထို့အတူ ထိုင်းနိုင်ငံ၏ နာမည်ကျော် ခရီးသွားနေရာတစ်ခုဖြစ်သည့် ဖူးခက်ကမ်းခြေသည်လည်း ဆယ်စုနှစ်အတွင်း အဆိုးဆုံး ရေကြီးမှုနှင့် ကြုံတွေ့ခဲ့သည်။ သေဆုံးသူမရှိခဲ့ကြောင်း သတင်းဖော်ပြခဲ့သော်လည်း လျှပ်စစ်မီးများ ပြတ်တောက်ခဲ့သည်။ ထိုင်းနိုင်ငံသည် ယခုလတွင် နိုင်ငံခြားခရီးသွား နေရာများကို ပြန်လည်ဖွင့်လှစ်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**



ညလုံးပေါက် မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ထိုင်းနိုင်ငံ ဖူးခက်မြို့ဟောင်း၌ ရေကြီးနေသည်ကို အောက်တိုဘာ ၁၆ ရက်က တွေ့ရစဉ်။

# ကိုလံဘီယာနိုင်ငံ၌ လေယာဉ်မတော်တဆမှုဖြစ်ပွား၊ ကလေးတစ်ဦး သေဆုံး၊ ငါးဦးဒဏ်ရာရရှိ

**ဘိုဂိုတာ အောက်တိုဘာ ၁၇**

ကိုလံဘီယာနိုင်ငံ မြောက်ပိုင်းတွင် လေယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သဖြင့် ကလေးတစ်ဦး သေဆုံးပြီး လူကြီး ငါးဦး ဒဏ်ရာရရှိကြောင်း ဒေသတွင်း အာဏာပိုင်များက အောက်တိုဘာ ၁၆ ရက်တွင် ပြောကြားသည်။

အဆိုပါ မတော်တဆမှုမှာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဖြစ်ပွားခဲ့သည်။

လေယာဉ်ငယ်သည် ဆန်တာမာတာမြို့ရှိ ဆိုင်မွန်ဘိုလီဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်ပြေးလမ်းမှ ထွက်ခွာချိန်တွင် ထိုသို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




လေယာဉ်သည် လေဆိပ်ခြံစည်းရိုးကိုကျော်ပြီး သစ်ပင်နှင့် တိုက်မိသောကြောင့် အသက်နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း ဆန်တာမာတာမြို့ရဲဌာနမှ ဗိုလ်မှူးကြီး အဒရီယာနာပက်ဇ် က ဒေသတွင်း မီဒီယာသို့ ပြောကြားသည်။

**ဆင်ဟွာ**

# နာမည်ကြီး ကေပေါ့အဆိုတော် မကြာမီ စစ်မှုထမ်းမည်

**ဆိုးလ် အောက်တိုဘာ ၁၇**

ဘီတီအက်စ်၏ အသက်အကြီးဆုံး အဖွဲ့ဝင်တစ်ဦးသည် မကြာမီ ကိုရီးယားစစ်တပ်သို့ ဝင်ရောက်စစ်မှုထမ်းရတော့မည်ဖြစ်ကြောင်း ကိုရီးယား အနုပညာကြယ်ပွင့်အဆိုတော် အဖွဲ့တစ်ဖွဲ့ဖြစ်သည့် ကေပေါ့ အမျိုးသားအဖွဲ့ ဘီတီအက်စ်က ပြောကြားလိုက်သည်။ တခြားအဖွဲ့ဝင်ခြောက်ဦးလည်း စစ်မှုမထမ်းမနေရ ဥပဒေအရ စစ်မှုထမ်းတော့မည်ဟု မျှော်လင့်ရသည်။ ထို့ကြောင့် ဘီတီအက်စ် အဖွဲ့ဝင်အားလုံး ၂၀၂၅ ခုနှစ်ဝန်းကျင်လောက်မှသာ အုပ်စုဖွဲ့ အနုပညာလှုပ်ရှားမှုများ ပြန်လည်ပြုလုပ်နိုင်မည်ဖြစ်သည်။

တောင်ကိုရီးယားတွင် ပုံမှန်အားဖြင့် အမျိုးသားများသည် အသက် ၂၈ နှစ်တွင် စစ်ထဲဝင်ပြီး စစ်မှုထမ်းရန် လိုအပ်သည်။ သို့သော်လည်း ပေါ့ပ်ယဉ်ကျေးမှုနှင့် အနုပညာကဲ့သို့သော နယ်ပယ်တစ်ခုတွင် ကြီးကြီးမားမား ပံ့ပိုးကူညီပေးသူများသည် စစ်မှုထမ်းရမည့်ကာလကို အသက် ၃၀ အထိ ရွှေ့ဆိုင်းခွင့်ရှိကြောင်းသိရသည်။

ဘီတီအက်စ်၏ အသက်အကြီးဆုံးအဖွဲ့ဝင် ဂျင်သည် ဒီဇင်ဘာလတွင် အသက် ၃၀ ပြည့်မည်ဖြစ်ပြီး စစ်မှုထမ်းရမည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။ တချို့ တောင်ကိုရီးယားနိုင်ငံသားများက ကမ္ဘာတစ်ဝန်းလျှမ်းလျှမ်းတောက်ထင်ပေါ်ကျော်ကြားသော အနုပညာအဖွဲ့ကို စစ်မှုထမ်းရမည့်တာဝန်မှ ကင်းလွတ်ခွင့်ပြုသင့်ကြောင်း စောဒကတက်ထားကြသည်။

ဂျင်က အောက်တိုဘာလကုန်၌ စစ်မှုထမ်းရန် ရွှေ့ဆိုင်းသည့် ၎င်း၏လျှောက်လွှာကို ရုပ်သိမ်းမည်ဖြစ်ပြီး စစ်မှုထမ်းမည်ဖြစ်သည်။ ၎င်း၏ အဖွဲ့ဝင်ခြောက်ဦးသည်လည်း စစ်မှုမထမ်းခင် တစ်ဦးချင်း ဖျော်ဖြေမှုများကိုသာ အာရုံစိုက်သွားမည် ဖြစ်ကြောင်း သိရသည်။

ဘီတီအက်စ် အဖွဲ့သည် တောင်ကိုရီးယားနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့တော်ဖြစ်သည့် ဘူဆန်တွင် စနေနေ့က အခမဲ့ ဂီတဖျော်ဖြေပွဲတစ်ခု ပြုလုပ်ခဲ့ရာ ပြည်တွင်းနှင့် ဂျပန်နိုင်ငံအပါအဝင် တခြားနိုင်ငံများမှ ပရိသတ်ထောင်ချီ တက်ရောက်ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




ကမ္ဘာ့နာမည်ကြီး ကိုရီးယားကေပေါ့ ဘီတီအက်စ်အဆိုတော်အဖွဲ့ဝင်များကို တွေ့ရစဉ်။

# ၂၀၂၂ ခုနှစ်အတွင်း လာအိုနိုင်ငံ၏ စီးပွားရေး ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်း

**ဗီယန်ကျင်း အောက်တိုဘာ ၁၇**

နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်) က လာအိုနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၂ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၁ ရာခိုင်နှုန်းတိုးလာမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ အောက်တိုဘာလ ခန့်မှန်းချက်သည် ၂ ဒသမ ၂ ရာခိုင်နှုန်းတွင် မပြောင်းလဲဘဲ တည်ရှိနေသော်လည်း အဆိုပါပမာဏသည် ဧပြီလ ခန့်မှန်းချက် ၃ ဒသမ ၂ ရာခိုင်နှုန်းမှ ကျဆင်းသွားခဲ့ခြင်းဖြစ်ကြောင်း အိုင်အမ်အက်ဖ်ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သည့် နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

စက်တင်ဘာလတွင် လာအိုနိုင်ငံလူမှုရေးနှင့် စီးပွားရေးသိပ္ပံအကယ်ဒမီ (အယ်လ်အေ အက်စ်အီးအက်စ်) သည် လာအိုနိုင်ငံအတွက် ၎င်း၏စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်ကို ယခင်လများက ခန့်မှန်းထားသည့် ၄ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀၄၀ ထပ်မံတွေ့ရှိ

**ဆိုးလ် အောက်တိုဘာ ၁၇**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီနှင့် နှိုင်းယှဉ်ပါက အောက်တိုဘာ ၁၆ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ကူးစက်ခံရသူအသစ် ၁၁၀၄၀ ရှိသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူပေါင်း ၂၅၁၃၁၅၀၅ ဦးတိုးလာ ကြောင်း ကျန်းမာရေးအာဏာပိုင်များက အောက်တိုဘာ ၁၇ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံတွင် ဗိုင်းရပ်စ်စစ်ဆေးမှု နည်းပါးခြင်းကြောင့် ယမန်နေ့က ကူးစက်ခံရသူ ၂၁၄၆၉ ဦးရှိရာမှာ နေ့စဉ်ကူးစက်မှုနှုန်း လျော့နည်းသွားသော်လည်း ပြီးခဲ့သည့်ရက်သတ္တပတ်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၉၇၅ ဦးထက် ကူးစက်မှုနှုန်း ပိုမြင့်မားကြောင်း ကိုရီးယားရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး အေဂျင်စီ (ကေဒီစီအေ) က ထုတ်ပြန်ထားသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွက် နေ့စဉ် ပျမ်းမျှအတည်ပြုလူနာ အရေအတွက်မှာ ၂၁၆၉၅ ဦး ဖြစ်သည်။

ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူများအနက် ပြည်ပပြန်ကူးစက်ခံရသူ ၈၁ ဦးရှိသဖြင့် ပြည်ပပြန် ကူးစက်ခံရသူပေါင်း ၆၈၈၇၀ ရှိကြောင်း သိရသည်။ ရောဂါပြင်းထန်သော အခြေအနေတွင် ကူးစက်ခံရသူ ၂၄၈ ဦးရှိရာ ယမန်နေ့ကထက် တစ်ဦး တိုးလာကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၁ ဦးရှိရာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၂၈၈၅၁ ဦးရှိလာပြီဖြစ်သည်။ အဆိုပါ စုစုပေါင်းသေဆုံးသူနှုန်းမှာ ၀ ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း လေ့လာရေးခရီးသွား ဘုရားဖူးဧည့်သည် တစ်သိန်းကျော်ဝင်ရောက်ခဲ့



ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံစေတီတော်။

**ညောင်ဦး အောက်တိုဘာ ၁၇** မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လေ့လာရေးခရီးသွား ဘုရားဖူးများ ၂၀၂၂ ခုနှစ် ပထမနှစ်ဝက်အတွင်း တစ်သိန်းကျော်အထိ လာရောက်ခဲ့ကြကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) မှ ဦးမျိုးမင်းအောင် (လက်ထောက် ညွှန်ကြားရေးမှူး) ထံမှ သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ စက်တင်ဘာလက တစ်ရက်လျှင် ခရီးသွားဘုရားဖူးဝင်ရောက်လာမှု ၈၀၀ ခန့်ရှိခဲ့ပြီး နှစ်ဝက်ကာလအတွင်း တစ်နိုင်ငံလုံးရှိ ထင်ရှားသော စေတီ၊ ပုထိုးများနှင့် အပန်းဖြေစခန်းများ၊ ဆင်စခန်းများသို့ ခရီးသွားလာရောက်သူပေါင်း ခုနစ်သိန်းခန့်ရှိကြောင်း သိရသည်။ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်းဘုရားဖူးခရီးသွားများသာ ယခုနှစ်လာရောက်မှုများခဲ့ကြောင်း၊ ပြည်ပခရီးသွားမရှိသလောက် နည်းပါးခဲ့ကြောင်း သိရပြီး သီတင်းကျွတ်ပိတ်ရက်နှင့် အဖိတ်နေ့၊ လပြည့်ကျော် ၁ ရက်နေ့တို့တွင် ခရီးသွားဝင်ရောက်လာမှု အလွန်များပြားခဲ့ကာ ဖွင့်လှစ်ထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ ဧည့်သည်လက်မခံနိုင်တော့သည် အထိ များပြားခဲ့ပြီး လက်ရှိတွင်လည်း လာရောက် လည်ပတ်မှုများ အဆက်မပြတ် လာရောက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ)မှ သိရသည်။

**ကိုကြေးမုံ**

# မူဆယ်(၁၀၅)မိုင်၌ ကိုးနဝင်းရန်ကင်းဆုတောင်းပြည့်စေတီတော်ပရိဝုဏ်အတွင်း ရှာပေါင်းကိုးရှာစုပေါင်းကာ ပွဲဆောင်ဆာမ်ဘုရားပွဲကျင်းပ

**မူဆယ် အောက်တိုဘာ ၁၇** မြန်မာ-တရုတ် နယ်စပ်ဒေသ မူဆယ်မြို့နယ်၌ နှစ်စဉ်ကျင်းပလေ့ရှိသော ပွဲဆောင်ဆာမ်ဘုရားပွဲတော်ကို အောက်တိုဘာ ၁၇ရက် နံနက် ၇ နာရီက ၁၀၅ မိုင် အောင်သိဒ္ဓိမင်္ဂလာသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ တပ်မဆုံစည်းခြင်းအမှတ်တရငြိမ်းချမ်းရေးလွမ်းစေတီ (သို့) ကိုးနဝင်း ရန်ကင်း ဆုတောင်းပြည့် ဘုရားပရိဝုဏ်အတွင်း၌ ကျင်းပသည်။**(အောက်ပုံ)**



အဆိုပါ ပွဲတော်သည် ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသော ရှမ်းတိုင်းရင်းသားများ၊ တအာင်း ( ပလောင်) တိုင်းရင်းသားများ ဘိုးဘွားအစဉ်အလာ မပြတ် နှစ်စဉ်ကျင်းပသည့် ပွဲတော်တစ်ခုဖြစ်ပြီး ရှမ်းပြည်နယ်၏ အထွတ်အမြတ်ဆုံးပွဲတော်လည်း ဖြစ်သည်။

ပွဲဆောင်ဆာမ် ဆိုသည်မှာ မြန်မာဘာသာစကားအရ ၂၃ ပွဲ ဟု အဓိပ္ပာယ်ရှိသလို ရှမ်းလူမျိုး၊ တအာင်း(ပလောင်)မျိုးနွယ်စုများ၏ ဝေါဟာရစကားဖြစ်ပြီး (၂၃) ဆိုသည့် သီတင်းကျွတ်လဆန်း ၁ ရက်မှ လပြည့်ကျော် ၈ ရက်နေ့အထိ ရက်ပေါင်း ၂၃ ရက်ရှိကြောင်း၊ ၎င်း ၂၃ ရက်ကို အကြောင်းပြုကာ ၂၃ ပွဲ၊ ပွဲဆောင်ဆာမ်ဟု ရှေးအခါက သက်ကြီးအဘိုးအဘွားများ မှည့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အဘိသေက ဘုရားအနေကဇာတင်ခြင်းနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်" ပွဲတော်ရက်တွင် ရှမ်းတိုင်းရင်းသားများနှင့် တအာင်း (ပလောင်) တိုင်းရင်းသားများအဓိကနေထိုင်သည့် မူဆယ်မြို့နယ်မိုင်းယု (၁၀၅) မိုင်ကျေးရွာအုပ်စုအတွင်းနှင့် တုန်ခန်ကျေးရွာအုပ်စုအတွင်း၌ရှိသည့် ရွာပေါင်းကိုးရွာမှ သက်ကြီးအဘိုးအဘွားများ၊ အပျိုလူပျိုများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များမှ ကလေးလူကြီးများသည် ကျေးရွာအလိုက် ပန်းအလှုပင်များ၊ ဘုရားပန်းများ၊ ဖယောင်းတိုင် အမွှေးတိုင်၊ ရိုးရာအစားအစာများ သယ်ဆောင်ကာ နံနက် ၇ နာရီခန့် ကိုးနဝင်းရန်ကင်း ဆုတောင်းပြည့်စေတီတော်မြတ်ကြီး အားဆရာတော်များ ဦးဆောင်၍ ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခြင်း၊ ပန်း၊ ဆီမီး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ၊ သောက်တော်ရေချမ်း၊ ဆွမ်းနှင့် သစ်သီးဝလံများ၊ လှူဖွယ်ပစ္စည်း အစုစုတို့ကို ဆက်ကပ် လှူဒါန်းခဲ့ကြပြီး တရားတော်နာ အလှူရေစက်ချအမျှပေးဝေဆုတောင်းမေတ္တာများ ပို့သခဲ့ကြသည်။

"ယခုနှစ် ပွဲဆောင်ဆာမ် ဘုရားပွဲတော်ကို ရိုးရာမပြတ် ပြုလုပ်ခြင်းဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာ အခြေအနေပေးရင်တော့ စည်စည်ကားကား ဖြစ်အောင် ကြိုးစားသွားမှာပါ"ဟု ဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

အဆိုပါ အခမ်းအနားကို မူဆယ်ခရိုင်ရှိ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်နီးရပ်ဝေးမှ ဆရာတော်များ၊ ဒေသခံတိုင်းရင်းသားများ၊ ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

◆ *ကျော့ဖုံးမှ*

မြိတ်ကျွန်းစုဒေသအတွင်းရှိ ပင်လယ်ပြင်အတွင်း သဘာဝအတိုင်းတည်ရှိနေသည့် ကျွန်းများသို့ အပန်းဖြေခရီးပို့ဆောင်နေရသော ခရီးသွားလုပ်ငန်းမှာ သီတင်းကျွတ်ကာလမှစတင်ကာ လုပ်ငန်းများစတင်လည်ပတ်နေပြီဖြစ်သည်။ ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည့် အပြင် ကျွန်းများသို့ အပန်းဖြေခရီးစဉ်များကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များအကြား စိတ်ဝင်စားမှုရှိနေပြီး ခရီးစဉ်များနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းမှုများရှိနေကြောင်း သိရသည်။

"ခရီးသွားလုပ်ငန်းက လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ရပ်တန့်သွားတယ်ဆိုပေမယ့် ပိတ်ထားတာမျိုး မရှိပါဘူး။ အခုလည်း လေကြောင်းလိုင်းတွေကနေ တစ်ဆင့်လာရောက်ပြီး ကျွန်းအလှတွေကို ခံစားပြီး အပန်းဖြေမယ့်သူတွေ ရှိနေပါတယ်။ ဗိုလ်နက်ကျွန်းလိုနေရာမျိုးကို ညအိပ်ခရီးသွားရင်လူတစ်ဦးကို ငွေကျပ် ၁၇ သိန်းလောက်ကုန်ကျပေမယ့် Activity တွေများတော့ ကော့သောင်းဘက်ကို လာရောက်လည်ပတ်သူကပိုမိုများပြားနေပါတယ်'' ဟု ခရီးသွားလုပ်ငန်းလုပ်ကိုင်နေသူ တစ်ဦးက ပြောကြားသည်။

ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းများနှင့် ကော့သောင်းခရိုင်အတွင်းရှိ ကျွန်းများမှာ ခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုများပြားပြီး ယခုနှစ်တွင် ခရီးစဉ်အလိုက် ဈေးနှုန်းအပြောင်းအလဲများ ရှိနေကြောင်း သိရသည်။

"မြိတ်ကျွန်းစုခရီးသွားလုပ်ငန်းက ဒီနှစ်သီတင်းကျွတ်ကာလက စတင်လည်ပတ်လာတယ်လို့ ပြောနိုင်ပါတယ်။ လက်ရှိအနေထားမှာတော့ သွားရောက်ပို့ဆောင်ရတဲ့ ကျွန်းတွေနဲ့ ခရီးသည်အရေအတွက်ကို သက်ဆိုင်ရာဌာနကို တင်ပြပြီး လုပ်ငန်းလုပ်ဆောင်နေပါတယ်။ ပြည်တွင်းခရီးသွားတွေကတော့ ပုံမှန်လာရောက်လည်ပတ်နေပါပြီ၊ ဒီရက်ပိုင်းမှာ နိုင်ငံခြားခရီးသွားတွေလည်း ခရီးစဉ်နဲ့ပတ်သက်ပြီးတော့ စုံစမ်းမေးမြန်းမှုတွေ ရှိလာပါတယ်။ မြိတ်ကျွန်းစုခရီးစဉ်တွေကို လာရောက်လည်ပတ်ဖို့ ဆက်သွယ်လာတာတွေလည်းရှိနေပါတယ်။ ကျွန်းခရီးစဉ်တွေအနေနဲ့ကတော့ နေ့ချင်းပြန် ခရီးဆိုရင်လူတစ်ဦးကိုငွေကျပ် ၃၀၀၀၀၀ နဲ့ ညအိပ်ခရီးဆိုရင်တော့ ငွေကျပ် ၄၅၀၀၀၀ ကျသင့်ပါတယ်'' ဟု မြိတ်မြို့ ကမ်းနားလမ်းရှိ မိုးခရီးသွားလုပ်ငန်းမှ မန်နေဂျင်း ဒါရိုက်တာ ဦးမိုးဇော်က ပြောကြားသည်။

အလားတူ ကော့သောင်းခရိုင်အတွင်းရှိ ပင်လယ်ပြင်ကျွန်းခရီးစဉ်များသို့ သီတင်းကျွတ်ကာလမှ စတင်လာရောက်လည်ပတ်သူ များပြားလာနေပြီး ညောင်ဦးဖီးကျွန်း၊ သူဌေးကျွန်း၊ ဗိုလ်နက်ကျွန်း၊ ခရင်းခွကျွန်းများသို့ ခရီးသွားဧည့်သည်များ စိတ်ဝင်စားနေကြကြောင်း သိရသည်။

မြိတ်ကျွန်းစုဒေသရှိကျွန်းများတွင် စမတ်ကျွန်း၊ ဘေလီကျွန်း၊ ကြယ်လိပ်ကျွန်းနှင့် ဒုံးညောင်မှိုင်းကျွန်းများမှာ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားမှုရှိပြီး ကော့သောင်းခရိုင်အတွင်းရှိ ကျွန်း



များကဲ့သို့ Activity များ လိုအပ်နေဆဲဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များက ပြောသည်။

မြိတ်ခရိုင်အတွင်း ခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးနေသည့် ကုမ္ပဏီပေါင်း ၄၂ ခုခန့်ရှိပြီး လွန်ခဲ့သည့် နှစ်နှစ်ကျော်မှ ခရီးသွားများ ရပ်တန့်နေခဲ့သည့်အတွက် ယခုအခါကုမ္ပဏီ ၁၀ ခုခန့် ပြန်လည်ဝန်ဆောင်မှုပေးနေကြကြောင်း သိရသည်။

မြိတ်ကျွန်းစုဒေသရှိ ကျွန်းကမ်းခြေများတွင် လွန်ခဲ့သည့် လေးနှစ်ခန့်က ခရီးသွားရာသီတွင် နတ်သမီးကျွန်း၊ လေးကျွန်း၊ သမီးလှကျွန်း၊ ဒုံးညောင်မှိုင်းကျွန်းစသည့် ကမ်းခြေများနှင့် ဒုံးရေတံခွန်တို့ကို သွားရောက်လည်ပတ်မှု များပြားခဲ့သည့်အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများက စမတ်ကျွန်းကို ပိုမိုစိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိပြီး စမတ်ကျွန်းမှာ မြိတ်ကျွန်းစုအတွင်းရှိ ကျွန်းပေါင်း ၈၀၀ ကျော်ရှိသည့်အနက် နာမည်ကျော်ကြား၍ လူသိများလာသည့် ကျွန်းတစ်ကျွန်းဖြစ်သောကြောင့် လွန်ခဲ့သော သုံးနှစ်ကျော်ခန့်က ပွင့်လင်းရာသီအခါကြီး၊ ရက်ကြီးနေ့များနှင့် နှစ်သစ်ကူးသင်္ကြန်ကာလအတွင်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အများဆုံးလာရောက် လည်ပတ်လေ့ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၄ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ တစ်ဦးရှိ

**(၁၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်းကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၀,၉၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုး တွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၂၆၁,၉၂၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၈,၈၆၁) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၂,၇၅၄) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၇၁) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၂၆-၉-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံရှိသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**




ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များထံမှ သိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုကို ခံယူမှု မရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုများကို လာရောက် မခံယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည် ရောဂါအခံ တစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါ နာတာရှည်ရောဂါအခံ တစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့် ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက် ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၁၀-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၅၅ | ၂၀၀၅ | ၁၉၉၅ | ၁၉၆၅ | ၂၀၀၀ | ၂၀၂၅ | ၂၀၁၀ | ၁၉၉၀ | ၂၀၈၀ | ၂၀၉၅ | ၁၉၉၅ | ၂၀၀၅ | ၂၀၄၀ | ၂၀၄၀ | ၂၀၄၀ | ၂၂၆၀ | ၂၇၇၀ |
| 95 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၈၅၅ |
| HSD (500 ppm) | ၂၆၇၅ | ၂၇၃၅ | ၂၇၃၀ | ၂၆၉၀ | ၂၇၃၀ | ၂၇၅၀ | ၂၇၅၀ | ၂၇၂၀ | ၂၈၃၀ | ၂၈၂၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၇၀ | ၂၇၇၀ | ၂၇၇၀ | ၂၉၉၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၇၆၀ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၅ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၅ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၆၀ | ၂၈၁၀ | ၂၈၀၅ | ၂၇၇၀ | ၂၈၀၅ | ၂၈၃၀ | ၂၈၂၅ | ၂၇၉၅ | ၂၉၀၅ | ၂၉၀၀ | ၂၈၀၀ | ၂၈၁၀ | ၂၈၄၅ | ၂၈၄၅ | ၂၈၄၅ | ၃၀၆၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၅၉ | ၁၉၃၀ |
| 95 Ron | ၁၉၂၆ | ၁၉၉၈ |
| HSD (500 ppm) | ၂၅၆၉ | ၂၆၅၀ |
| HSD (50 ppm) | ၂၆၄၁ | ၂၇၂၃ |
| HSD (10 ppm) | ၂၆၄၁ | ၂၇၂၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြစ်ကြီးရောဝတီ၌ သန္ဓေတည်သော ရောဝတီလင်းပိုင် ကာကွယ်စောင့်ရှောက်ရေး

သိန်းညွန့် PZL

အမိ နိုင်ငံတော်၏ "မြစ်မင်းရော" ဟု ခေါ်ဆိုရမည့် ရောဝတီမြစ်သည် ကီလိုမီတာ ၂၁၇၀ ကျော်ရှည်လျားပြီး မြောက်ဘက်မှ တောင်ဘက်သို့ ဖြတ်သန်းကာ ဘင်္ဂလားပင်လယ်အော်အထိ စီးဝင်လျက်ရှိပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၅ သန်းခန့်မှ စတင်ပေါ်ထွန်းစီးဆင်းခဲ့ကြောင်း ဘူမိပညာရှင်များက မှန်းဆထားကြပေရာ အေဒီ (၃) ရာစု ပျူမြို့ပြခေတ်ကတည်းက "ရောဝတီ" မြစ်စတင်နေခဲ့ပေပြီ။

## လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ ကျော် ကာလကတည်းက မှည့်ခေါ်နေခဲ့ကြ

ဤကဲ့သို့မြစ်ရောနှင့် တွဲဆက်လျက် "ရောဝတီလင်းပိုင်" အမည်သည် လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ ကျော် ကာလကတည်းက မှည့်ခေါ်နေခဲ့ကြကြောင်း သိမှတ်ရပါ၏။

၁၉ ရာစုတွင် သဘာဝဗေဒပညာရှင်တစ်ဦးဖြစ်သူ ဂျွန်အန်ဒါဆင်သည် ရောဝတီမြစ်တစ်လျှောက် လင်းပိုင်အုပ်စုများကို လေ့လာတွေ့ရှိခဲ့ရပြီး နောက်ပိုင်း "မြန်မာ့ရောဝတီမှ စီတာရှန်မျိုးစိတ်အသစ် တွေ့ရှိမှု" စာတမ်းကို အင်္ဂလန်သတ္တဗေဒအသင်းကြီးထံ တင်သွင်းခဲ့ပြီး "ရောဝတီလင်းပိုင်" အမည် စတင်မှည့်ခေါ်ထားခဲ့ကြခြင်း ဖြစ်ပေသည်။

သိပ္ပံနည်းကျ အဆင့်ဆင့်မျိုးခွဲခြား စေ့ငုပါက သိပ္ပံအမည်အဖြစ် အော်စေလာဘရီဗိုင်ရိုစထရစ် (Orcaellabrevirostris) ဖြစ်ကာ "ဘရီဘိုင်အိုစထရစ်" (brevirostris) သည် ဂရိဘာသာ အခေါ်အဝေါ် ဖြစ်ပြီး နှုတ်သီးမဲ့ခြင်းဟု ဖွင့်ဆိုခြင်းဖြစ်ပါ၏။ အကြမ်းဖျင်းအားဖြင့် "ရောဝတီလင်းပိုင်" (Irrawaddy/ Ayeyarwady dolphin)ဟု ခေါ်ဆိုကြခြင်း ဖြစ်ပါသည်။

## ၁၅ မိနစ်ကြာမျှ ရေငုပ်နိုင်ကြ

ရောဝတီလင်းပိုင်၏ပုံသဏ္ဍာန်မှာ ကျောဘက်ပိုင်းသည် မီးခိုပြာရောင် အဆင်းရှိပါ၏။ ဝမ်းဘက်ပိုင်းသည် ဖြူဖျော့သော မီးခိုရောင်အဖြစ် တွေ့ရပြီး ဦးခေါင်း၌မူ နှုတ်သီး မပါရှိချေ။ အဆုတ်နှင့်ဆက်နွယ် အသက်ရှူနိုင်ရန်အတွက်မူ ဦးခေါင်းပေါ်တွင် နှာခေါင်းပေါက်တစ်ခု တွေ့ရပါသည်။ စက္ကန့် ၃၀ မှ ၆၀ အတွင်း ရေပြင်ပေါ်တက်ကာ အသက်ရှူလေ့ရှိကြကာ ၁၅ မိနစ်ကြာမျှ ရေငုပ်နိုင်ကြကြောင်း သိရပါ၏။

ထူးခြားသည်မှာ ရှေ့ရင်ရေယက်တစ်စုံနှင့် သေးငယ်သော တြိဂံပုံသဏ္ဍာန် ကျောရေယက်တစ်စုံပါရှိ၍ ရေပြင်ညီ၌ အမြီးရှိကာ ဦးခေါင်းတစ်ဖက်တစ်ချက်စီ၌ မျက်စိပါရှိသော်လည်း ဦးခေါင်းထိပ်မှ အသံလှိုင်းထုတ်လွှင့်ဖမ်းယူသည့် စနစ်အားဖြင့် အရာဝတ္ထုများအပေါ် ပိုင်းခြားခွဲခြား ဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပေသည်။

## ၇၉ ကောင်အထိ တိုးတက်တွေ့ရှိခဲ့

လွန်ခဲ့သော ၂၀၀၂ ခုနှစ်အတွင်းက သစ်တောဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တက္ကသိုလ်သတ္တဗေဒဌာန သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS Myanmar) နှင့် မြန်မာ့ရုပ်သံအဖွဲ့များ ပူးပေါင်းကာ မေခ-မလိခမြစ်ဆုံမှသည် ရောဝတီတိုင်း ဘိုကလေး ဂယက်ကြီးကျွန်းအထိ ကွင်းဆင်းသုတေသနမှတ်တမ်းတင်ကြရာ "ရောဝတီလင်းပိုင်"အုပ်စုများကို မန္တလေးမြို့နှင့် ဗန်းမော်မြို့အကြား ရေပြင်တစ်လွှား၌သာတွေ့ရှိရကြောင်း၊ ၂၀၂၀ ပြည့်နှစ် သုတေသနပြုကောက်ယူချက်အရ "ရောဝတီလင်းပိုင်" ၇၉ ကောင်အထိတိုးတက်တွေ့ရှိခဲ့ရကြောင်း သိမှတ်ရပါသည်။

"ကွန်ရေလုပ်သား"နှင့် "ရောဝတီလင်းပိုင်" တို့ ပူးပေါင်းကာ ငါးဖမ်းဆီးခြင်း ရိုးရာဓလေ့အရ ရောဝတီလင်းပိုင်များက ငါးမောင်းပေးကာ လက်ပစ်ကွန်လုပ်သားတို့က ငါးဖမ်းဆီးနိုင်ကြကြောင်း သိရှိရပါ၏။

## ပြည်ပဧည့်သည်ပေါင်း နှစ်စဉ် ၁၀၀၀ ခန့်ရှိ

ယခုအခါ မန္တလေး၊ မင်းကွန်းနှင့် ကျောက်မြောင်းအကြား ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအတွင်း သီးသန့်လာရောက်လေ့လာကြသော ပြည်ပဧည့်သည်ပေါင်း နှစ်စဉ် ၁၀၀၀ ခန့်ရှိနေပေပြီ။

သို့ဖြစ်ပေရာ " ရောဝတီလင်းပိုင်" ရေရှည်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ အောင်မြင်ရေးသည် ဒေသခံရေလုပ်သားများ၏ ပူးပေါင်းထိန်းသိမ်းလိုမှုစိတ်ဓာတ်ဖြင့် တိုက်ရိုက်ဆက်နွယ် အချိုးကျလျက်ရှိ၍ ယင်းအကျိုးကျေးဇူးကိုလည်း မျှဝေခံစားနိုင်ကြရန်အတွက်သက်ဆိုင်ရာ ငါးလုပ်ငန်းဦးစီးဌာနနှင့်အတူ ပူးပေါင်းလက်တွဲ ဖော်ဆောင်သင့်ကြပါကြောင်း ဆော်ဩနှိုးဆော် လိုက်ပါသတည်း။ ။





❖ ထူးခြားသည်မှာ ရှေ့ရင်ရေယက်တစ်စုံနှင့် သေးငယ်သော တြိဂံပုံသဏ္ဍာန် ကျောရေယက်တစ်စုံပါရှိ၍ ရေပြင်ညီ၌ အမြီးရှိကာ ဦးခေါင်းတစ်ဖက်တစ်ချက်စီ၌ မျက်စိပါရှိသော်လည်း ဦးခေါင်းထိပ်မှ အသံလှိုင်းထုတ်လွှင့်ဖမ်းယူသည့် စနစ်အားဖြင့် အရာဝတ္ထုများအပေါ် ပိုင်းခြားခွဲခြား ဆုံးဖြတ်နိုင်ခြင်းပင် ဖြစ်ပေသည်

❂ ယခုအခါ မန္တလေး၊ မင်းကွန်းနှင့် ကျောက်မြောင်းအကြား ရောဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေအတွင်း သီးသန့်လာရောက်လေ့လာကြသော ပြည်ပဧည့်သည်ပေါင်း နှစ်စဉ် ၁၀၀၀ ခန့်ရှိနေပေပြီ

## မွေးမြူရေးတိရစ္ဆာန်ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ရာသီဥတုပြင်းထန်ခြင်းနှင့် ရာသီအကူးအပြောင်းကာလ၌ တိရစ္ဆာန်များတွင် ကူးစက်ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေနိုင်ပါသဖြင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျ ပုံမှန်ဆောင်ရွက်ရန်၊

(၃) တိရစ္ဆာန်ရောဂါကာကွယ်ဆေးများကို ပုံမှန်ထိုးနှံကြရန်၊

(၄) ရောဂါဖြစ်သည်ဟု သံသယဖြစ်သော တိရစ္ဆာန်များကို သီးခြားခွဲထားရန်၊

(၅) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဟု သံသယဖြစ်ဖွယ်တွေ့ရှိရပါက နီးစပ်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆောင်ရွက်ရန်၊

(၆) ရောဂါဖြစ်တိရစ္ဆာန်ကို အခြားတိရစ္ဆာန်များနှင့်ဝေးရာတွင် သီးခြားချည်နှောင်ထားရန်နှင့် လွှတ်ကျောင်းခြင်း၊ အခြားနေရာသို့ မောင်းနှင်ရွှေ့ပြောင်းခြင်း မပြုရန်၊

(၇) တိရစ္ဆာန်အသေကောင်များကို စားသောက်ခြင်းမပြုရန်နှင့် စနစ်တကျ မြေမြှုပ်ဖျက်ဆီးရန်၊

(၈) တိရစ္ဆာန်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးခြင်းနှင့် တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# သန္တာကျောက်တန်းဂေဟစနစ် နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး



ရေအောက်ရှိ သန္တာကျောက်တန်းအလှကို တွေ့မြင်ရစဉ်။

● ပင်လယ်ပြာ(ငါးဦးစီး) ●

**ဂေဟစနစ်ဆိုသည်မှာ အဘယ်နည်း။**

ဂေဟစနစ်ဆိုသည်မှာ သက်ရှိသတ္တဝါများအချင်းချင်း သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ အပြန်အလှန်အကျိုးပြု နေထိုင်ခြင်းဖြစ်တည်နေသော ကွန်ရက်ကြီးတစ်ခု ဖြစ်ပါသည်။ တိကျသေချာသောအကျယ်အဝန်းတစ်ခု သတ်သတ်မှတ်မှတ် ဖြစ်တည်မှုရှိကြသည်။

အချို့သော သိပ္ပံပညာရှင်များအနေဖြင့် ဂြိုဟ်တစ်ခုလုံးသည် ဂေဟစနစ်တစ်ခုဖြစ်သည်ဟု ဆိုကြပါသည်။

**ဂေဟစနစ်ပတ်ဝန်းကျင်၏ ဥပမာများမှာ–**

- ❑ ရေကန် ဂေဟစနစ်
- ❑ သန္တာကျောက်တန်း ဂေဟစနစ်
- ❑ မြစ်ဝ ဂေဟစနစ်
- ❑ သစ်တော ဂေဟစနစ်
- ❑ မိုးသစ်တော ဂေဟစနစ်
- ❑ မြက်ခင်းပြင် ဂေဟစနစ်
- ❑ ပင်လယ်ရေနက်ပိုင်း ဂေဟစနစ် အစရှိသည်ဖြင့် ရှိကြပါသည်။

**အကယ်၍ ဂေဟစနစ်သည် ရေရှည်မတည်တံ့လျှင်–**

ဂေဟစနစ်သည် ယိုယွင်းပျက်စီးသွားမည်ဖြစ်သည်။

- ❑ စွမ်းအင်သည် ကောင်းစွာ မလည်ပတ်ခြင်း၊
- ❑ သက်ရှိအုပ်စုများ၏ အမျိုးအစားကွဲပြားမှု ယိုယွင်းပျက်စီးခြင်း၊
- ❑ နောက်ထပ် ဂေဟစနစ် မတည်ရှိတော့ခြင်းများ ဖြစ်ပေါ်လာပါမည်။

**သန္တာကျောက်တန်း ဂေဟစနစ်ဆိုသည်မှာ အဘယ်နည်း။**

သန္တာကောင်(Coral or Coral reef) များသည် ဇီဝသက်ရှိ တစ်မျိုးဖြစ်ပြီး မာကျောသောပြင်ပအကာအရံ (hard skeleton) ကို တည်ဆောက်ရန် သန္တာကောင်တစ်ကောင်ချင်းစီမှ ထုံးကျောက်ဟုခေါ်သော Calcium carbonate ကို စစ်ထုတ်၍ သန္တာကျောက်တန်းကြီးကို တည်ဆောက်ကြပါသည်။

သန္တာကောင်(Coral) များသည် ပင်လယ်ပြင်နေ ကျောရိုးမဲ့သတ္တဝါ (marine Invertebrate) များဖြစ်ကြပြီး ၎င်းတို့စုပေါင်းနေထိုင်ရာ သန္တာကျောက်တန်းများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိကြပါသည်။သားလောင်းဘဝတွင် ရေစီးနှင့် မျောပါကြသော်လည်း ကြီးကောင်ဘဝတွင် တစ်နေရာတည်း၌ ကပ်တွယ်နေထိုင်ကြပါသည်။

Coral များတွင် အဓိကအားဖြင့် hard coral နှင့် soft coral ဟူ၍ နှစ်မျိုးရှိကြပါသည်။ Hard coral များသည် ကျွတ်ဆတ်၍ကျိုးလွယ်ပြီး Calcium Carbonate များပါရှိပြီးကျောက်များနှင့် ဆင်တူပါသည်။ Soft coral များမှာမူ ကျောက်တုံးတွင်ကပ်၍နေတတ်ပြီး ကိုင်လိုက်လျှင် ခွေကျို၍ ရေစိုဖော့ကဲ့သို့ ပုံသဏ္ဍာန်ရှိပါသည်။ ၎င်းတို့သည် အကိုင်းအခက်ပုံစံရှိ၍ Calcium Carbonate များ မပါရှိပါ။ အလင်းရောင်နည်းသည့် နေရာတွင်လည်း ရှင်သန်နိုင်ကြပါသည်။

Coral အမျိုးအစားပေါင်း ၂၅၀၀ ကျော်မှ ၃၀၀၀ နီးပါး ထိရှိပြီး အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုးနှင့် တွေ့နိုင်ပါသည်။ Coral များသည် နေရောင်ခြည်ကောင်းစွာရ၍ ကြည်လင်သန့်ရှင်းသောရေတွင်သာ တွေ့ရတတ်ပါသည်။ နောက်ကျိသောရေ (turbid water) နှင့် cold water တို့တွင် မတွေ့ရှိရပါ။အချို့သော coral များတွင် အဆိပ်ပါရှိကြပြီး ၎င်းကိုထိမိပါက ပြင်းထန်သော အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာဖြစ်ပြီး သေစေနိုင်ပါသည်။

ကမ္ဘာ့သမုဒ္ဒရာများ၏ ၀ ဒသမ ၁ ရာခိုင်နှုန်းမှာ coral region များဖြစ်၍ ၂၅ ရာခိုင်နှုန်းသောရေသတ္တဝါများ မှီခိုနေထိုင်ရာနေရာလည်း ဖြစ်ပါသည်။ သန္တာကောင်များသည် အပင်မျှောလေး(Phytoplankton)၊ အကောင်မျှောလေး (Zooplankton) နှင့် Krill ဟုခေါ်သော အကောင်ငယ်လေးများကို စားသုံးကြပါသည်။

**ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ အရောင်ပြောင်းနိုင်**

သန္တာကောင်များ၏ cell အတွင်းတွင်ပါရှိသော Zooxanthelae (microscopic algae)ကြောင့် သန္တာကောင်များကို အရောင်အသွေးစုံလင်စွာဖြင့် တွေ့ရခြင်းဖြစ်ပါသည်။ Coral များကို အများအားဖြင့် အပြာ၊ အစိမ်း၊ အနီနှင့် ရွှေရောင်များဖြင့် တွေ့ရလေ့ရှိသည်။ ၎င်းတို့သည် ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ အရောင်ပြောင်းနိုင်ကြပါသည်။

သန္တာကျောက်တန်း (coral reef) များကို တနင်္သာရီကမ်းရိုးတန်း၊ ရခိုင်ကမ်းမြောင်ဒေသ စသည်တို့၏ ကမ်းရိုးတန်းနှင့် ကမ်းလွန်ပင်လယ်ပြင် ကျွန်းအများစုအနီးမှာ တွေ့ရှိနိုင်ပါသည်။

သန္တာကျောက်တန်းများသည် ကျွန်းများကို မုန်တိုင်းဒဏ်၊ ရေစီးကြောင်းဒဏ်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ်များမှ ကာကွယ်ပေး၍ အချို့သောပင်လယ်ရေသတ္တဝါများအတွက် သားပေါက်ရာနေရာ၊ သားပေါက်များ ခိုအောင်းရာနေရာအဖြစ်လည်း အထောက်အကူပြုပါသည်။

မြန်မာ့ပင်လယ်ပြင်တွင် ရေလုပ်ငန်းအတွက် အဓိက အားကိုးအားထားပြုလို့ရသောအရာမှာ သန္တာကျောက်တန်း ဂေဟစနစ်ပဲ ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် သန္တာကျောက်တန်းဂေဟစနစ်ဖြစ်သည့် သန္တာကျောက်တန်း၊ ဒီရေတောနှင့် ပင်လယ်မြက်တို့ တည်ရှိနေမှုအပေါ်မှာ အများကြီး မှီခိုနေပါသည်။

**ခရီးသွားလုပ်ငန်းအတွက်သာမက**

**စိုက်ပျိုးရေးလုပ်ငန်းအတွက်ပါ အသုံးချလို့ရနိုင်**

သန္တာကျောက်တန်းဂေဟစနစ်သည် ရေလုပ်ငန်းအတွက်သာမက ပင်လယ်ပြင်ခရီးသွားလုပ်ငန်းဖြစ်သည့် Snorkeling နှင့် Scuba Diving ပြုလုပ်ခြင်းတို့အတွက်ပါ အသုံးဝင်သည့် ဂေဟစနစ်တစ်ခုလည်း ဖြစ်ပါသည်။ ထို့ပြင် ဤဂေဟစနစ်တွင်ပါဝင်သည့် ဒီရေတောသည်လည်း Creative ပြုလုပ်နိုင်လျှင် ခရီးသွားလုပ်ငန်းအတွက်သာမက စိုက်ပျိုးရေးလုပ်ငန်းအတွက်ပါ အသုံးချလို့ရနိုင်ပါသေးသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်တွင် coral ၅၀ ရာခိုင်နှုန်းလောက် ဆုံးရှုံးခဲ့ပြီး ဖြစ်ပါသည်။ထို့ကြောင့် အပူချိန်မြင့်တက်လာခြင်း၊ အက်စစ်ဓာတ်ပြုခြင်း၊ nitrogen နှင့် phosphorus များပြားခြင်း၊ ငါးအလွန်အကျွံဖမ်းခြင်း(ဥပမာ – ပေါက်ကွဲမှုဖြင့် ငါးဖမ်းခြင်း၊ cyanide ဖြင့် ငါးဖမ်းခြင်း) တို့ကို ရှောင်ရှားပေးရန် လိုအပ်လှပါသည်။

ထို့ပြင် သန္တာကျောက်တန်း ဂေဟစနစ်မှာပါဝင်သည့် အရာအားလုံးကို ထိုပတ်ဝန်းကျင်မှာ နေထိုင်ကြသူများအနေဖြင့် မပျက်စီးစေရန် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အထူးလိုအပ်လှပါကြောင်း သန္တာကျောက်တန်းဂေဟစနစ်၏ အကျိုးပြုပုံများအကြောင်းကို လေ့လာရေးသားလိုက်ရပါသည်။ ။



▼ **သန္တာကျောက်တန်းများသည် ကျွန်းများကို မုန်တိုင်းဒဏ်၊ ရေစီးကြောင်းဒဏ်၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုဒဏ်များမှ ကာကွယ်ပေး၍ အချို့သော ပင်လယ်ရေသတ္တဝါများအတွက် သားပေါက်ရာနေရာ၊ သားပေါက်များ ခိုအောင်းရာနေရာအဖြစ်လည်း အထောက်အကူပြု**

▼ **သန္တာကျောက်တန်း ဂေဟစနစ်သည် ရေလုပ်ငန်းအတွက်သာမက ပင်လယ်ပြင်ခရီးသွားလုပ်ငန်းဖြစ်သည့် Snorkeling နှင့် Scuba Diving ပြုလုပ်ခြင်းတို့အတွက်ပါ အသုံးဝင်သည့် ဂေဟစနစ်တစ်ခုလည်း ဖြစ်ပါသည်။ ထို့ပြင် ဤဂေဟစနစ်တွင်ပါဝင်သည့် ဒီရေတောသည်လည်း Creative ပြုလုပ်နိုင်လျှင် ခရီးသွားလုပ်ငန်းအတွက်သာမက စိုက်ပျိုးရေးလုပ်ငန်းအတွက်ပါ အသုံးချလို့ ရနိုင်**

# ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်မှုဖြစ်ပွားနေသည့် ငါးဖမ်း ဝါးလတ်လှေတစ်စင်းအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် အောက်တိုဘာ ၁၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်(ရေ)မှ တပ်ဖွဲ့ဝင်များသည် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ရေမိုင် ၆၄ မိုင်အနီး ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၆ ရက် ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် သွားရောက်ရှာဖွေစိစစ်ခဲ့ရာ လင်းတိုးတိုးအောင်(၃) အမည်ရှိ ငါးဖမ်းဝါးလတ်လှေတစ်စင်း မီးလောင်နေသည်ကို တွေ့ရှိခဲ့သဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ပြီး လှေပေါ်ပါ လှေလုပ်သား၁၃ဦးကို မိမိရေယာဉ်ပေါ်သို့ လွှဲပြောင်းတင်ဆောင်၍ ကျန်းမာရေး စစ်ဆေးပေးခြင်း၊ စားသောက်ဖွယ်ရာများနှင့် အဝတ်အထည်များပေးအပ်ကာ ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါ လှေလုပ်သားများအား သက်ဆိုင်ရာသို့ စနစ်တကျ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၇

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄ – က နှင့် ပုဒ်မ ၅၀၅ – က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ညောင်ရွှေကျေးရွာနေ ရန်လင်းသည် ၎င်းအသုံးပြုသည့် “Yan Linn” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြင်သာရပ်ကွက်နေ စောမြင့်ကြူသည် ၎င်းအသုံးပြုသည့် “Myatnoe Khin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ် ညောင်လှကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါးပျံလွန်တော်မူပြီး နှစ်ပါး ဒဏ်ရာရရှိ


**နေပြည်တော် အောက်တိုဘာ ၁၇**

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ပခုက္ကူမြို့ အမှတ် (၁၂) ရပ်ကွက်၊ မဟာဝိသုတာရာမ (အလယ်တိုက်)ရှိ သာသနာ့ဝံသကျောင်းမှ ဥူးပညာဇောတ၊ သက်တော် ၃၄ နှစ်၊ ဝါတော် ၁၄ ဝါ၊ (ဘ)ဦးစံမြင့်၊ ဥူးနန္ဒာစရိယ၊ သက်တော် ၃၃ နှစ်၊ ဝါတော် ၁၃ ဝါ၊ (ဘ)ဦးပြုံး၊ ဥူးဣန္ဒြာစရိယ၊ သက်တော် ၃၃ နှစ်၊ ဝါတော် ၁၃ ဝါ၊ (ဘ)ဦးအောင်လွင်၊ ဥူးဝိစာရ၊ သက်တော် ၃၂ နှစ်၊ ဝါတော် ၁၂ ဝါ၊ (ဘ)ဦးမောင်ငွေတို့ ပါဝင်သည့် သံဃာတော်လေးပါးသည် ယာဉ်အမှတ်၊ MDY–RLG–1472 အမျိုးအစား NISSAN အနက်ရောင်ယာဉ်ဖြင့် ပခုက္ကူမြို့နယ် ပေါက်တောကျေးရွာရှိ ဥူးပညာဇောတ၏ နေအိမ်သို့ အလည်သွားရောက်ရန် ဥူးပညာဇောတမောင်းနှင်ပြီး ပခုက္ကူမြို့မှ တစ်ဆင့် ပခုက္ကူ – ဆိပ်ဖြူသွားကားလမ်းအတိုင်း သွားရောက်စဉ် ညောင်လှကျေးရွာအဝင် မီတာ ၅၀ ခန့်ကွာ အရောက်၌ လမ်း၏ ယာဘက် ၅ ပေခန့်အကွာမှ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံးအား နင်းမိပေါက်ကွဲခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဥူးပညာဇောတတွင် ဝဲပခုံး မိုင်းစထိမှန် ဒဏ်ရာ၊ ယာပေါင် မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)၊ ဥူးနန္ဒာစရိယတွင် ဦးခေါင်းဝဲဘက်ခြမ်း မိုင်းစထိမှန်ဒဏ်ရာ၊ ယာပခုံးမိုင်းစထိမှန်ဒဏ်ရ(စိုးရိမ်ရ)၊ ဥူးဣန္ဒြာစရိယတွင် ယာပခုံး/ ယာလက်မောင်း မိုင်းစထိမှန်ဒဏ်ရာ၊ ဝဲလက်ဖမိုး မိုင်းစထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)နှင့် ဥူးဝိစာရ၊ သက်တော် ၃၂ နှစ်၊ ဝါတော် ၁၂ ဝါ၊ (ဘ)ဦးမောင်ငွေတွင် ထိခိုက်ဒဏ်ရာရရှိမှု မရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိခဲ့သည့် သံဃာတော် လေးပါးအား ပခုက္ကူမြို့နယ်မြစ်ခြေ တိုက်နယ်ဆေးရုံသို့ ပို့ဆောင်ပြီး ဆေးကုသမှုများ ပြုလုပ်ပေးနေစဉ် ည ၇ နာရီခွဲခန့်တွင် ဥူးနန္ဒာစရိယမှာ ရရှိဒဏ်ရာများဖြင့် ပျံလွန်တော်မူသွားခဲ့ပြီး သံဃာတော်နှစ်ပါးအား ဆေးကုသမှုများ ဆက်လက်ပြုလုပ်ပေးလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့နှင့် အမြင်တူညီခြင်းမရှိသည့် အရပ်သားများနှင့် သံဃာတော်များကိုလည်း ပစ်မှတ်ထားကာ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုများအား သက်ဆိုင်ရာသို့ အချိန်မီသတင်းပေးပို့နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**




၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်တိုက်) မှ ဥူးပညာဇောတပါ သုံးဦးသည် ညောင်လှကျေးရွာအနီး အရောက်၌ လက်လုပ်မိုင်း တစ်လုံးအား နင်းမိပေါက်ကွဲခဲ့သည့် တည်နေရာပြ Google မြေပုံ။



PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်တစ်ပါး ပျံလွန်တော်မူ။





PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် သံဃာတော်နှစ်ပါး မိုင်းစထိမှန်ဒဏ်ရာရရှိ။

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၁၀-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

**၀၆:၀၀** "တောင်တန်းသာသနာပြုဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်" (ခန္ဓသုတ်)
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၅၀** "၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်"
**၁၀:၀၀** သတင်းထဲကသတင်း
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၄)
**၁၃:၃၀** MRTV National News
**၁၄:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၁၈)
**၁၄:၅၀** မျိုးဝှက်တင့်စေဆိုကရေးတီးအဖွဲ့
**၁၆:၃၅** "ဝုဏ်ယှဉ်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ" (သိန်းသန်းဦး၊ စန္ဒီဦး)
**၁၇:၂၀** ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
**၁၇:၄၀** "ချစ်စရာ့ပန်းလွန်" (CBT)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၂၆)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ချိုမြမြန်မာတေးအလှ
**၂၁:၃၀** နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၃၉)

**mitv**

**07:02** Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
**07:10** Myanmar Traditional Cart Business
**07:31** Myanmar Guitarist
**07:54** Kid's Home
**08:01** News
**08:28** Ancient Historical Kakku Pagoda
**08:36** Reflected Glory
**09:01** Myanmar Traditional Instruments (MYANMA OBOE)
**09:27** Myanmar Puppeteers (Zawgyi Dance)
**09:36** Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
**09:55** The Art of Making Paper Toys
**10:01** News

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ရိုးရာအိမ်ချက် ဟင်းတစ်ခွက်
**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)
**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
'ဝ' ဥစိုက်ပျိုးခြင်း
**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ကျိုက်ခမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်
**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၄)
**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
ထပ်အိမ်ဝှမှလင်းလက်လာမည့်ကြယ်ပွင့်လေးများ
**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ပန်လုံမြို့သို့ အလည်တစ်ခေါက်
**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ကချင်ရိုးရာထမင်းဟင်းထုပ်
**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
အလှဖြာဝေငွေတောင်ပြည်
**ပကြော်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ကရင်ဖြူမျိုးနွယ်စုနေထိုင်ရာတောင်တန်းဒေသ
**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရောဝတီရဲ့အရိုင်းဆန်တဲ့အလှဂေါ်ရန်ကို (အပိုင်း-၄)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း (LIVE)
**၀၈:၅၀** ၂၀၂၂ခုနှစ်(၂၃)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
**၁၂:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၂:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း(LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း(LIVE)
**၁၆:၀၀** သတင်းမှန်ကဏ္ဍ(LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို (မေမေ့ရွေးချယ်မှု)
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၈
**၁၁:၀၀** PR SYSTEM ရှင်းလင်းပွဲ
**၁၁:၃၀** "အတွေးအမြင်" အပိုင်း-၈

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
**၀၆:၃၀** ဓာတ်မြေဩဇာသုံးစွဲမှုလျော့ချဖို့ သဘာဝမြေဩဇာပြုလုပ်သုံးစွဲကြပါစို့
**၀၇:၀၀** တန်ဖိုးမြင့်ထုတ်ကုန် ဖွဲနုဆီအစွမ်း
**၀၇:၅၅** "တောင်သူ့ဘဝ သုတကဏ္ဍ"
**၀၈:၂၅** ရွှေဘိုပေါ်ဆန်း
**၀၉:၁၀** ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"မုံရွာမြို့အတွင်း PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရမ်းသမ်းပစ်ခတ်မှုကြောင့် သံဃာတော် တစ်ပါး ထိခိုက်ဒဏ်ရာရရှိပြီး အမျိုးသားနှစ်ဦး သေဆုံး"** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး၊ ကင်မွန်းချောင်းတောင်တက်ကားဂိတ်အား KNLA တပ်မဟာ (၁) နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ပြည်သူများ ထိခိုက်သေဆုံးသည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များ အနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပွဲအစ ၄ မိနစ်တွင် မဟာယူနိုက်တက်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထက်ဇော်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် အား/ကာသိပ္ပံအသင်းက ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း ပထမပိုင်းတွင် အရေးနိမ့်နေပြီး မိနစ် ၆၀ ကျော်မှ ဂိုးပြန်ရခဲ့သည်။ ၆၃ မိနစ်တွင် ဝေလင်းအောင်က အား/ကာသိပ္ပံအသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့ပြီး ၆၉ မိနစ်တွင် ဇာနည်က ဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည်။ အား/ကာ သိပ္ပံအသင်း၏ ဦးဆောင်မှုမှာ သုံးမိနစ်သာကြာခဲ့ပြီး ၇၂ မိနစ်တွင် အိုဘိုဒီက မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၄ ပွဲကစား ရမှတ် ၂၁ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် ၁၀ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၆) လက်ကျန်ပွဲများအဖြစ် အောက်တိုဘာ ၁၉ ရက်တွင် မြဝတီအသင်းနှင့် ရတနာပုံအသင်း၊ အောက်တိုဘာ ၂၀ ရက်တွင် GFA အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ– MNL**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၇ - ၁၀ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား | ကျပ် ၁၉၄၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား | ကျပ် ၁၉၅၀၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၀ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၅၆ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၇၀၀ ကျပ် | ၂၇၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၈၅ ကျပ် | ၂၈၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၄၈ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၇၂ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၉၂၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၂ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၅ . ၂၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၉၁ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၉၉ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၈၅ | ၇၉၉၀၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၇၀၀၃ | ၂၄၅၁၀၀၃၅၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၅၅ | ၄၂၉၀၀၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၁ | ၂၁၅၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၅၀ | ၂၇၀၀ | ၁၄၅ | ၃၉၁၅၅၀ |
| AHP | ၅၀၀၀ | ၅၁၀၀ | ၁၀၆ | ၅၄၀၅၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ဒုံးယိမ်းမြေက သဘာဝအခြေခံ ခရီးစဉ်ဒေသများ

မင်းသီဟ

**ခရီးသွားခြင်းသည် အကောင်းဆုံးသော သင်ကြားမှုဟု ဆိုကြသည်။ ခရီးသွားခြင်းသည် ကောင်းသော အလေ့အထတစ်ခုအဖြစ် ခံယူလာကြသည်။ သို့အတွက် နေ့စဉ် လှုပ်ရှားရုန်းကန်နေရသည့် လူမှုပတ်ဝန်းကျင်မှ ခေတ္တဖယ်ခွာပြီး ခရီးသွားခြင်းဖြင့် စိတ်ရောကိုယ်ပါ အပန်းဖြေခြင်းအလေ့သည် ထင်ရှားလာသည်။ ထိုသို့ ခရီးသွားလာရာတွင်လည်း မွန်းကျပ်သည့် လူနေမှုစနစ်နှင့် နီးစပ်ရာ နေရာဒေသများကို ရှောင်ရှားပြီး အေးချမ်းသည့်၊ သာယာသည့် သဘာဝရေမြေတောတောင်များဆီ ခရီးသွားမှု များလာသည်။ သဘာဝရေမြေတောတောင်များနှင့် နီးစပ်ရာဒေသသို့ ခရီးသွားမည်ဆိုပါက သဘာဝကို အခြေခံထားသည့် ခရီးစဉ်ဒေသများစွာ တည်ရှိရာ ဒုံးယိမ်းမြေခေါ် ကရင်ပြည်နယ်ကို ညွှန်းဆိုရမည်သာ။**

ကရင်ပြည်နယ်အတွင်းရှိ သဘာဝအခြေခံ လည်ပတ်စရာ နေရာတစ်ခုကား ပြည်နယ်မြို့တော် ဘားအံမြို့လယ် ကန်သာယာကန်သာပင်။ မြို့၏ အလယ်တွင် ကန်ကြီးတည်ရှိပြီး ကန်ဖြတ်ကူး တံတားပေါ်တွင် အပန်းဖြေလမ်းလျှောက်ရင်း ဇွဲကပင်တောင်နှင့် ကန်ပတ်လည် သဘာဝရှုခင်းကို ငေးမောခံစားနိုင်သည့် အရသာသည် ပြည်တွင်းပြည်ပ ခရီးသွားများကို တစ်ခေါက်ပြီး နောက်တစ်ခါ လာလည်ချင်အောင် ဆွဲဆောင်ထားနိုင်သည်။ မြို့တော် ဘားအံမြို့ရှိ ကန်သာယာသည် ပြည်တွင်းပြည်ပ ခရီးသွားများ နှစ်သက်စွာလည်ပတ်လေ့ရှိသည့် အထင်ကရ နေရာတစ်ခုဖြစ်သည်။

**သဘာဝအလှအပ များစွာတည်ရှိ**

ကန်သာယာကဲ့သို့ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် ထူးခြားဆန်းပြားသည့် ဂူများ၊ ထုံးကျောက်တောင်များ၊ ရေတံခွန်များစသည့် သဘာဝအလှအပ များစွာ တည်ရှိနေသည်။ သဘာဝ အလှအပများသာမက ချစ်စရာ ရိုးရာဓလေ့များ၊ ရိုးရာပွဲတော်များ ပေါများသည့် ပြည်နယ်လည်းဖြစ်သည်။

ကရင်ပြည်နယ်အတွင်း ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ကော့ကသောင်ဂူ၊ ရသေ့ပျံဂူ စသည့် သဘာဝ လိုဏ်ဂူများသည် ခရီးသွားများအကြား ထင်ရှားပြီး လည်ပတ်မှုများသည့် နေရာများဖြစ်သည်။ အဆိုပါ သဘာဝဂူများထဲမှ ဆဒ္ဒန်ဂူသည် ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းပစ္စည်းများကြွယ်ဝသော ဂူကြီးဖြစ်သည်။ ဂူအတွင်းသို့ ဝင်လျှင်ဝင်ချင်း ဉာဏ်တော်အတောင် ၃၀ ခန့်ရှိသော လျောင်းတော်မူတစ်ဆူကို ဖူးတွေ့နိုင်ပြီး ဆင်းတုတော်များ၊ စေတီငယ်များကိုလည်း ဂူအတွင်းနေရာအနှံ့အပြား တည်ထားသည်ကို ဖူးတွေ့နိုင်သည်။

တိုးလျှိုပေါက်ကျောက်ဂူဖြစ်ပြီး ဂူပေါက်ဝ အကျယ်ဆုံးနှင့် ဂူအတွင်း ဂူအနောက်ဘက် ထွက်ပေါက်မှတစ်ဆင့် ဂူအရှေ့အထိ ဆဒ္ဒန်ရေကန်ငယ်ဖြင့် ဝန်းရံထားပြီး အပျော်စီးလှေငယ်များ စီးကာ သဘာဝအလှကို ခံစားနိုင်သည့် နေရာတစ်ခု ဖြစ်သည်။

**ရှုခင်းသာတံတားကို တည်ဆောက်ပေးထား**

ဆဒ္ဒန်ဂူကဲ့သို့ ရသေ့ပျံဂူသည် ဂူအတွင်း ဘုရားစေတီတည်ရှိသည့် သဘာဝဂူတစ်ခုဖြစ်သည်။ ရသေ့ပျံဂူသည် ဘားအံမြို့မှ ကိုးမိုင်အကွာတွင် တည်ရှိပြီး နှစ်ဖက်ပွင့် သဘာဝထုံးကျောက်ဂူ အမျိုးအစားဖြစ်သည်။ မြေစေး၊ သစ်သားတို့ဖြင့် ပြုလုပ်ထားသော ပုဂံ၊ အင်းဝ၊ တောင်ငူနှင့် ကုန်းဘောင်ခေတ်ပြိုင်ကာလ ရှေးဟောင်းလက်ရာများကို လေ့လာတွေ့ရှိနိုင်သည်။ ထို့ပြင် လာရောက်လည်ပတ်သူများအနေဖြင့် ဂူ၏ အနောက်ဘက် သဘာဝအလှအပကို ခံစားကြည့်ရှုနိုင်ရန် ရှုခင်းသာတံတားကိုပါ တည်ဆောက်ပေးထားသည်။

ပြည်နယ်အတွင်းရှိ သဘာဝလိုဏ်ဂူများတွင် ကော့ဂွန်းဂူသည် ရှေးအကျဆုံး လိုဏ်ဂူကြီးဖြစ်သည်။ ကော့ဂွန်းဂူ၏ လိုဏ်ဂူအမိုးနှင့် ဆေးရေးနံရံ ကျောက်ခက်ကျောက် စွယ်များသည် သဘာဝကျကျ လှပစွာတည်ရှိနေပြီး ဗုဒ္ဓဆိုင်ရာ ကျောက်ဆစ်ရုပ်ပွားတော်များကို ဂူနံရံပြည့်ထွင်းထုထားသည်။ ဂူအတွင်းမင်စာ၊ ကျောက်စာနှင့် ရှေးမွန်စာတို့ကိုလည်း လေ့လာနိုင်သည်။ ကော့ဂွန်းဂူဘုရားပွဲတော်ကို ဧပြီလအတွင်း နှစ်စဉ်ကျင်းပလေ့ရှိသည်။



ကရင်ဒုံးယိမ်း အက။

> *** ကရင်ပြည်နယ်အတွင်း ဆဒ္ဒန်ဂူ၊ ကော့ဂွန်းဂူ၊ ကော့ကသောင်ဂူ၊ ရသေ့ပျံဂူ စသည့် သဘာဝလိုဏ်ဂူများသည် ခရီးသွားများအကြား ထင်ရှားပြီး လည်ပတ်မှုများသည့် နေရာများဖြစ်သည်။ အဆိုပါ သဘာဝဂူများထဲမှ ဆဒ္ဒန်ဂူသည် ဗုဒ္ဓယဉ်ကျေးမှုအမွေအနှစ်များနှင့် ရှေးဟောင်းပစ္စည်းများကြွယ်ဝသော ဂူကြီး ဖြစ်သည်။ ဂူအတွင်းသို့ ဝင်လျှင်ဝင်ချင်း ဉာဏ်တော် အတောင် ၃၀ ခန့်ရှိသော လျောင်းတော်မူတစ်ဆူကို ဖူးတွေ့နိုင်ပြီး ဆင်းတုတော်များ၊ စေတီငယ်များကိုလည်း ဂူအတွင်းနေရာအနှံ့အပြား တည်ထားသည်ကို ဖူးတွေ့နိုင်**

**နှစ်ကျိပ်ရှစ်ဆူဘုရားများ ဖူးမြော်နိုင်**

ကျောက်စက်ပန်းဆွဲများနှင့် ကျောက်စက်မိုးမျှော်များဖြင့် လှပသည့် တစ်ဖက်ပွင့်ဂူ အမျိုးအစား ကော့ကသောင်ဂူသည် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် နေရာတစ်ခုဖြစ်သည်။ ကော့ကသောင်ဂူသည် ဘားအံမြို့မှ တောင်ဘက် ခုနစ်မိုင်အကွာ ဇွဲကပင်တောင်၏ အရှေ့ နှစ်မိုင်အကွာတွင် တည်ရှိသည်။ ဂူအတွင်း ဘယ်၊ ညာ နှစ်ဖက်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဖူးမြော်နိုင်ပြီး အခြားဂူငယ်များလည်း တစ်ဆက်တည်း တည်ရှိနေသည့် နေရာဖြစ်သည်။

**ခရီးသွားများ သွားရောက်လေ့ရှိ**

ဂူမျက်နှာစာတွင် တည်ရှိနေသည့် သဘာဝရေပူ၊ ရေအေးစိမ့်စမ်းအိုင်များ၌ ရေချိုးအပန်းဖြေရင်း ရှေးဟောင်းလက်လုပ်မြေအုတ်၊ ဂဝံကျောက်အုတ်များဖြင့် ထုလုပ်ပူဇော်ထားသော ဘုရားများစွာတည်ရှိနေသည့် ဘုရင့်ညီဂူ၊ ဂူအတွင်း လင်းနို့များစွာ ရှင်သန်နေထိုင်ပြီး နေဝင်ချိန်တွင် လင်းနို့ထွက်သည့် နေဝင်ချိန်ကို စောင့်ကြည့်ခြင်းဖြင့် စည်ကားနေသည့် လင်းနို့ဂူ၊ ကမ္ဘာ့အသေးဆုံး လင်းနို့မျိုးစိတ်သစ်များကို လေ့လာနိုင်သည့် ကျွဲမင်းဂူတို့ကို ခရီးသွားများ သွားရောက်လေ့ရှိသည်။

ခရီးသွားများနှင့် ထိတွေ့မှုနည်းသော်လည်း သဘာဝကျလှပသည့် ဘားအံမြို့ နောင်ပလိန်ကျေးရွာအနီးရှိ နှစ်ဖက်ပွင့်ထုံးကျောက်ဂူ ဣန္ဒာသယဂူကိုလည်း ခရီးသွားများ အဆင်ပြေစွာလည်ပတ်နိုင်မည့် နေရာတစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာ ဌာနများနှင့် ဒေသခံပြည်သူများက ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည်။

**ထပ်မံလာလည်ချင်အောင် ဆွဲဆောင်နိုင်စွမ်းရှိ**

ကရင်ပြည်နယ်သည် သဘာဝလိုဏ်ဂူများစွာ တည်ရှိနေသကဲ့သို့ တောင်များ ပေါများသည့် ပြည်နယ်လည်းဖြစ်သည်။ ပြည်နယ်အတွင်းရှိ ဇွဲကပင်တောင်သည် ပြည်နယ်အထိမ်းအမှတ် လည်ပတ်စရာ နေရာတစ်ခုဖြစ်ပြီး ခရီးသွားများအကြား လူသိများ ထင်ရှားပြီးဖြစ်သည်။ ဇွဲကပင်တောင်ကဲ့သို့ တောင်ဝိုင်းတောင်သည် ပွင့်လင်းရာသီတွင် ခရီးသွားလည်ပတ်မှုများသည့် ခရီးစဉ်နေရာတစ်ခုဖြစ်သည်။ တောင်ပေါ်ရှိ စတီးလှေကားမှတစ်ဆင့် ရှုမျှော်တွေ့မြင်ရသော သဘာဝဝန်းကျင်သည် တောင်တက်ခြင်း နှစ်သက်သူများကို ထပ်မံလာလည်ချင်အောင် ဆွဲဆောင်နိုင်စွမ်းရှိသည်။

**ကရင်ပြည်နယ်၏ အမြင့်ဆုံးတောင်ဖြစ်သည့် မုလအိ**တောင်တက်ရင်းဆုတောင်းပြည့် မုလအိစေတီတော်သို့ သွားရောက်ဖူးမြော်ကြသည့် ခရီးသွားပြည်သူများလည်းရှိသည်။ မုလအိတောင်သည် ဘားအံမြို့၏ အရှေ့တောင်ဘက် မိုင်ပေါင်း ၁၀၀ ကျော်၊ မြဝတီမြို့မှ မိုင် ၆၀ ခန့်အကွာတွင် တည်ရှိသည်။ မုလအိစေတီတော်သို့ ဘားအံ- မြဝတီ-တနော်ထော့ လမ်းကြောင်းအတိုင်း မော်တော်ယာဉ်ဖြင့် တက်ရောက်နိုင်သကဲ့သို့ ဘားအံ-ကော့ကရိတ်-ကျိုက်ဒုံလမ်းခွဲမှတစ်ဆင့် ကျိတ်-တဒွဲခိုကျေးရွာလမ်းကြောင်းအတိုင်း ခြေကျင်ခရီးဖြင့် သွားရောက်မှုလည်း ရှိသည်။

ထို့အတူ ဘားအံမြို့မှ ၁၆ မိုင်ခန့်အကွာ ဘားအံ-မြဝတီကားလမ်းပေါ်ရှိ သမိုင်းဝင် လွန်းညစေတီအနီး၌ တည်ရှိသည့် လွန်းညတောင်နှင့် လွန်းညရေပြာအိုင်သည် ခရီးသွားလာရောက်မှုရှိသည့် နေရာတစ်ခု ဖြစ်သည်။ တောင်ပတ်ဝန်းကျင်ရှိ ရေပြင်၊ လယ်ကွင်းများနှင့် လွန်းညတောင်တို့ကို လှပစွာ တွဲဖက်ထားသကဲ့သို့ပင်။ တောင်စဉ်တောင်တန်းများပေါ်မှ စီးဆင်းလာသောရေသည် အိုင်အတွင်း ရောက်သည့်အခါ ပြာလဲ့လဲ့အရောင်ဖြင့် ခရီးသွားများကို ဆွဲဆောင်ထားသည်။ လွန်းညရေပြာအိုင်သည် ဗျိုင်းနှစ်ကောင်ဘုန်းကြီးကျောင်းအတွင်း တည်ရှိနေသည့်အတွက် ဗျိုင်းနှစ်ကောင်ကျောင်း ရေပြာအိုင်ဟု ဒေသခံများက ခေါ်ဆိုကြသည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

### ခရီးသွား ဧည့်သည်များကို သက်သတ်လွတ်ထမင်းနှင့် ဟင်းလျာများ တည်ခင်းဧည့်ခံ

ထုံးကျောက်ဖြင့် ဖြစ်တည်နေသော သဘာဝ တောင်ထွတ်ကြောင့် ကံလာဘ်စေတီကိုလည်း ပြည်တွင်းခရီးသွားများသာမက ပြည်ပခရီးသွား ဧည့်သည်များပါ သွားရောက်မှုရှိသည်။ ထို့ကြောင့် ကံလာဘ်စေတီသို့ လာရောက်သည့် ခရီးသွား ဧည့်သည်များကို သက်သတ်လွတ်ထမင်းနှင့် ဟင်းလျာများ တည်ခင်းဧည့်ခံကျွေးမွေးလျက်ရှိသည်။ ခရီးသွားဧည့်သည်များအနေဖြင့် တောင်ပေါ်မှ ဘားအံမြို့ရှုခင်း၊ ဇွဲကပင်တောင်ရှုခင်းကို ရှုမျှော်ခံစားနိုင်သည့် ကံလာဘ်စေတီသည် ဘားအံမြို့၏ မြောက်ဘက်တွင် တည်ရှိသည်။

ပြည်နယ်အတွင်းရှိ တောင်များကို ခရီးစဉ်ဒေသများအဖြစ် လည်ပတ်မှုရှိသကဲ့သို့ ပြည်နယ်အတွင်းရှိ ရေတံခွန်များသည် လာရောက်လည်ပတ်သူများ စိတ်ကျေနပ်နှစ်သက်မှုပေးစွမ်းနိုင်၍ အများပြည်သူ အားလပ်ရက်များတွင် အပန်းဖြေလာရောက်မှု ရှိသည်။

ပြည်နယ်အတွင်းမှ **ကျုံထော်ရေတံခွန်သည် မိုးရာသီတွင် သွားလာရန်ခက်ခဲ**သည့်အတွက် ခရီးသွားဝင်ရောက်မှုနည်းပါးသော်လည်း ပွင့်လင်းရာသီရောက်သည့်အခါ ပြည်တွင်းခရီးသွားအများ အပြား လာရောက်လည်ပတ်ကြသည်။

### ရေတံခွန်သည် အဆင့် ၁၀ ဆင့်ခန့်ရှိ

ထို့အတူ ခရီးသွားများ လည်ပတ်မှုနည်းသော်လည်း လှပစွာ အဆင့်ဆင့်စီးဆင်းနေသည့် ပရေကြေတို ရေတံခွန်ကို ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားများ အဆင်ပြေပြေ လည်ပတ်နိုင်စေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပရေကြေတိုရေတံခွန်သည် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်အနီးတွင် တည်ရှိသည်။ ပရေကြေတို ရေတံခွန်သည် အဆင့် ၁၀ ဆင့်ခန့်ရှိပြီး ကျောက်ကြားမှ ရေလွှာသည် အဆင့်ဆင့်စီးဆင်း လျက်ရှိ သည်။ ရေတံခွန်သို့ လာရောက်လည်ပတ်သူများသည် ပြေပြစ်သော ကျောက်လွှာများတွင် ရေလွှာလျှောစီး၍ အပန်းဖြေရေချိုးလေ့ရှိကြသည်။

ကော့ကရိတ်မြို့နယ်အတွင်း တည်ရှိသည့် ရေလွှာ အဆင့်သုံးဆင့်ပါရှိသော တောနော် ရေတံခွန်ကိုလည်း ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရအနေဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး ရေတံခွန်သို့ လာရောက်လည်ပတ်သူများ အဆင်ပြေမှုရှိစေရန် အတွက် အပန်းဖြေဘန်ဂလိုများ၊ ဈေးဆိုင်တန်းများကို ဆောက်လုပ်ထားပြီဖြစ်ကြောင်း သိရသည်။



ဘားအံမြို့မှ ကိုးမိုင်အကွာ ဘားကပ်ရွာမှ သုံးမိုင်အကွာ၊ တောင်ခြေမှ ပေ ၁၅၀ အမြင့်တွင် တည်ရှိသည့် ရသေ့ပျံဂူကို တွေ့ရစဉ်။

ကရင်ပြည်နယ်သို့ လည်ပတ်မည့် ခရီးသွားပြည်သူများသည် မက္ကသာ(ထီလောင်ယှူး) ရေတံခွန်သို့ သွားရောက်၍ အပျော်တမ်းလှေစီးခြင်း၊ ရေကူးခြင်း တို့ဖြင့် အပန်းဖြေအနားယူနိုင်သည့်အတွက် ခရီးသွားပြည်သူအကြိုက် ခရီးစဉ်ဒေသ တစ်ခုဖြစ်သည်။ မက္ကသာ (ထီလောင်ယှူး) ရေတံခွန်သည် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့အနီး မက္ကသာ ဘေးမဲ့ သစ်တောဧရိယာအတွင်း တည်ရှိသည်။

### ပြည်နယ် အမှတ်တရပစ္စည်းဆိုင်များ ဖွင့်လှစ်ထား

အလားတူ ဘားမဲတောင်ရက္ခဗေဒသဘာဝ အပန်းဖြေဥယျာဉ်ကို ခရီးသွားပြည်သူများ လာရောက်သည့်အခါ ပိုမိုအဆင်ပြေစွာလည်ပတ်နိုင်စေရန် ပြည်နယ်အစိုးရအနေဖြင့် ဥယျာဉ်အတွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ တောင်တက်လမ်း၊ တောင်ပတ်လျှောက်လမ်း၊ View Point Decking၊ ရေပန်း၊ ကျောက်ရေတံခွန်၊



ကရင်ရိုးရာ တာလပေါ့ဟင်း။

ကလေးကစားကွင်းနေရာ၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်ရန်နေရာ၊ ရေကူးကန်နှင့် ရေလွှာလျှောစီးနေရာစသည် အပန်းဖြေလှုပ်ရှားမှုများ ဆောင်ရွက်နိုင်ရန် စီမံထားရှိသည်။ ထို့အတူ ကရင်ပြည်နယ်သို့ လာရောက် လည်ပတ်သူများအနေဖြင့် ဥယျာဉ်အတွင်း လည်ပတ်ရင်း ကရင်ရိုးရာအစားအစာများကို မြည်းစမ်းနိုင်မည့် ရိုးရာအစားအစာရောင်းချသည့် ဆိုင်များ၊ ပြည်နယ် အမှတ်တရပစ္စည်းဆိုင်များလည်း ဖွင့်လှစ်ထားသည်။ သဘာဝအပန်းဖြေဥယျာဉ်ဖြစ်သည့်အားလျော်စွာ ဥယျာဉ်အတွင်းရှိ သစ်ပင်ပန်းမန်များကို ရှုချင်သဖွယ်ဖြစ်အောင်၊ သဘာဝဝန်းကျင်ကို လေ့လာလည်ပတ်ရင်း အပန်းဖြေနိုင်အောင် စီမံထားရှိကြောင်း သိရသည်။

ပြည်နယ်အတွင်း သဘာဝရေတံခွန်များသို့ သွားရောက်လည်ပတ်သကဲ့သို့ ဘားအံမြို့မှ ၁၅ မိုင်ခန့်အကွာ ဘားအံ-မော်လမြိုင်ကားလမ်းဘေး ကော့ဒီကျေးရွာ၌ ခရုစုပ်ငှက် အကောင်ရေ ၁၀၀၀၀၀ ခန့် သဘာဝအတိုင်း နေထိုင်ကျက်စားမှုကို လေ့လာနိုင်သည့် ငှက်ကြည့်ခရီးစဉ်ကို ပြည်နယ်၏ ခရီးသွားဆွဲဆောင်မှု ခရီးစဉ်ဒေသအသစ်တစ်ခု ဖြစ်ပေါ်လာရေး လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

### Eco-tourism ခရီးစဉ်ဒေသအဖြစ် အကောင်အထည်ဖော်

ထို့အတူ ကရင်ပြည်နယ်အတွင်း သံတောင်ကြီးဒေသသည် ခရီးသွားခြင်းကိုနှစ်သက်သည့် ခရီးသွားပြည်သူများအကြား ထင်ရှားလာသည့် ခရီးစဉ်ဒေသ တစ်ခုဖြစ်သည်။ သို့ဖြစ်၍ သံတောင်ကြီးဒေသ ဘောဂလိမြို့နယ်အတွင်းရှိ ပလက်ဝဆည်အတွင်း ငါးမျှားခြင်း၊ လှေစီးခြင်းစသည်တို့ဖြင့် အပန်းဖြေအနားယူနိုင်သော Eco-tourism ခရီးစဉ်ဒေသအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်နယ်အစိုးရအဖွဲ့သည် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ကရင်ပြည်နယ်အတွင်း တည်ရှိနေသည့် သဘာဝရေမြေတောတောင်များကို အခြေခံ၍ လေ့လာလည်ပတ်နိုင်သည့် ခရီးစဉ်များသည် ခရီးသွားပြည်သူအကြိုက် နေရာဒေသများ ဖြစ်သည်။ ထို့ကြောင့် ခရီးသွားပြည်သူများအနေဖြင့် သဘာဝတောတောင်ရှုခင်းများကို လည်ပတ်ခံစားရင်း အပန်းဖြေနိုင်စေရန်အတွက် ကရင်ပြည်နယ်သို့ တစ်ခေါက်တစ်ခါ အလည်အပတ်သွားနိုင်စေရန် အလို့ငှာ ရေးသားတင်ပြလိုက်ရပါသည်။ ။

**“ခရီးသွားများ လည်ပတ်မှုနည်းသော်လည်း လှပစွာ အဆင့်ဆင့်စီးဆင်းနေသည့် ပရေကြေတို ရေတံခွန်ကို ခရီးစဉ်တစ်ခုအဖြစ် ခရီးသွားများ အဆင်ပြေပြေ လည်ပတ်နိုင်စေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပရေကြေတိုရေတံခွန်သည် လှိုင်းဘွဲ့ မြို့နယ် ရှမ်းရွာသစ်အနီးတွင် တည်ရှိသည်။ ပရေကြေတို ရေတံခွန်သည် အဆင့် ၁၀ ဆင့်ခန့်ရှိပြီး ကျောက်ကြားမှ ရေလွှာသည် အဆင့်ဆင့်စီးဆင်း လျက်ရှိသည်။ ရေတံခွန်သို့ လာရောက်လည်ပတ်သူ များသည် ပြေပြစ်သော ကျောက်လွှာများတွင် ရေလွှာလျှောစီး၍ အပန်းဖြေ ရေချိုးလေ့ရှိ”**

## အုတ်တွင်းမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ မျိုးကွဲသစ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**အုတ်တွင်း အောက်တိုဘာ ၁၇**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကိုဗစ်-၁၉ မျိုးကွဲသစ် ကြိုတင်ကာကွယ်ရေး အသိပညာပေး နှိုးဆော်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ်အတွင်းရှိ ကသစ်တန်းရပ်ကွက်၊ မဲကုန်းရပ်ကွက်နှင့် အုန်းပင်ကျေးရွာများသို့ အသိပညာပေးနှိုးဆော်မှုများကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများရှိလာသောကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ နေထိုင်သွားလာကြရန်နှင့် ကာကွယ်ဆေးများကို လည်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် မပျက်မကွက် အကြိမ်အရေအတွက် ပြည့်မီစွာ ထိုးနှံကြရန် စသည့်အချက်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အုတ်တွင်းမြို့နယ်အနေဖြင့် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၇ ရက်မှ စတင်၍ ကိုဗစ်-၁၉ မျိုးကွဲသစ် ရောဂါပိုးများကို စစ်ဆေးတွေ့ရှိလျက်ရှိရာ ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများအား လိုက်နာဆောင်ရွက်ကြရန်နှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အသိပညာပေးနှိုးဆော်ခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**အေမင်းရည်စော**

**(ပြန်/ဆက်)**

# မိုက်ခရိုဆော့ဖ်က ဒီဇိုင်းများ အလွယ်တကူရေးဆွဲနိုင်မည့် Microsoft Designer အက်ပလီကေးရှင်းအသစ်ကို မိတ်ဆက်


**ရန်ကုန် အောက်တိုဘာ ၁၇**

မိုက်ခရိုဆော့ဖ်၏ ဝင်းဒိုးစနစ်ကို အသုံးပြုနေသူများ အနေဖြင့် ဂရပ်ဖစ်ဒီဇိုင်းဖန်တီးမှုများကို အလွယ်တကူ လုပ်ဆောင်နိုင်မည့် ဒီဇိုင်းရေးဆွဲသည့်အက်ပလီကေးရှင်းအသစ်ဖြစ်သော Microsoft Designer အက်ပလီကေးရှင်းကို အောက်တိုဘာ ၁၂ ရက်မှစ၍ မိတ်ဆက်ထားပြီး အသုံးပြုလိုသူများသည် အဆိုပါ အက်ပလီကေးရှင်းအတွက် ဝက်ဘ်ဆိုက်ဖြစ်သည့် https://designer.microsoft.com/ သို့ဝင်၍ Waiting List တွင် အီးမေးလ်ကိုထည့်ကာ စာရင်းသွင်းထားခြင်းဖြင့် အခမဲ့ စမ်းသပ်အသုံးပြုခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Microsoft Designer သည် ဉာဏ်ရည်တု(AI) အသုံးပြုမှုများကို အခြေခံသော အက်ပလီကေးရှင်းဖြစ်ပြီး နာမည်ကြီး AI image generator ဖြစ်သည့် Dall-E 2 ကို ထည့်သွင်းပေးထားကြောင်း၊ အသုံးပြုသူများသည် ဂရပ်ဖစ်ဒီဇိုင်းများကို အစမှစ၍ ရေးဆွဲနေရန်မလိုဘဲ မိမိတို့ရေးဆွဲလိုသော ပုံ သို့မဟုတ် ဒီဇိုင်းအမျိုးအစားကို စာရိုက်၍ ရှာဖွေလိုက်ရုံဖြင့် AI က ပြုပြင်ရေးဆွဲနိုင်သော ဒီဇိုင်းပုံများကို ရှာဖွေပေးမည်ဖြစ်ပြီး အသုံးပြုသူများက ဖြည့်စွက်ခြင်း၊ ဖယ်ထုတ်ခြင်းများကို ပြုလုပ်ရုံဖြင့် လိုအပ်သည့် ဒီဇိုင်းများကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိုက်ခရိုဆော့ဖ်ကို အသုံးပြုသူများအနက် ဆိုရှယ်မီဒီယာသုံးသူများအတွက် Microsoft Designer အက်ပလီကေးရှင်းကို အဓိကရည်ရွယ်ထားပြီး အသုံးပြုသူများသည် ဂရပ်ဖစ်ဒီဇိုင်းဆော့ဖ်ဝဲနှင့် ပညာရပ်ကို အထူးကျွမ်းကျင်ရန်မလိုဘဲ Microsoft Designer ၏ AI လုပ်ဆောင်ချက်များကိုသုံး၍ မိမိတို့ ဆိုရှယ်မီဒီယာများအတွက် လိုအပ်မည့်ဒီဇိုင်းများကို အလွယ်တကူ ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဂရပ်ဖစ်ဒီဇိုင်းနှင့်ပတ်သက်၍ ပရိုဖက်ရှင်နယ်အဆင့်မဟုတ်သော ကုမ္ပဏီ၊ အဖွဲ့အစည်း၊ အေဂျင်စီ၊ သင်တန်းကျောင်းများအတွက်လည်း အသုံးဝင်မည့် အက်ပလီကေးရှင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မိုက်ခရိုဆော့ဖ်အနေဖြင့် ဂရပ်ဖစ်ဒီဇိုင်း အက်ပလီကေးရှင်းသစ်ဖြစ်သည့် Microsoft Designer ကို မိတ်ဆက်လိုက်ခြင်းကြောင့် လက်ရှိ ကွန်ပျူတာသုံး ဂရပ်ဖစ်ဒီဇိုင်းဆော့ဖ်ဝဲဖြစ်သည့် Adobe ၏ ဒီဇိုင်းဆော့ဖ်ဝဲများနှင့် အပြိုင်အဆိုင်ဖြစ်လာနိုင်သော်လည်း Microsoft Designer သည်




ပရိုဖက်ရှင်နယ်သုံးအတွက် မရည်ရွယ်ထားခြင်း၊ မိုက်ခရိုဆော့ဖ်နှင့် Adobe ကုမ္ပဏီတို့ ပူးပေါင်းထုတ်လုပ်ထားသည့် ဂရပ်ဖစ်ဒီဇိုင်းဆော့ဖ်ဝဲ အပါအဝင် ထုတ်ကုန်အမျိုးအစားပေါင်း ၃၀ ကျော်လည်း ရှိနေခြင်းတို့ကြောင့် ကုမ္ပဏီနှစ်ခုအကြား ဆက်ဆံရေးတွင်မှု ပြောင်းလဲမှုများ ရှိလာမည်မဟုတ်ကြောင်း မိုက်ခရိုဆော့ဖ်ဘက်က ပြောကြားထားသည်။

Microsoft Designer အက်ပလီကေးရှင်းအသစ်ကို ယခုအချိန်တွင် သီးခြားအက်ပလီကေးရှင်းတစ်ခုအနေဖြင့် စမ်းသပ်ထုတ်ပေးထားသော်လည်း နောက်ပိုင်းတွင် မိုက်ခရိုဆော့ဖ်၏ လက်ရှိဝန်ဆောင်မှုများဖြစ်သည့် ရုံးသုံးဆော့ဖ်ဝဲ Office နှင့် ပေါင်းစပ်သွားနိုင်မည်ဖြစ်ကာ မိုက်ခရိုဆော့ဖ်၏ အင်တာနက်ဘရောက်ဇာ Edge နှင့် ရှာဖွေရေးအင်ဂျင် Bing တို့နှင့် ပေါင်းစပ်အသုံးပြုနိုင်မည့် Tool တစ်ခုလည်း ဖြစ်လာနိုင်ကြောင်း သိရသည်။


**ကိုးကား- Xda-developer, CNBC**

**ကိုစိုး**

## New Product

## Xiaomi က ပထမဆုံး ထုတ်လုပ်တဲ့ ခုနစ်ဒေါ်လာတန် Redmi writing pad

မိုဘိုင်းဖုန်းထုတ်ကုန်တွေနဲ့ ကမ္ဘာ့ဈေးကွက်မှာ နာမည်ရတဲ့ Xiaomi ဟာ မိုဘိုင်းဖုန်းနဲ့ တက်ဘလက်တွေသာမက ဉာဏ်ရည်တု လူသားစက်ရုပ်တွေအထိ စမ်းသပ်နေသလို တီဗွီ၊ ရေခဲသေတ္တာလို အိမ်သုံးပစ္စည်းတွေ၊ အိမ်တွင်းသုံး အသံစနစ် (Home audio)တွေ အပါအဝင် ခြင်ဖမ်းစက်နဲ့ ရေငွေ့ထုတ်စက်လို ထုတ်ကုန်တွေအထိ အမျိုးစုံထုတ်လုပ်နေတဲ့ ကုမ္ပဏီလည်း ဖြစ်ပါတယ်။ အခုလည်း ဈေးသက်သက်သာသာနဲ့ သုံးနိုင်တဲ့ ကျောက်သင်ပုန်းပုံစံ Writing Pad ကို Redmi တံဆိပ်နဲ့ ထုတ်လုပ်ပြီး အိန္ဒိယနိုင်ငံဈေးကွက်မှာ စတင်ရောင်းချနေပြီဖြစ်ပါတယ်။



Redmi Writing Pad ဟာ ခုနစ်ဒေါ်လာပဲ တန်ဖိုးရှိပြီး အန်းဒရွိုက် တက်ဘလက်မဟုတ်ဘဲ မှတ်စုရေးတာ၊ ပုံကြမ်းဆွဲတာတွေ လုပ်နိုင်တဲ့ ကျောက်သင်ပုန်းပုံစံ ပစ္စည်းဖြစ်ပါတယ်။ လက်ရှိ ပြည်တွင်းဈေးကွက်မှာဆိုရင် တရုတ်နိုင်ငံက ထုတ်တဲ့ Writing Pad တွေ အများအပြားရောင်းချနေပြီး ကျောင်းသားကျောင်းသူတွေနဲ့ ကလေးငယ်တွေ ပုံဆွဲဖို့ ကစားစရာအနေနဲ့ ဝယ်သုံးနေကြပါတယ်။ ဈေးနှုန်းက အရွယ်အစားအပေါ်မူတည်ပြီး သုံးဒေါ်လာကနေ ငါးဒေါ်လာဝန်းကျင်လောက် ရှိပါတယ်။ အခု Xiaomi က နာမည်ကြီးပြီးသားဖြစ်တဲ့ Redmi အမှတ်တံဆိပ်နဲ့ ခုနစ်ဒေါ်လာတန် Writing Pad ထုတ်လာခြင်းက လက်ရှိ ပြည်တွင်းဈေးကွက်ထဲမှာ ရောင်းနေတဲ့ တရုတ်နိုင်ငံထုတ် Writing Pad တွေရဲ့ ဈေးကွက်ကို အများကြီး ထိခိုက်လာနိုင်စရာရှိပါတယ်။



အခု အိန္ဒိယမှာ စရောင်းနေတဲ့ Redmi Writing Pad ဟာ မျက်နှာပြင်အကျယ် ၈ ဒသမ ၅ လက်မရှိပြီး မျက်နှာပြင်က LCD အမျိုးအစားဖြစ်ပါတယ်။ မျက်နှာပြင်ဟာ အလင်းရောင်မထွက်ဘဲ စက္ကူပေါ်မှာ မင်နဲ့ရေးတဲ့ပုံစံမျိုးဖြစ်အောင် ဖန်တီးထားလို့ ကြာရှည်အသုံးပြုရင်တောင် မျက်စိပင်ပန်းနွမ်းနယ်မှုကို ကာကွယ်ပေးနိုင်တယ်လို့ Xiaomi က ပြောထားပါတယ်။ ကိုယ်ထည်ကို ABS ပလတ်စတစ်နဲ့ ပြုလုပ်ထားပြီး အလေးချိန်က ၉၀ ဂရမ်ပဲရှိပါတယ်။ မျက်နှာပြင်ပေါ်မှာ စာရေး/ပုံဆွဲနိုင်ဖို့ ဖိအားအာရုံခံစနစ်ပါဝင်တဲ့ Stylus Pen တစ်ခုပါဝင်ပြီး ၅ ဂရမ် လေးပါတယ်။ ရေးဆွဲထားပြီးတဲ့ စာတွေ/ပုံတွေကို ဖျက်ပစ်ဖို့ ခလုတ်တစ်ခုပါဝင်သလို မဖျက်ချင်သေးရင် မတော်တဆ ဖျက်မိတာကို ကာကွယ်ဖို့ Lock ခလုတ်တစ်ခုလည်း ပါဝင်ပါတယ်။ ဘက်ထရီက အားသွင်းရတဲ့ ဘက်ထရီမျိုးမဟုတ်ဘဲ ကုန်သွားရင် အသစ်လဲရတဲ့ နာရီခွတ်ခဲပုံစံမျိုးဖြစ်ပြီး Xiaomi ကတော့ ဘက်ထရီတစ်လုံးကို စာမျက်နှာပေါင်း ၂၀၀၀၀ အထိ ရေးနိုင်၊ ဖျက်နိုင်တယ်လို့ ကြေညာထားပါတယ်။

Redmi Writing Pad ကို ပြည်တွင်းဈေးကွက်ထဲ တင်သွင်းတဲ့အခါ မိုဘိုင်းဖုန်းဆိုင်တွေက သိပ်ပြီး တင်သွင်းနိုင်ခြေမရှိဘဲ တရုတ်နိုင်ငံဘက်က စာရေးကိရိယာနဲ့ ကလေးကစားစရာ တင်သွင်းတဲ့ ကုန်သည်တွေကသာ တင်သွင်းနိုင်ခြေရှိပါတယ်။ ဈေးနှုန်းအနေနဲ့လည်း များများစားစား တက်နိုင်ဖို့မရှိဘဲ ခုနစ်ဒေါ်လာဝန်းကျင်သာ ကျသင့်နိုင်မှာ ဖြစ်ပါတယ်။

**ကျော်ဇင်ဦး**

## မြန်မာနက်၏ အင်တာနက်အစီအစဉ်များ ဈေးနှုန်းတိုးမြှင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနက်က ဝန်ဆောင်မှုပေးနေသော အင်တာနက်ဝန်ဆောင်မှုအစီအစဉ်များမှ ငွေဖြည့်ကတ်သုံး ဖုန်းအင်တာနက်အစီအစဉ်ကို အောက်တိုဘာ ၁၀ ရက်မှစ၍ ဈေးနှုန်းတိုးမြှင့်လိုက်ပြီး လစဉ်ကြေး အင်တာနက်ဝန်ဆောင်မှုများဖြစ်သည့် မြန်မာနက်အစီအစဉ်၊ မြန်မာနက် Plus အစီအစဉ်နှင့် မြန်မာနက် လုပ်ငန်းသုံး အင်တာနက်အစီအစဉ်မှ အစီအစဉ်အချို့ကိုလည်း အောက်တိုဘာ ၁ ရက်မှစ၍ ဈေးနှုန်းတိုးမြှင့်ထားကြောင်း သိရသည်။

ငွေဖြည့်ကတ်သုံး ဖုန်းအင်တာနက်အစီအစဉ်တွင် ဈေးနှုန်းတိုးမြှင့်မှုအနေဖြင့် ယခင်က ငါးရက်အဝသုံး ကျပ် ၁၀၀၀ ကို လေးရက်အဝသုံး ကျပ် ၁၀၀၀ သို့လည်းကောင်း၊ ရက် ၃၀ အဝသုံး ကျပ် ၅၀၀၀ ကို ၂၅ ရက်အဝသုံး ကျပ် ၅၀၀၀ သို့လည်းကောင်း အောက်တိုဘာ ၁၀ ရက်မှစ၍ ပြောင်းလဲတိုးမြှင့်လိုက်ခြင်း ဖြစ်သည်။

လစဉ်ကြေးအင်တာနက်အစီအစဉ်များ ဈေးနှုန်းတိုးမြှင့်မှုတွင် အင်တာနက်အစီအစဉ်အချို့၏ ဈေးနှုန်းများကို ကျပ် ၁၀၀၀ စီ တိုးမြှင့်ခြင်းဖြစ်ကာ မြန်မာနက်အနေဖြင့် ဈေးနှုန်းပြောင်းလဲသည့် အင်တာနက်အစီအစဉ်တိုင်းအတွက် အင်တာနက်မြန်နှုန်းများကိုလည်း တိုးမြှင့်ပေးထားကြောင်း ကြေညာထားသည်။

**မြန်မာနက် အစီအစဉ်**

| လက်ရှိဈေးနှုန်းနှင့် အမြန်နှုန်း | ယခင်ဈေးနှုန်းနှင့် အမြန်နှုန်း |
|---|---|
| ၁၀၅၀၀ ကျပ် -3.7 Mbps | ယခင် ၉၅၀၀ ကျပ် - 3.5 Mbps |
| ၁၂၀၀၀ ကျပ် -5.3 Mbps | ယခင် ၁၁၀၀၀ ကျပ် - 5 Mbps |
| ၁၄၀၀၀ ကျပ် -7 Mbps | ယခင် ၁၃၀၀၀ ကျပ် - 6.5 Mbps |
| ၁၆၀၀၀ ကျပ် -8.6 Mbps | ယခင် ၁၅၀၀၀ ကျပ် - 8 Mbps |

**မြန်မာနက် Plus အစီအစဉ်**

| | |
|---|---|
| ၁၉၀၀၀ ကျပ် -12 Mbps | ယခင် ၁၈၀၀၀ ကျပ် - 11 Mbps |
| ၂၃၀၀၀ ကျပ် -16 Mbps | ယခင် ၂၂၀၀၀ ကျပ် - 15 Mbps |
| ၂၆၀၀၀ ကျပ် -22 Mbps | ယခင် ၂၅၀၀၀ ကျပ် - 21 Mbps |
| ၃၁၀၀၀ ကျပ် (CANAL+အခမဲ့)-22 Mbps | ယခင် ၃၁၀၀၀ ကျပ် - 21 Mbps |

**မြန်မာနက် လုပ်ငန်းသုံးအင်တာနက်အစီအစဉ်**

| | |
|---|---|
| ၂၆၀၀၀ ကျပ် - မြန်နှုန်း 16 Mbps | ယခင် ၂၅၀၀၀ ကျပ် - 15Mbps |

နိုင်ငံခြားငွေကြေးအပြောင်းအလဲများကြောင့် စက်ကိရိယာများနှင့် ကုန်ကြမ်းများ၏ ဈေးနှုန်းများ၊ အထွေထွေကုန်ကျစရိတ်များ မြင့်တက်ပြီး မြန်မာနက်အနေဖြင့် အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် ငွေဖြည့်ကတ်သုံး ဖုန်းအင်တာနက်အစီအစဉ်အချို့နှင့် လစဉ်ကြေး အင်တာနက်အစီအစဉ်အချို့၏ ဈေးနှုန်းများကို မလွှဲမရှောင်သာ ပြောင်းလဲတိုးမြှင့်ရခြင်းဖြစ်ကြောင်း မြန်မာနက်က ထုတ်ပြန်ထားသည်။

**ကိုစိုး**

# ရန်ကုန် – ပြည်လမ်း ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းနေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှု

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်မြို့တော် သန့်ရှင်းသာယာသပ်ရပ်လှပရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ ရန်ကုန်မြို့၏ အဓိကလမ်းမကြီးဖြစ်သော ပြည်လမ်းတစ်လျှောက် အလုံလမ်းမှ လေဆိပ်လမ်းဆုံအထိ ကတ္တရာကွန်ကရစ် (AC) ခင်းကျင်းမည်ဖြစ်ရာ အောက်တိုဘာ ၁၆ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက မရမ်းကုန်းမြို့နယ် ရှစ်မိုင် ခုံးကျော်တံတားအဆင်း ခုနစ်မိုင်ခွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားကြီးများ၊ ဝန်ထမ်းများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသဝန်ကြီးချုပ်က လမ်းပေါ်ရေမဝပ်၊ ရေမတင်စေရေးလုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီအောင်နှင့် ရေရှည်အသုံးပြုနိုင်ရေး လုပ်ငန်းကာလအတွင်း ယာဉ်ကြောကျပ်တည်းမှုမရှိစေရေး၊ လမ်းဘေးဝဲ/ယာတစ်လျှောက်သန့်ရှင်းသာယာလှပရေးနှင့် လုပ်ငန်းခွင်အတွင်း လိုအပ်သည်များ မှာကြားသည်။

အဆိုပါ လမ်းကတ္တရာကွန်ကရစ်(AC) ခင်းကျင်းခြင်းဆောင်ရွက်လျက်ရှိရာ အလုံလမ်းမှ ပါရမီလမ်းနှင့် ယခုအခါ ပါရမီလမ်းမှ ရှစ်မိုင် ခုံးကျော်တံတားအထိ အရှည် ပေ ၃၃၀၀၊ အကျယ် ၇၂ ပေ၊ ထု နှစ်လက်မ ခင်းကျင်းသည့်လုပ်ငန်းမှာ ယနေ့ညတွင် ပြီးစီးမည်ဖြစ်ကြောင်းနှင့် အဆိုပါ လမ်းခင်းခြင်းလုပ်ငန်းကို ရှစ်မိုင်တံတားအဆင်းမှ လေဆိပ်လမ်းဆုံအထိ ဆက်လက်လုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)



# တောင်ကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြား

**စစ်တွေ အောက်တိုဘာ ၁၇**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၁၆ ရက်က တောင်ကုတ်ခရိုင် ဌာနဆိုင်ရာရုံးများဖွင့်ပွဲ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးဖွင့်ပွဲသို့ တက်ရောက်ပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး ဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဥပဒေချုပ် ဦးလှသိန်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ရုံးဆိုင်းဘုတ်ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး ရုံးအစည်းအဝေးခန်းမ၌ ခရိုင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ အလုပ်တာဝန်များကို ကျေပွန်စွာလုပ်ဆောင်ကြရန်၊ ပြည်သူများအတွက် အကျိုးရှိအောင် စေတနာထားလုပ်ဆောင်ကြရန်ပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဆေးရုံတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ နှင့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ တို့ကို ပေးအပ်ရာ ဆေးရုံကြီးကြပ်မှုကော်မတီနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က လက်ခံယူသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည်



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသနေသော ပြည်သူတစ်ဦးအား အာဟာရဖြည့်စွက်စာများ ပေးအပ်စဉ်။

တောင်ကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသည့် ဒေသခံပြည်သူများအား လိုက်လံအားပေးစကားပြောကြားပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အစိုးရစက်မှုလက်မှုသိပ္ပံ (တောင်ကုတ်) ပင်မသုံးထပ်စာသင်ဆောင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီမှတာဝန်ခံအင်ဂျင်နီယာက ကျောင်းဆောင်ဆောက်လုပ်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကုတ်မြို့ မြို့ကွက်သစ်ဖော်ထုတ်လျက်ရှိသောနေရာတွင် ခရိုင်အဆင့်ဌာန ဆိုင်ရာရုံးများ တည်ဆောက်မည့်မြေနေရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

# ကျွန်းလှမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲမျိုးစုံ ဧက ၂၆၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ကျွန်းလှ အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၂၆၀၀၀ ကျော် စိုက်ပျိုးရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပဲမျိုးစုံ စိုက်ပျိုးမှုအနေဖြင့် မတ်ပဲ ၁၇၆၂၂ ဧက၊ စားတော်ပဲ ၅၂၅၂ ဧက၊ စွန်တာပြာ ၂၁၀၃ ဧက၊ ပဲရာဇာ ဧက ၃၈၀၊ ကုလားပဲဧက ၂၃၀၊ ထောပတ်ပဲ ၁၀ ဧက၊ စွန်တာနီ ၁၀ ဧက၊ အခြားပဲမျိုးစုံ ၆၂၄ ဧက စုစုပေါင်း ၂၆၂၃၁ ဧကစိုက်ပျိုးရန်လျာထားကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲမျိုးစုံ ၂၆၂၃၁ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ပဲမျိုးစုံကို ဆောင်းရာသီမှာ အဓိကထားစိုက်ပျိုးကြပြီး ဆီထွက်သီးနှံနေကြာနဲ့ သီးညှပ်စိုက်ပျိုးကြဖို့၊ တိုးချဲ့စိုက်ပျိုးကြဖို့ တောင်သူတွေနဲ့ ဆွေးနွေးလျက် ရှိပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ ပဲမျိုးစုံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာသုံးစွဲရေးတို့ကိုအသိ ပညာပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ရှောင်တခင်စစ်ဆေး

**ကော့ကရိတ် အောက်တိုဘာ ၁၇**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသနိုင်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်မှုအဖြစ် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး ကော်မတီအဖွဲ့က အောက်တိုဘာ ၁၆ ရက်တွင် ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် စက်ရုံ၊ အလုပ်ရုံများဖြစ်သည့် ပုလဲရတီရေသန့်စက်ရုံ၊ ရွှေပျံလွှားမုန့်တိုက် အလုပ်ရုံတို့၌ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားရှိရေး၊ လက်ဆေးကန်၊ ကိုယ်အပူချိန်တိုင်းတာရေးစက်၊ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အသိပေးပိုစတာ၊ အလုပ်သမားများအတွက် နှာခေါင်းစည်း၊ လက်အိတ်များ တပ်ဆင်ရေးနှင့် လုံလောက်စွာ ထောက်ပံ့ပေးဝေရေး၊ ခြောက်ပေအကွာ အလုပ်လုပ်ခြင်း၊ အလုပ်သမားများ နေ့စဉ်ထိတွေ့ရသည့် ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးဖျန်းရေး၊ လုပ်ငန်းခွင်ကို လေဝင်လေထွက်ကောင်းအောင် ဆောင်ရွက်ရေး၊ အလုပ်သမား၊ မိသားစုဝင်များ ကျန်းမာရေးမကောင်းပါက စက်ရုံကြီးကြပ်ရေးမှူး၊ သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ရေးစသည့် စက်ရုံ၊ အလုပ်ရုံများ လုပ်ငန်းခွင်၌ ဆောင်ရွက်ရမည့် အချက်များကို အသိပညာပေး စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များသည် အောက်ဆီဂျင်စက်ရုံသို့ သွားရောက်၍ တစ်နေ့တာ အောက်ဆီဂျင်လည်ပတ်မှုအခြေအနေများကိုကြည့်ရှုပြီး ဌာနဆိုင်ရာ ရုံးများဖြစ်သည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၊ မြို့နယ်အခွန် ဦးစီးဌာနရုံးတို့၌လည်း ရှောင်တခင် စစ်ဆေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း**

**(ပြန်/ဆက်)**



# ကြံခင်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ကျပ်သိန်း ၇၀၀၀ လွှဲပြောင်းပေးအပ်

**ကြံခင်း အောက်တိုဘာ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၄၉ ရွာ ကို စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကိုဗစ်- ၁၉ ရောဂါကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပခဲ့သည်။

ဦးစွာ ကြံခင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းတန်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယဉ်မင်းဦးက ယခုဘဏ္ဍာနှစ်တွင် ကြံခင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ကျေးရွာ ၄၉ ရွာကို ထပ်မံတိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ဖြစ်ကြောင်းနှင့် စီမံကိန်းရန်ပုံ ငွေလွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ မူဝါဒများ၊ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကျေးရွာ ၄၉ ရွာမှ ကော်မတီဝင်များထံသို့ စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၇၀၀၀ အား တာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြသည်။

**စိုးမိုးကျော်**



# Art Stone ပန်းချီပြပွဲ ကားပေါင်း ၁၀၀ ခန့်ပြသ

**ရန်ကုန် အောက်တိုဘာ ၁၇**

Art Stone Group Show ပန်းချီပြပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၃၇လမ်း အလယ်ဘလောက်ရှိ Pan School Art Education Center ၌ အောက်တိုဘာ ၁၃ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ပန်းချီကားပေါင်း ၁၀၀ ခန့် ပြသထားကြောင်းနှင့် အောက်တိုဘာ ၁၉ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ပြသမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်ပေါင်းများစွာရင်းနှီးခဲ့ကြတဲ့ သူငယ်ချင်းတွေ တူတူတဲ့သူတွေစုပြီးတော့ ပြပွဲလေးကို ပြဖြစ်တာပါ၊ အဓိကကတော့ မော်ဒန်ကားတွေ၊ ခေတ်ပြိုင်ပုံနဲ့ ရေးထားတဲ့ကားတွေ များတယ်။ ထူးခြားတာဆိုလို့ ဒီဂျစ်တယ်ပရင့်ပါတယ်။ အခုနောက်ပိုင်း ပန်းချီဝယ်တဲ့သူတွေကို သတိထားမိသလောက် သူ့ဟာနဲ့သူတော့ ရောင်းနေရပါတယ်။ ပုံစံမျိုးစုံနဲ့ အရောင်းအဝယ်ကတော့ ရှိနေပါတယ်"ဟု ပန်းချီဆရာမင်းညွန့်ခင်က ပြောသည်။ အဆိုပါ ပန်းချီကားများကို ပန်းချီဆရာကိုးဦးတို့က အခရိုင်းလစ်၊ ဆီဆေးတို့ဖြင့် ရေးဆွဲထားပြီး တစ်ပေခွဲxနှစ်ပေ အရွယ်အစားမှ လေးပေ xသုံးပေ အရွယ်အစားအထိ ပန်းချီကားများပါဝင်ကြောင်း သိရသည်။

**အာကာလင်း**



# ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၇**

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Construction Project အတွက် ရေအောက်ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများကို Derrick Crane/Accommodation Work Barge" HUA TIAN LONG DP2 4,000T" (Call Sign: BSGA) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရေအောက်ပိုက်လိုင်းဆက်သွယ်ရေး လုပ်ငန်းများဆောင်ရွက်မည့် တည်နေရာကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| No. | Point | Latitude | Longitude |
|---|---|---|---|
| 1. | ZWP12 P/F | 14˙ 11' 52.798 " N | 95˙ 36' 43.586 " E |
| 2. | ZWP13 P/F | 14˙ 29' 07.836 " N | 95˙ 59' 22.765 " E |
| 3. | ZWP14 P/F | 13˙ 59' 54.310 " N | 95˙ 47' 45.410 " E |
| 4. | ZWP15 P/F | 14˙ 16' 27.010 " N | 96˙ 05' 12.954 " E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Development Construction Project အတွက် ရေအောက်ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းများကို Derrick Crane/Accommodation Work Barge "HUA TIAN LONG DP2 4,000T" (Call Sign: BSGA) ရေယာဉ်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက် မှ ၂၀၂၃ ခုနှစ် ဩဂုတ် ၃၁ ရက်အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက်ကို စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျိုက်ထိုနှင့် သိမ်ဇရပ်မြို့ကြက်ခြေနီအဖွဲ့တို့က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများ လှူဒါန်း

**ကျိုက်ထို အောက်တိုဘာ ၁၇**

မွန်ပြည်နယ် ကျိုက်ထိုခရိုင် ကျိုက်ထိုမြို့နယ် ကြက်ခြေနီ(အသင်းခွဲ)နှင့် သိမ်ဇရပ်မြို့ ကြက်ခြေနီအသင်း(ခွဲ/ငယ်) တို့က မြို့နယ်အတွင်းရှိ လူမှုရေးကူညီမှုအသင်း ၁၁ သင်းအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု မဖြစ်ပေါ်စေရေးအတွက် ရောဂါကာကွယ်ရေးသုံးပစ္စည်းများကို အောက်တိုဘာ ၁၄ ရက်က ကျိုက်ထိုမြို့နယ် ကြက်ခြေနီ(အသင်းခွဲ)ရုံး၌ လှူဒါန်းခဲ့သည်။

လှူဒါန်းရာတွင် မြို့နယ်ကြက်ခြေနီ(အသင်းခွဲ) ဥက္ကဋ္ဌ ဦးဝိတင်က အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်း(ခွဲ)တပ်ဖွဲ့မှူး ဦးဆန်းဝင်းအောင်က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ပြောကြား၍ လူမှုကူညီရေးအသင်း ၁၁ သင်းမှ တာဝန်ရှိသူများကို ကျိုက်ထိုမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးဝိတင်၊ တပ်ဖွဲ့မှူး ဦးဆန်းဝင်းအောင်၊ သိမ်ဇရပ်မြို့ ကြက်ခြေနီအသင်း(ခွဲ/ငယ်)မှ ဥက္ကဋ္ဌ ဦးစင့်နိုင်လင်း၊ ဒုဥက္ကဋ္ဌ ဒေါ်မော်မော်နိုင်တို့က ကိုဗစ်-၁၉ရောဂါကာကွယ်ရေးသုံး (PPE Level-3) ဝတ်စုံ ၄၆၀၊ (Faceshield) မျက်နှာကာ အခု ၁၁၀၊ လက်အိတ် ၁၃ ဖာတို့အား ပေးအပ်လှူဒါန်းခဲ့သည်။

**ဝင်းမောင်(ကျိုက်ထို)**

# တံတားမြို့၌ ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**တံတား အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အောက်တိုဘာ ၁၄ ရက်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ရောဂါကာကွယ်ဆေးထိုးနှံပေးရခြင်းမှာ ကလေးသူငယ်များ မသန့်ရှင်းသော အစားအစာစားခြင်း၊ မသန့်ရှင်းသောရေကို သောက်သုံးခြင်း၊ အရည် တစ်နေ့သုံးကြိမ်ထက် ပိုသွားခြင်း၊ ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်း၊ ကာလဝမ်းရောဂါနှင့် ဂျပန်ဦးနှောက်ရောင်ရောဂါ အစပိုင်းတွင် ဖျားနာခြင်း၊ ချမ်းတုန်ခြင်း၊ ပျို့အန်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းနှင့် ဦးနှောက်ရောင်ရောဂါအတက်လက္ခဏာပြခြင်း၊ သတိမေ့သွားခြင်း၊ ကိုယ်တစ်ပိုင်းသေရောဂါမဖြစ်ပွားရအောင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက တံတားမြို့အတွင်းရှိ မွေးစမှအသက်နှစ်နှစ်နှင့် ကိုးလမှ အသက် ၁၅ နှစ်အရွယ် ကလေးငယ်စုစုပေါင်း ၂၈၀ အား ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဖြိုးသီဟ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေး ဦးစီးဌာနမှ အောက်ဖော်ပြပါ တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါ ခေါ်ဆို ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 54(T)/DPTSC(PTP)/22-23 | ၂၃၀/၃၃/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ အနောက်ပိုင်းတက္ကသိုလ်ဓာတ်အားခွဲရုံ အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန်။ |
| ခ | 55(T)/DPTSC(PTP)/22-23 | ၆၆ ကေဗွီ (ရေကြည်-ဟသ်ာတ)-ဇလွန် ဓာတ်အားလိုင်း (၁၄)မိုင်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန်။ |
| ဂ | 56(T)/DPTSC(PTP)/22-23 | ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဇလွန် ဓာတ်အားခွဲရုံအတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၃၁-၁၀-၂၀၂၂) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန် အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော် ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၄ဓဃ/၁၁၉၆၀ ယာဉ်လက်ဝယ်ရှိသူဦးနေမျိုးနိုင် ၁၀/ကမရ(နိုင်) ၁၁၃၀၁၁၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ကြီးစုရပ်၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧက၊ မြေကွက်အမှတ်(ပ-၄၃၅)ဒေါ်သန်းရင်(ဘ)ဦးကျော် ၉/ပမန(နိုင်)၀၅၂၇၂၅ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးဝင်းသိန်း (ဘ)ဦးထွန်းတင် ၁၃/ပလန(နိုင်)၀၃၈၇၂၉ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှ စ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ဃ/၁၇၅၀၂ ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co.,Ltdက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## စာအုပ် စာပေ လူ့မိတ်ဆွေ

## မုခ်ဦး၊ ခြံစည်းရိုးနှင့် ကားပါကင် လှူဒါန်းမှုအစုစုအတွက် ပင့်ဖိတ် ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ (၁၄)ရပ်ကွက်၊ အနော်ရထာလမ်းရှိ ဆယ်တော်မူကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ ရွှေလင်းယုန်ဆရာတော်ကြီးအား အမှူးထား၍ အလှူ့ဒါယကာ ဗိုလ်မှူးကြီး တင့်ဝေ(အငြိမ်းစား)၊ဒါယိကာမဒေါက်တာနွယ်နီဝင်းမိသားစုမှ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်း မုခ်ဦး၊ ကျောင်းခြံစည်းရိုး၊ ကားပါကင်နှင့် ဘုရားမီးစသော အထွေထွေပြုပြင်မှုများ လှူဒါန်းပြီးစီးခဲ့ မှုအား ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ဆရာတော်ကြီး၏ ရပ်ဝေးရပ်နီးမှ တပည့်သံဃာရဟန်းတော်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်၊ အလှူ့အမများအား ရိုသေလေးမြတ်စွာလျှောက်ထားဖိတ်ကြားအပ်ပါသည်။ လှူဒါန်းမှု အစုစုအတွက် ဖွင့်ပွဲပြုလုပ်ခြင်း၊ ရေစက်သွန်းချ၍ တရားတော်များ ချီးမြှင့်ဟောကြားတော်မူမည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ် အတိုင်း ကြွရောက်ချီးမြှင့်တော်မူပါရန် ရိုသေလေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေရာ | ။ ။ | ဆယ်တော်မူဘုရားကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊(၁၄) ရပ်ကွက်၊ အနော်ရထာလမ်း၊ ရန်ကုန်တိုင်းဒေသကြီး |
| ကျင်းပမည့်အချိန် | ။ ။ | ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ၇ရက် |
| တရားဟောကြားမည့်အချိန် | ။ ။ | နံနက် ၉:၃၀နာရီ |
| ကျွေးမွေးမှု | ။ ။ | နေ့လယ်စာ ဒံပေါက်ထမင်း ဟင်းလျာများဖြင့် တည့်ခင်းညွှန့်ခံ ပါမည်။ |

**နှစ်ဖက်သော ဘိုးဘွား၊ မိဘများအား အမှူးပြု၍**
**ရိုသေလေးမြတ်စွာဖြင့်**
**ဗိုလ်မှူးကြီး တင့်ဝေ(အငြိမ်းစား)-ဒေါက်တာ ဒေါ်နွယ်နီဝင်း မိသားစု**




## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါ ခေါ်ဆိုခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီး ဌာနမှ ဆောင်ရွက်လျက်ရှိသည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံတည်ဆောက်ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် စီမံကိန်းပစ္စည်းများအား စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း တင်ဒါ ခေါ်ဆိုလိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | ၀၃/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၂-၂၃ | ၂၃၀ကေဗွီ ဘုရားကြီး - (ကမာနတ် - မြောင်းတကာ) ဓာတ်အားလိုင်း (၂၃)မိုင် အတွက် ပစ္စည်းများသယ်ယူရန်။ |
| ခ | ၀၄/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၂-၂၃ | ၆၆ကေဗွီ သံဖြူဇရပ် - ရေး ဓာတ်အား လိုင်းအတွက် ပစ္စည်းများ သယ်ယူရန်။ |
| ဂ | ၀၅/တီ/သယ်ပို့(တင်ဒါ-ဓပစ)/ ၂၂-၂၃ | ၂၃၀ကေဗွီ အသုတ် - ပုသိမ်ဓာတ်အား လိုင်းစီမံကိန်း လက်ကျန်ပစ္စည်းများ သယ်ယူရန်။ |
| ဃ | ၀၆/တီ/သယ်ပို့(တင်ဒါ-ခအစ)/ ၂၂-၂၃ | ၂၃၀ကေဗွီ တောင်ငူဓာတ်အားခွဲရုံအတွက် 230kV ,20MVar Shunt Reactor & Switch Bay (1)Set အား သယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊နေပြည်တော်သို့ တင်ဒါပိတ်ရက်(၃၁-၁၀-၂၀၂၂) ရက် (၁၂: ၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်)လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web Portal (www.moep.gov. mm) တွင်လည်း ကြေညာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ရုံးအမှတ်(၂၇) ၊နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေး ရရှိထားသော မြေအမည်ပြောင်း လျှောက်ထားခြင်း ကြေညာစာ

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည်- ရွှေအိုးရပ်တောင် ဦးပိုင်အမှတ်(၂၀၆)၊ မြေကွက်အမှတ်(-)၊ ဧရိယာ ၀ ဒသမ ၀၆၀ ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
(က)အရှေ့အလားသော် -ဦးပိုင်အမှတ် (၂၀၇)
(ခ)အနောက်လားသော်-ဦးပိုင်အမှတ်(၂၀၅)
(ဂ)တောင်လားသော်-သာသနာ့ဗိမာန်လမ်း
(ဃ)မြောက်လားသော်-လမ်းကြား

အထက်ဖော်ပြပါမြေကို (ဘိုးဘအမည်ပြောင်း)ပေးရန် ရွှေအိုး(၂)ရပ်ကွက်နေ ဦးဝင်းမောင်မှ လျှောက်ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲ ပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ (၁၉) ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထား များနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာ လိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**
**တောင်တွင်းကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၄)၊ ဦးပိုင်အမှတ်(၁၀/၆) မြေဧရိယာ ၀ ဒသမ ၃၃၆ဧကရှိမြေကွက်အား မူလကဒေါ်ဂျာဒွဲအမည်ဖြင့် ၁၀-၄-၂၀၄၇ ရက်ထိ ဂရန်သက်တမ်းရရှိခဲ့ပြီး၊ ၁၀-၅-၂၀၂၂ရက်စွဲပါစာချုပ်မှတ်ပုံတင် အမှတ် (၁၇၄/ ၂၀၂၂)အရ ဒေါ်ဂျာဒွဲ၏ အထူးကိုယ်စားလှယ် ဦးဆိုင်းမြတ်အောင်ထံမှ ဦးဆောက်ဂျီကောင်အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဆောက်ဂျီကောင် ၁၃/ကခန(နိုင်)၀၃၉၃၃၉ အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူ မည်သူမဆို လျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့် အညီ မြေငှားဂရန် အမည်ပြောင်းထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အလိမ္မာ စာမှာရှိ

# ရွှေအောင်လံဆုရှင် စောဘဟိန်းနှင့် ရွှေခါးပတ်ချန်ပီယံ စောရွှေလေး မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် ထိုးသတ်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၁၇**

Lethwei Journey Group က ဦးစီးကျင်းပမည့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီ တွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၌ ရွှေအောင်လံဆုရှင် စောဘဟိန်းနှင့် ရွှေခါးပတ်ချန်ပီယံ စောရွှေလေး၊ ရွှေခါးပတ်ချန်ပီယံ



ဝင်းထွန်းနှင့် သူရရဲအောင်၊ စောဂျွန်(နဂါးမာန်)နှင့် စောဝီလျံ (ဒို့ရိုးရာ) အထူးပွဲအဖြစ် စောဝမ်ချုံနှင့် စောကရင်၊ မျိုးဆက် သစ်ပြိုင်ပွဲ ခုနစ်ပွဲကျင်းပမည်ဖြစ်သည်။

“ဒီပြိုင်ပွဲက ပုံမှန်ရိုးရာလက်ဝှေ့နဲ့ပတ်သက်ပြီး ဆွေးနွေး ပြောဆိုတဲ့ စနေစကားဝိုင်းဆိုတာရှိတယ်။ အဲဒီစနေစကားဝိုင်း က ရိုးရာလက်ဝှေ့မျိုးဆက်သစ် ဖော်ထုတ်ရေး၊ ရန်ကုန်အခြေစိုက် ဆွေးနွေးရင်းကနေ 360Sport က ရန်ကုန်အခြေစိုက်ပွဲတွေကို သီးခြားလုပ်တယ်။ အဲဒါကြောင့် ရိုးရာလက်ဝှေ့ပွဲတွေ လုပ်ချင် တဲ့သူတွေစုစည်းပြီး လက်ဝှေ့ခရီးစဉ်အတွက် ဂရုနှစ်ခုဖွဲ့တယ်။ အဲဒီဂရုကနေ တာဝန်ယူပြီး ကျင်းပတာဖြစ်ပါတယ်။ ဒါ့ကြောင့် အခြားသူတွေနဲ့ ပုံစံတစ်မျိုးမတူအောင် လာကြည့်တဲ့ပရိသတ် တွေကို ရသတစ်မျိုးပေးချင်လို့ စိန်ခေါ်ပွဲ၊ အထူးပွဲ၊ သရုပ်ပြပွဲနဲ့ မျိုးဆက်သစ်ပွဲတွေကို ပရိသတ်တွေကို ချပြတာဖြစ်ပါတယ်" ဟု ပွဲစီစဉ်သူ ကိုအောစကာက ပြောသည်။

အဆိုပါပြိုင်ပွဲကို Lethwei Journey Facebook page နှင့် 360 Sports Youtube Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့် မည်ဖြစ်ပြီး ရုံဝင်ကြေး ကျပ် ၅၀၀၀၊ ကျပ် ၁၀၀၀၀ သတ်မှတ်ထား ကြောင်း သိရသည်။

**အာကာစိုး**

# ဆန်ဒီယေဂိုအိုးပင်းတင်းနစ် ဗိုလ်လုပွဲ ကမ္ဘာ့နံပါတ်တစ် ဆွီယာတက်ခ် ဆွတ်ခူး

ဆန်ဒီယေဂိုအိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ခရိုအေးရှားတင်းနစ်မယ် ဒွန်နာဗီကစ်ကို ကမ္ဘာ့နံပါတ်တစ် ပိုလန်တင်းနစ်မယ် အီဂါဆွီယာတက်ခ်က အနိုင်ရရှိပြီး ယခုနှစ်တွင် ရှစ်ခုမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့သည်။

### အနိုင်ရရှိခဲ့

အဆိုပါ ပြိုင်ပွဲဗိုလ်လုပွဲတွင် ဆွီယာတက်ခ်သည် ပြိုင်ဘက်ကို ခက်ခက်ခဲခဲယှဉ်ပြိုင်ကစားခဲ့ပြီး ၆-၃၊ ၃-၆၊ ၆-၀ ဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ဂရင်းဆလမ်းဆုဖလားကို သုံးကြိမ်ဆွတ်ခူးထားသော ဆွီယာတက်ခ်သည် ဆန်ဒီယေဂိုအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် နာမည်ကြီး အမေရိကန် တင်းနစ်မယ် ပဲဂူလာကို ၄-၆၊ ၆-၂၊ ၆-၂ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာနိုင်ခဲ့သည်။

### ဗိုလ်လုပွဲသို့ တက်လှမ်း

ပြိုင်ဘက် ဒွန်နာဗီကစ်က ယင်းအဆင့်တွင် အမေရိကန်တင်းနစ်မယ် ကောလင်းကို ၆-၄၊ ၄-၆၊ ၇-၆ (၇-၂) ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

**အောင်ဇော်**

မြန်မာ့အလင်း

အင်္ဂါ၊ အောက်တိုဘာ ၁၈၊ ၂၀၂၂

## အမည်ဖြည့်စွက်

ဦးဒီဂျီဘို ၁/မကန(နိုင်)၀၇၈၆၈၄ ၏ သား မြစ်ကြီးနားမြို့၊ လေ့ကျင့်ရေး အလယ်တန်းကျောင်း၊ ပထမတန်း (A) မှ မောင်ရဲဆာဘိုအား မောင်လယ်မယ်ရဲဆာဘိုဟု ဖြည့်စွက်ခေါ်ပါရန်။

## အမည်ဖြည့်စွက်

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ နယ်မြေ(၁)၊ အမှတ်(၁/၅၂)နေ (ဘ) ဦးဒီးယဲ့ဇီ ၁/မကန(နိုင်)၁၅၇၀၅၅ ၏ သား မောင်နိုဇူအား မောင်လယ်မယ်နိုဇူဟု ဖြည့်စွက်ခေါ်ပါရန်။

## အမည်မှန်

ပျဉ်းမနားမြို့နယ်၊ သစ်လေးလုံးကျေးရွာနေ (ဘ)ဦးအောင်ကိုဝင်း ၉/ပမန (နိုင်) ၁၂၆၉၀၆ ၏ သမီးမဆုမွန်ထက် ၉/ပမန(နိုင်)၂၈၀၇၆၅ ၏အမည်မှန်မှာ မစုမွန်ထက်ဖြစ်ပါကြောင်း။

**မစုမွန်ထက်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်73W/57549 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုလတ်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## အမည်မှန်

ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်အုပ်စု၊ ဇီးဖြူကုန်းကျေးရွာနေ(ဘ) ဦးမောင်ချို ၉/လဝန(နိုင်)၀၁၆၄၈၆ ၏ သမီး မနိုးနိုး ၉/ဒခသ(နိုင်)၀၀၀၈၃၂ ၏ အမည်မှန်မှာ မအိမြတ်စံ ဖြစ်ပါကြောင်း။

**မအိမြတ်စံ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ အထက(၂) ဇေယျဝတီမြို့ ပဥ္စမတန်းမှ မအေးသံစဉ်မွန်၏ ဖခင်အမည်မှန်မှာ ဦးဖွဲ့မာန်အောင် ၇/ပခန(နိုင်)၃၆၅၀၉၈ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

တပ်ကုန်းမြို့၊ မကျီးပင် အထက အဋ္ဌမတန်း (A)မှ မသူဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးမိုးဝင်းဇော် ၆/ပကမ (နိုင်)၀၀၁၁၆၄ နှင့် မိခင်အမည်မှန်မှာ ဒေါ်အိအိဆွေ ၉/တကန(နိုင်)၁၆၁၈၄၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းစိုက်ပျိုးရေး သုတေသန ဦးစီးဌာန ဆိုင်တန်းနေ မသိမ့်အိမြတ်နိုး သတ္တမတန်း အထက ရေဆင်း၏ ဖခင် အမည်မှန်မှာ ဦးမင်းအောင်မိုးဇော် ၁၀/ခဆန (နိုင်)၀၁၆၇၄၈ ဖြစ်ပါကြောင်း။

**ဦးမင်းအောင်မိုးဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

ရွှေဘိုမြို့၊ အမှတ်(၁) ရပ်ကွက်နေ ဒေါ်ဝင်းဝင်းထွေး၏ ဖခင် ဦးရှမ်းကြီး(ခ)ဦးပုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**သင့်စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာစို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒုတက မြင့်ဇော် (ကိုယ်ပိုင်အမှတ် ၇၆၂၈၅၇ ) ၈/စလန(နိုင်)၀၇၈၀၉၀ (ဘ) ဦးမောင်ရွှေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၃၆၄ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ဇာနည်အောင် ၁၂/သဃက(နိုင်)၁၅၆၃၄၀ (ဘ) ဦးမြင့်ဆွေမှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန် မိတ္တူ၊ ဒုတကမြင့်ဇော် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိအဆောက်အအုံပုံများ တင်ပြပြီးငင်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူလမ်း၊ မြေကွက် အမှတ် (၆၉၁-က) မြေပေါ်တွင်မြေရှင် ဒေါ်သိန်းချစ်နှင့် ကန်ထရိုက်တာ ဦးဇေယျာထက်တို့ အခန်းပေးအခန်းယူ ဆောက်လုပ်ထားသော ခြောက်ထပ်တိုက်ခန်းများအနက်မှ မြေညီထပ်အကျယ် အဝန်း (၁၈ပေx၅၄ပေ) တိုက်ခန်းနှင့် မြေငှားဂရန်၊ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့် မြေပိုင်ဆိုင်မှု အပါအဝင် မြေရှင်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကွယ်လွန်သူ မြေရှင် ဒေါ်သိန်းချစ်၏ တစ်ဦးတည်းသော ဆက်ခံသူသမီးဖြစ်ကြောင်း ဝန်ခံပြောဆိုရောင်းချသူဒေါ်ဝင်းမြင့် ၁၂/ဥကတ(နိုင်)၀၂၃၃၇၀ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်စန်းထွေး ၁၀/ကထန(နိုင်)၀၈၉၃၃၃မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ခင်စန်းထွေး ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်စုစုအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **စဉ်-၁၃၄၉၈(၁၂-၁၀-၂၀၁၇)** |
| **အမှတ်(၈၉၉)၊မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊** | **ဖုန်း-၀၉-၉၇၂၃၀၉၈၉၂** |
| **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊** | |
| **ရန်ကုန်တိုင်းဒေသကြီး** | |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ် (၂၄)၊ ၂ ခန်းတွဲ၊ ၈-ထပ် ကွန်ဒို၊ (လေး)လွှာ+ (A) တိုက်ခန်း (ခေါင်းရင်းခန်း)နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်တင်သိန်း(ဘ)ဦးသန်းလွင် ၁၂/ခရန(နိုင်) ၀၁၀၀၁၄ ထူးသစ်ကုမ္ပဏီလီမိတက်၊ အမှတ်၃၆၀/၃၆၁၊ဆိပ်ကမ်းသာလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းသီဟ ၁၂/ကမရ (နိုင်) ၀၅၁၀၃၉၊ အမှတ်(၆၇)၊ အိုးဘိုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့နေသူက ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ၆-၁၀-၂၀၂၂ရက်တွင် စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို အထောက်အထားခိုင်မာစွာဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညီညီလင်း (B.A(Law) LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၅၆)**
**တိုက် ၂၉/၄၊ ဦးဝိစာရအိမ်ရာ၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၂၂၂၃၄**

## အမည်ပြောင်း

ဦးဝင်းဦး ၈/မတန(နိုင်) ၀၄၉၁၄၅ ၏ သမီးသရက်ခရိုင်၊ မင်းတုန်းမြို့၊ အထက Grade-9 (B)မှ မအိသူဝင်းအား မရွှေရည်ဝင်း ၈/မတန(နိုင်)၀၇၄၃၄၉ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဘိုးဘပိုင်မြေအမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၇၄)၊ ရေကံရွာအကွက်၊ ဦးပိုင် အမှတ်(၁၁)၊ မြေဧရိယာ ၀ ဒသမ ၁၄၂ဧက၊ ၎င်းအကွက် ဦးပိုင်အမှတ် (၁၂က)၊ မြေဧရိယာ ၀ ဒသမ ၀၂၆ဧက စုစုပေါင်းမြေဧရိယာ ၀ ဒသမ ၁၆၈ ဧကရှိမြေကွက်အား အရှေ့ဘက်- ဦးပိုင်အမှတ်(၁၂ခ)၊ အနောက်ဘက်-ဦးပိုင်အမှတ်(၁၀)၊ တောင်ဘက် - ဘူတာလမ်း၊ မြောက်ဘက်-ဦးပိုင် အမှတ် (၉၂က)၊ ရှိမြေကို (ဘိုးဘပိုင် မြေအမည်ပြောင်း) ပေးရန် ဦးသန်းနိုင်၊ ဒေါ်ကျင်ထွေးတို့မှ လျှောက်ထားလာသည့်အတွက် ဦးသန်းနိုင်၊ ဒေါ်ကျင်ထွေးတို့အမည်သို့ ပြောင်းလဲပေးမည် ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၂ခုနှစ် နိုဝင်ဘာ ၁၃ရက်မတိုင်မီဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး သထုံမြို့ထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**သထုံမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၀-၂၀၂၂ရက်စွဲပါ မြန်မာ့အလင်း သတင်းစာ၏ စာမျက်နှာ(၂၆)ပါ စစ်တွေဟိုတယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း အပိုဒ် (၂)၊ အပိုဒ်ခွဲ(င)တွင် တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့် အချိန်တွင် ၂၁-၁၀-၂၀၂၂ရက် (တနင်္လာနေ့)အစား (သောကြာနေ့) ဖြစ်ပါကြောင်း ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၈ယ/၆၁၀၈၆ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိခိုင် ၆/ကစန(နိုင်)၁၁၀၄၄၄ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၉၀၈၄၁ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြိုးသင်္ကြီး ၆/မမန(နိုင်)၁၉၈၈၆၂ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာချက်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အောင်မြေသာဇံလမ်း၊ အကွက်/ကွင်းအမှတ်(၅က)၊ မကြီးတန်းအနောက်ကွင်း၊ ဦးပိုင်အမှတ်(N-၂၃)၊ ဧရိယာ ၀ ဒသမ ၀၃၃ဧကရှိ ဝိုင်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC နှစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးဝင်းထိန် ၈/ပခက(နိုင်) ၁၉၃၉၄၆နှင့် ဒေါ်မြင့်သန်း ၈/ပခက(နိုင်)၀၁၆၅၁၉တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဆောဝင်းဦး ၈/ပခက(နိုင်)၁၉၆၂၁၁ က ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါ သည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုခုနစ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ -** |
| **ဦးဆောဝင်းဦး** | **ဦးသိန်းမြင့်ဇော်(LL.B)** |
| **၈/ပခက(နိုင်)၁၉၆၂၁၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၁၄)** |
| | **၁၂လမ်း၊ အမှတ်(၆)ရပ်ကွက်၊ ပခုက္ကူမြို့၊** |
| | **ဖုန်း-၀၉-၇၈၀၄၄၄၂၄၀** |

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အမှတ်(၃၂)၊ သံတံတားရပ်ကွက်၊ မြို့ရှောင်လမ်းသွယ်တွင်နေထိုင်သူ ဒေါ်ခိုင်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင် ၉/မလန(နိုင်)၀၉၂၄၈၁နှင့် ဦးမင်းခန့် ၉/မလန(နိုင်)၀၉၂၄၂၇ တို့သည် ၁၄-၁၀-၂၀၂၂ရက်တွင် မင်္ဂလာဒုံမြို့နယ်တရားရုံး၌ အကြင်လင်မယားအဖြစ်မှ တရားဝင် ကွာရှင်းပြတ်စဲကြပြီး ယင်းရက်၌ပင် လင်မယားနှစ်ဦးပိုင် လက်ထက်ပွားပစ္စည်းများကို စိတ်တိုင်းကျသဘောတူ နှစ်ဦးခွဲဝေခဲ့ကြပြီး ဖြစ်ပါသည်။ လင်မယားနှစ်ဦးပိုင်ပစ္စည်းအဖြစ် မည်သူ့ထံတွင်မှမကျန်ရစ်တော့ပါ။ သို့ဖြစ်ပါ၍ ဒေါ်ခိုင်ခိုင်နှင့် ဦးမင်းခန့်တို့သည် ၁၄-၁၀- ၂၀၂၂ရက်မှစ၍ တစ်ဦးနှင့် တစ်ဦးလုံးဝပတ်သက်မှုမရှိကြတော့သည့်အတွက် ဦးမင်းခန့် နှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ ဒေါ်ခိုင်ခိုင်မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။ ဦးမင်းခန့်အနေဖြင့်လည်း ဒေါ်ခိုင်ခိုင်၏ ကိုယ်ရေးကိုယ်တာနှင့် လုပ်ငန်းကိစ္စအဝဝအား ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားနှောင့်ယှက်ခြင်း၊ တစ်စုံတစ်ရာဆောင်ရွက်ခြင်းမပြုလုပ်ပါရန်နှင့် လိုက်နာမှုမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းထိုက် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၃၁)**
**အမှတ်(၁၂၂/ခ)၊ ဘီ-၈လမ်း၊ မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့၊**
**ဖုန်း-၀၉-၇၉၆၈၀၁၄၀၈**

## အမည်မှန်

မြိတ်မြို့၊ တောင်ရှည်ကျေးရွာအုပ်စု၊ တောင်ရှည်ကျေးရွာနေ ဦးလှသန်း၏သား ဦးမိုးကျော်သူ၏ အမည်မှန်မှာ တက္ကသိုလ်ဝင် အောင်လက်မှတ်အရ ဦးမိုးကျော် ၇/ပမန(နိုင်)၁၄၁၉၂၇ ဖြစ်ပါကြောင်း။

**ဦးမိုးကျော်**

## အမည်ပြောင်း

ဦးထွန်းအေး၏သမီး မြိတ်မြို့၊ ILBC ကိုယ်ပိုင်အထက်တန်းကျောင်း Primary 5 မှ မခိုင်ဝတီအေးအား ယနေ့မှစ၍ မခိုင်ရတီသင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မခိုင်ရတီသင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်ထွန်းဝင်း ၁၃/ကတလ (နိုင်)၀၁၃၉၅၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၈၃၉၂၁၁၀၉၈**

## ပျောက်ဆုံးကြောင်း

ဦးသြဘာသ ၁၃/ပတယ(သ)၀၀၀၃၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၈၃၆၁၇၁၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းပိုင် ၁၃/လခန(နိုင်) ၀၁၂၂၁ ၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၄၁၄၇**

## ပျောက်ဆုံးကြောင်း

ကျွန်မ မအေးသိမ့်သိမ့်ဖွေး ၁၃/တကန (နိုင်)၃၃၂၆၅၉ ၏ နိုင်ငံကူး လက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၆၅၆၃၄၀၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ နန်းမိုးနွယ် ၁၃/နစန(နိုင်) ၀၃၃၇၉၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၉၂၁၅၄၄**

## ပျောက်ဆုံးကြောင်း

ကျွန်တော် စိုင်းလောင်ငင်း ၁၃/တခလ (နိုင်)၀၆၆၇၈၂ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၉၂၈၂၁၉၉၉**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လွင်မိုးအောင် ၁၃/ရစန (နိုင်)၁၁၉၈၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၉၇၆၈၄၇၀၂၃**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးအောင်မိုးလှိုင် ၁၃/နစန (နိုင်)၀၇၆၄၅၇ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၂၅၂၉၅၂၂၁**

## ပျောက်ဆုံးကြောင်း

ကျွန်မ မရွှေမှုံခြယ် ၁၃/တကန (နိုင်)၃၉၀၈၁၈ ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၅၂၁၁၀၇၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့၊ မူလွန်(၃)မှ မူလတန်းပြ (ထပြလစာစား)ဒေါ်နန်းခင်စန်းထွေး၏ဖခင် ဦးလုံးမှူး(ခ)ဦးကျောင်းမှူးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ခင်ပွန်းအဖြစ်မှစွန့်လွှတ်ခြင်း

မြိတ်မြို့၊ ကြောင်ငယ်ရပ်၊ သီတာ(၁)လမ်း၊ အိမ်အမှတ်(၈၆၆)နေ ဦးသန်းလွင်၏သမီး မသန္တာထိုက် ၆/ကစန(နိုင်)၀၈၁၂၀၅၏ ခင်ပွန်း (ဘ) ဦးအောင်ထွန်းကြိုင် (ခ)ဦးထွန်းကြိုင်၏သား မောင်ကြည်စိုး(ခ)မောင်ကြည်အေး ၆/ကစန(နိုင်)၀၇၀၅၄၀တို့ သည် ၂၀၀၈ခုနှစ်တွင် အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်လာရာမှ ၂၀၁၇ခုနှစ် ဇွန်လတွင် မိသားစုအား လျစ်လျူရှုကာ ထွက်ခွာသွားပြီး ခင်ပွန်းဝတ္တရားများမကျေပွန်တော့ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် ကိစ္စမှန်သမျှအား လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမီအောင်(ခ)အင်ကြင်းမွေး(LL.B,DBL,ADVOCATE)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၁၄)**
**ဖုန်း-၀၉-၂၅၁၀၃၀၃၅၂**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ကြော်ငြာစာအမှတ် ( ၂ / ၂၀၂၂ ) လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ တရားရုံးအသီးသီးတွင် လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ ရရှိသော တရားရေးဝန်ထမ်းအဆင့် (၄) (ဒုတိယမြို့နယ် တရားသူကြီးအဆင့်) ရာထူးနေရာ ၈၀ (ကျား ၄၀ + မ ၄၀) လစ်လပ်လျက်ရှိပါသဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အဆိုပါရာထူးနေရာကို လျှောက်ထားလိုသူများအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ လျှောက်ထားသူသည် -

- (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) အနိမ့်ဆုံးဥပဒေဘွဲ့ (အယ်လ်အယ်လ်ဘီဘွဲ့) ရရှိပြီးသူဖြစ်ရမည်။
- (ဂ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဃ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်။
- (င) ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အသက် (၂၈) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ မဟာဥပဒေဘွဲ့ ရရှိသူဖြစ်ပါက အသက် (၃၀) နှစ်ထက် မကြီးသူ ဖြစ်ရမည်။ လက်ရှိဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်ထက်မကြီးသူ ဖြစ်ရမည်။
- (စ) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် အောက်ပါဘာသာရပ် (၄) ခုကို ဖြေဆိုရမည်-

- (က) မြန်မာစာ
- (ခ) အင်္ဂလိပ်စာ
- (ဂ) အထွေထွေဗဟုသုတ
- (ဃ) ဥပဒေဘာသာရပ်
  (၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အထူးနှင့် အထွေထွေဥပဒေ၊ တရားမ ကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေ)

၄။ စာမေးပွဲဝင်ကြေး ၁၀၀၀ ကျပ် (ကျပ်တစ်ထောင်တိတိ) ကို မြို့နယ်များမှ လျှောက်ထားသူများသည် မိမိတို့မြို့နယ်များရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးခွဲ) များတွင် ဘဏ်ငွေလွှဲလက်မှတ်ပြုလုပ်၍ လက်ထောက်အထွေထွေမန်နေဂျာ၊ နေပြည်တော်ဘဏ် (အမ်ဒီ-၀၁၀၂၅၉) သို့ ပေးသွင်းရပါမည် သို့မဟုတ် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေစာရင်းအမှတ် (အမ်ဒီ-၀၁၀၂၅၉) သို့လည်း ပေးသွင်းနိုင်ပါသည်။

၅။ လျှောက်လွှာတွင်လိပ်စာအပြည့်အစုံ(စာတိုက်အမည်ပါ)ဖော်ပြ၍ လျှောက်လွှာနှင့်အတူ -

- (က) ဝင်ကြေးငွေပေးသွင်းသည့် ငွေသွင်းပြေစာလက်ခံမူရင်း (သို့မဟုတ်) ချလန်မူရင်း
- (ခ) ပညာအရည်အချင်းလက်မှတ်မိတ္တူမှန်၊ (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်)
- (ဂ) အမှတ်စာရင်းမိတ္တူမှန်၊
- (ဃ) အသက်အတွက် တက္ကသိုလ်ဝင်လက်မှတ်မိတ္တူမှန် (သို့မဟုတ်) အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူမှန် (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်)
- (င) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်နှင့် ဓါတ်ပုံ (၁) ပုံ၊
- (စ) ဝန်ထမ်းမဟုတ်သူများအတွက် ပြန်တမ်းဝင်အရာရှိ တစ်ဦးထံမှ (၁၈-၁၀-၂၀၂၂) ရက်နေ့ နောက်ပိုင်းရရှိသည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
- (ဆ) ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား မိတ္တူမှန်တို့ ပူးတွဲပါရှိရမည်။

၆။ လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။ လျှောက်လွှာပုံစံများကို တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၌ စာမေးပွဲ ဝင်ကြေးငွေ ပေးသွင်းပြီးဖြစ်ကြောင်း ဘဏ်ငွေလွှဲလက်မှတ် (သို့မဟုတ်) ချလန်ကိုပြသ၍ လျှောက်လွှာတစ်စောင်လျှင် ၁၀၀၀ ကျပ်နှုန်းဖြင့် ဝန်ထမ်းဖြစ်ပါက (၂) စောင်နှင့် ဝန်ထမ်း မဟုတ်သူများ (၁) စောင် ဝယ်ယူဖြည့်သွင်းလျှောက်ထားရပါမည်။

၇။ (က) ဝန်ထမ်းများသည်လျှောက်လွှာ (၁) စောင်ကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။ ကျန်လျှောက်လွှာ (၁) စောင်ကို မိမိတို့တာဝန်ထမ်းဆောင်သည့် ဌာနဆိုင်ရာအကြီးအကဲမှ တစ်ဆင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။

(ခ) ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို မိမိတို့ဝယ်ယူသည့် တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များတွင် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့ အရောက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၈။ ရေးဖြေစာမေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ၂၆-၁၁-၂၀၂၂ နှင့် ၂၇-၁၁-၂၀၂၂ ရက်နေ့တို့တွင် ဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုခွင့်လက်မှတ်များကို ၂၄-၁၁-၂၀၂၂ နှင့် ၂၅-၁၁-၂၀၂၂ ရက်နေ့တို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းပြသ၍ အောက်ပါအတိုင်း လာရောက်ထုတ်ယူရမည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဖြေဆိုခွင့် လက်မှတ်များကို ထုတ်ပေးမည်မဟုတ်ပါ။

**စာမေးပွဲဖြေဆိုခွင့်ကတ်ပြားထုတ်ယူမည့်နေရာ**

| | |
|---|---|
| ကချင်၊ ကယား၊ ချင်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေး၊ ရှမ်း | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် မန္တလေးမြို့ |
| ကရင်၊ တနင်္သာရီ၊ ပဲခူး၊ မွန်၊ ရခိုင်၊ ရန်ကုန်၊ ဧရာဝတီ | တိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ရန်ကုန်မြို့ |

၉။ လျှောက်လွှာနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော စာရွက်စာတမ်း မပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသောရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် သတ်မှတ်ထားသည့် ဆေးအဆင့်နှင့်ပြည့်စုံကြောင်း ဆေးလက်မှတ် တင်ပြနိုင်ရမည်။

၁၁။ ရွေးချယ်ခြင်းခံရပါက အနည်းဆုံး (၇) နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၁၂။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်သော်လည်းကောင်း၊ လူတွေ့စစ်ဆေးရန် လာရောက်သည့်အခါတွင်သော်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## ကချင်ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာနနှင့်ဌာနခွဲများ၊ မိခင်ကလေးကျန်းမာရေးဌာနများ၊ ကျောင်းကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာနများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၂၁-၁၀-၂၀၂၂ရက်
**ပိတ်သိမ်းမည့်ရက်** - ၄-၁၁-၂၀၂၂ရက်/ညနေ ၀၄:၀၀နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်းဖြင့် (၀၇၄-၂၅၂၂၃၄၂/၀၉-၇၇၄၂၂၀၀၄၁) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ရတနာသလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်
## ဒါရိုက်တာအဖွဲ့ဝင်ပြောင်းလဲကြောင်းကြေညာခြင်း

ရတနာသလ္လာအသေးစား ငွေရေးကြေးရေးကုမ္ပဏီလီမိတက်သည် ကုမ္ပဏီ မှတ်ပုံတင်အမှတ် ၁၁၃၉၄၁၂၃၅ ဖြင့်၂-၄-၂၀၁၈ ရက်မှစ၍ ဖွဲ့စည်းခဲ့ပါသည်။ လုပ်ကိုင်ခွင့်လိုင်စင်အမှတ် ၀၂၉၇/၂၀၂၀(အမြဲတမ်း) ဖြင့် လုပ်ငန်းများလုပ်ကိုင်လျက်ရှိပါသည်။ ကုမ္ပဏီတွင် ၁၄-၇-၂၀၂၂ ရက်၌ ပြုလုပ်သော ဒါရိုက်တာအဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်အရ ဒါရိုက်တာအဖွဲ့ဝင်များကို အောက်ပါအတိုင်း ၁၇ -၁၀ -၂၀၂၂ ရက်မှစ၍ ပြောင်းလဲဖွဲ့စည်းလိုက်ပါသည်။

| စဉ် | ယခုဒါရိုက်တာ | ယခင်ဒါရိုက်တာ |
|---|---|---|
| ၁။ | ဦးမောင်မောင်စိုးတင့် | ဦးမောင်မောင်စိုးတင့် |
| ၂။ | ဒေါ်မိုးမိုးစိုး | ဒေါ်မိုးမိုးစိုး |
| ၃။ | ဒေါက်တာစန်းဝင်း | ဒေါက်တာစန်းဝင်း |
| ၄။ | ဦးပြည်စိုး | ဦးပြည်စိုး |
| ၅။ | ဦးအောင်ကျော် | ဦးကျော်ဝေ |
| ၆။ | ဦးကျော်ခိုင်စိုး | |
| ၇။ | ဒေါ်မြင့်မြင့်သန်း | |

**ရတနာသလ္လာအသေးစားငွေရေးကြေးရေးကုမ္ပဏီလီမိတက်(YTM)**
**အမှတ် ၄၄၉ ဘီ၊ အာ ၂ တက္ကသိုလ်ရိပ်သာလမ်းသစ်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

